# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၄၇)




## နိုင်ငံရေးကိစ္စရပ်များ စေ့စပ်ညှိနှိုင်းခြင်းများကို လက်တွေ့ဆောင်ရွက်မည့် ညီလာခံတွင် ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်စေလိုကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြား

စာ ➢ ၄

## ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မှ ကြို့ဆိုပါ၏

စာ ➢ ၆

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁) စတင်ဆောင်ရွက်ခြင်းအခမ်းအနား ကျင်းပ အသက်ရှင်နေသရွေ့ ပညာဆက်လက်ရှာဖွေရမည်ဆိုသည့်စိတ်ဓာတ် မွေးမြူရန်လို

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁) စတင်ဆောင်ရွက်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လာမည့် ငါးနှစ်တာကာလအတွင်း ကျောင်းသားလူငယ်များနှင့် အရွယ်ရောက်သည့်သူများအားလုံး၏ ဘဝတစ်သက်တာ ပညာသင်ယူမှုရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် မြန်မာနိုင်ငံ၏ ပညာရေးစနစ်ကို အဓိကထား ပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ ယင်းပြောင်းလဲခြင်းကို ပညာရေးမှစရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို ချမှတ်ထားပြီး ယင်းစီမံကိန်း အောင်မြင်ရန်အတွက် အဓိကဘာလိုအပ်သလဲဆိုသည်ကို အားလုံးစဉ်းစားရမည်ဖြစ်ပါကြောင်း။

ပညာရရှိရေးတွင် အရေးကြီးဆုံးမှာ သင်ယူချင်စိတ်ပင်ဖြစ်ပါကြောင်း၊ ဆရာဆရာမများ၊ ပညာရေးမူဝါဒများကို ချမှတ်ပြီး အကောင်အထည်ဖော်ဦးဆောင်နေသည့် ပုဂ္ဂိုလ်များအားလုံးက သင်ယူချင်စိတ်များပေါ်လာအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ သင်ယူချင်စိတ် လူငယ်များအကြား ထွန်းကားအောင် လုပ်ဆောင်ရန် သင်ပေးသူများ ကိုယ်တိုင်

*စာမျက်နှာ ၃ ကော်လံ ၁* ❄




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုအားပေးစဉ် (သတင်းစဉ်)


IKBZ Insurance

"ယုံကြည်အားထား IKBZ အာမခံစွမ်းအား"

Hot Line: 01-2307000

မြန်မာ့အလင်း

# မြန်မာ့လုပ်သားတို့၏ လုပ်ငန်းကျွမ်းကျင်မှု

အာဆီယံစီးပွားရေးရပ်မြဲ (ASEAN Economic Community-AEC) ကျင့်သုံးသည့်အခါ အာဆီယံဒေသအတွင်းရှိ နိုင်ငံများမှ ကျွမ်းကျင်လုပ်သားများသည် ကြိုက်နှစ်သက်ရာ အာဆီယံနိုင်ငံတွင် သွားရောက်အလုပ်လုပ်ပိုင်ခွင့်ရှိပါသည်။ မြန်မာကျွမ်းကျင်လုပ်သားများသည် ကြိုက်နှစ်သက်ရာ အာဆီယံနိုင်ငံတွင် သွားရောက် အလုပ်လုပ်ပိုင်ခွင့်ရှိသကဲ့သို့ တခြားအာဆီယံနိုင်ငံများမှ ကျွမ်းကျင်လုပ်သားများသည်လည်း မြန်မာနိုင်ငံ၌ လာရောက်အလုပ်လုပ်ပိုင်ခွင့်ရှိပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးရပ်မြဲ (AEC) ကို အကြောင်းပြု၍ အခွင့်အလမ်းကောင်းများကို ရရှိမည်ဖြစ်သကဲ့သို့ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ရမည်ဖြစ်ပါသည်။

ဤကဲ့သို့သော အခြေအနေမျိုးတွင် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က မြန်မာ့လုပ်သားများ၏ ကျွမ်းကျင်မှုအဆင့်သတ်မှတ်ချက်အားလုံးကို လာမည့်သုံးနှစ်အတွင်း အကောင်အထည်ဖော်မည်ဟု ဆုံးဖြတ်လုပ်ကိုင်နေခြင်းသည် ဝမ်းမြောက်ဝမ်းသာကြိုဆိုရမည့်ကိစ္စရပ် ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နိုင်ရန် အလုပ်အကိုင် ၂၅ မျိုးကို ရွေးချယ်ထားကြောင်း သိရှိရပါသည်။ အဆိုပါ အလုပ်အကိုင် ၂၅ မျိုးတွင် လေအေးပေးစက်တပ်ဆင်သူ၊ ဟိုတယ်ဧည့်ကြိုဝန်ထမ်းနှင့် ကြွေပြားတပ်လုပ်သားကဲ့သို့သော ကျယ်ပြန့်သော အလုပ်သမားထုရှိသည့်လုပ်ငန်းများ ပါဝင်ပါသည်။ အဆိုပါအလုပ်အကိုင် ၂၅ မျိုးမှ ၁၉ မျိုးကို ကျွမ်းကျင်လုပ်သားအဆင့်အထိ သင်တန်းများပို့ချလျက်ရှိကြောင်း သိရှိရပါသည်။

အဆိုပါခြေလှမ်းများကြောင့် မြန်မာ့ကျွမ်းကျင်လုပ်သားများသည် ပြည်တွင်းဈေးကွက်၌သာမက အာဆီယံဒေသတွင်း၌ပါ တခြား အာဆီယံကျွမ်းကျင်လုပ်သားများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်စွမ်းရှိလာမည်ဖြစ်ပါသည်။ မြန်မာ့ကျွမ်းကျင်လုပ်သားများ၌ ဤကဲ့သို့သော ယှဉ်ပြိုင်နိုင်စွမ်းမဖြစ်မနေ လိုအပ်ပါသည်။ မြန်မာ့လုပ်သားများ၌ လိုအပ်သော ကျွမ်းကျင်မှုမရှိပါက မိမိတိုင်းပြည်တွင် နေထိုင်ပါလျက် အလုပ်အကိုင်ရှာဖွေမရသော ဘဝမျိုးကိုရင်ဆိုင်လာရနိုင်ပါသည်။ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များကလည်း ပြောင်းလဲနေသော ကမ္ဘာ့စီးပွားရေးနှင့် နည်းပညာတို့ကို အခြေပြု၍ တိုင်းပြည်အတွက် လိုအပ်သော လုပ်သားကျွမ်းကျင်မှုသင်တန်းများကို စီမံဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

မြန်မာ့လုပ်သားများအနေဖြင့် လိုအပ်သောကျွမ်းကျင်မှုသင်တန်းများကို စိတ်ပါလက်ပါသင်ယူလာရေးအတွက် အာဆီယံစီးပွားရေးရပ်မြဲ (AEC) ကို မူတည်၍ ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်ချက်များကို ယခုထက် ပိုမိုကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်သင့်ပါသည်။

ခြုံငုံတင်ပြရပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့လုပ်သားတို့၏ လုပ်ငန်းကျွမ်းကျင်မှုသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်၍ မြန်မာ့လုပ်သားတို့၏ ကျွမ်းကျင်မှုမြှင့်တင်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ထူးခြားသည့်ညအပူချိန်များမှာ နမ့်စန်မြို့၌ ၆ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် မိုင်းယန်းမြို့တို့၌ ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့၌ ၀ ဒသမ ၈၇ လက်မနှင့်ပူတာအိုမြို့၌ ၀ ဒသမ ၃၅ လက်မတို့ ဖြစ်ကြသည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်ယနေ့ အများအားဖြင့်သာယာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

(မိုး/ဇလ)

# ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလှည့်ပတ်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေသည့် ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Urban Ahlin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

ညပိုင်းတွင် ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌမှ Hilton ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လွှတ်တော်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအောင်ပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးခရိုင်လုံးကျွတ် အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုအောင်ပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများ၊ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းတွင် လုပ်အားဒါနကူညီခဲ့ကြသည့် ကြီးကြပ် ဆရာ ဆရာမများ၊ ဒေသန္တရဆရာဆရာမများနှင့် စေတနာအလျောက်ပါဝင်လုပ်အားပေးခဲ့သည့် ဒေသခံ စေတနာရှင် လုပ်အားပေးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီနာယက၊ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး အခြေခံ စာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှု ဗဟိုကော်မတီအတွင်းရေးမှူး၊ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်ထွန်းက အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ထို့နောက် ခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လူမှုရေးဝန်ကြီးက အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းတွင် လုပ်အားဒါနကူညီခဲ့ကြသည့် ကြီးကြပ်ဆရာ ဆရာမများ၊ ဒေသန္တရ ဆရာ ဆရာမများနှင့် စေတနာရှင် လုပ်အားပေးများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို သက်ဆိုင်ရာမြို့နယ်ကိုယ်စားလှယ်များထံသို့ ပေးအပ်ခဲ့သည်။

**(ပညာရေး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၃-၂-၂၀၁၇

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၁၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၆၈/၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၈၃/၆၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၅/၇၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၉၀/၆၉၁ ကျပ် |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ · ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၈ · ၇၆ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၈၄၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၃၀ |
| တရုတ် | တစ်ယွမ် | ၁၉၇ · ၆၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ · ၁၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) စတင်ဆောင်ရွက်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

❄ *ရှေ့ဖုံးမှ*

သင်ယူချင်စိတ်ရှိရန် လိုပါကြောင်း၊ တစ်သက်တာ ဆက်ပြီး သင်ယူနေရမည်ဖြစ်ပါကြောင်း၊ မိမိတို့ တစ်သက်တာ သင်ယူနိုင်သည့်စိတ်ဓာတ်၊ သင်ယူချင်သည့်စိတ်ဓာတ်ကို သင်ပေးသူများတွင် ရှိရမည်ဖြစ်ပါကြောင်း၊ သို့မှသာ သင်ကြားခံရသူများကိုယ်တိုင်လည်း အလားတူစိတ်ဓာတ်များ ပွားများလာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မည်သို့သော စီမံကိန်းများရေးဆွဲ၊ ရေးဆွဲအောင်မြင်ရန်အတွက် ပါဝင်သူအားလုံးက အောင်မြင်မှုကို ဦးတည်နိုင်ရန် လိုပါကြောင်း။

**နှိမ့်ချခြင်းမှစတင်**

ပညာရေးစီမံကိန်းများကို ဦးဆောင်ပြီး အကောင်အထည်ဖော်သူအားလုံးသည် မိမိတို့ကိုယ်တိုင် သင်ယူစရာ အများကြီးရှိသေးသည်ဆိုသည့် စိတ်ဓာတ်မွေးမြူရန် အလွန်အရေးကြီးပါကြောင်း၊ အားလုံးတတ်ပြီ ၊ အားလုံးသိပြီဟုထင်သည့် ပုဂ္ဂိုလ်များသည် မည်သို့မျှဆက်ပြီး သင်ယူ၍ရမည်မဟုတ်ပါကြောင်း၊

**ပံ့ပိုးပေးသွားရန် အရေးကြီး**

သိစရာရှိသည့်ကိစ္စများကို သိအောင်လုပ်နိုင်သော အရည်အချင်းရှိသည်ဆိုသည့် ယုံကြည်မှုလည်းရှိအောင် လုပ်ရန်လိုပါကြောင်း၊ ကလေးသူငယ်များသည် သိစရာအများကြီးရှိသေးသည်ဆိုသော စိတ်ဓာတ်ရှိပါကြောင်း၊ သို့သော် ထိုကလေးများ၏ သိချင်တတ်ချင်သည့် စိတ်ဓာတ်ကို လူကြီးများက အားမပေးလျှင်၊ သင်ပေးသူ ဆရာ ဆရာမများက အားမပေးလျှင် သင်ယူချင်သည့် စိတ်ဓာတ်သည် ဖွံ့ဖြိုးနိုင်မည် မဟုတ်ပါကြောင်း၊ လူကြီးများ၏ အဓိကပြဿနာမှာ သင်ယူချင်စိတ်မရှိတော့ခြင်းပင်ဖြစ်ပါကြောင်း၊ ပြည့်စုံသွားပြီဟုထင်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဘယ်တော့မှ ပညာပြည့်စုံသည်ဟု မရှိနိုင်ပါကြောင်း၊ တစ်သက်တာ အသက်ရှင်နေသရွေ့ ပညာဆက်လက်ရှာဖွေရမည်ဆိုသည့် စိတ်ဓာတ်မွေးမြူရန်လိုပါကြောင်း၊ မိမိတို့အားလုံး ပညာသင်ယူရမည်၊ ဆက်ပြီးသင်ယူရမည်၊ ပညာသင်ချင်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အထိမ်းအမှတ်လက်ဆောင်ပေးအပ်စဉ် (သတင်းစဉ်)

ကိုယ်တိုင်တတ်ချင်၊ သင်ချင်သည့် ဆရာဆရာမများ၊ ဤစီမံကိန်းများကို ဦးဆောင်သူ ပုဂ္ဂိုလ်များကသာလျှင် ပညာရှာသည့် နိုင်ငံသူ နိုင်ငံသားများ သင်ယူချင်အောင် လမ်းပြနိုင်မည်ဖြစ်ပါကြောင်း၊ သင်ယူချင်သည့်စိတ်ဓာတ်က ဘယ်ကစသလဲဆိုလျှင် မိမိမှာ သိစရာအများကြီးရှိသေးသည်ဆိုသည့် နှိမ့်ချခြင်းမှ စတင်ပါကြောင်း။

သည်၊ ဘယ်လိုသင်ယူရမည် ဆိုသည့် အချက်များကို သေချာနားလည်မည်ဆိုလျှင် နိုင်ငံ၏ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းသည် ကျောင်းသားများ၊ လူငယ်များနှင့် အရွယ်ရောက်သူများ၏ ဘဝတစ်သက်တာ ပညာသင်ယူမှု၊ ပညာသင်ယူသွားရန်မှာ ခက်ခဲတော့မည် မဟုတ်ပါကြောင်း၊ နိုင်ငံတော်က ဦးဆောင်ပြီးလုပ်ရမည်မှာ မှန်ပါကြောင်း၊ နိုင်ငံတော်က ဦးဆောင်ပြီး လုပ်သည့်အခါ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာအရ တတ်နိုင်သမျှ ပံ့ပိုးပေးသွားရန် အရေးကြီးပါကြောင်း။

**နားလည်မှုများဖြင့်ကူညီ**

ဆရာ ဆရာမများသည် ကိုယ့်ကိုယ်ကိုယ် သင်ယူခြင်းအားဖြင့် မိမိတို့နိုင်ငံရှိ ကလေးသူငယ်များရော၊ အရွယ်ရောက်ပြီးသော်လည်း ဆက်ပြီးပညာရှာချင်သည့် နိုင်ငံသူ နိုင်ငံသားများအားလုံး ဆက်ပြီး ပညာရှာနိုင်ရန်၊ ပညာရှာသည့် အခါတွင်လည်း ထိထိရောက်ရောက် သင်ယူထိုက်သည့်ကိစ္စများကို သင်ယူနိုင်ရန် အားလုံးပံ့ပိုးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း၊ မိမိတို့ကို ကူညီနေသည့် မိတ်ဆွေများလည်း အလားတူအမြင်များနှင့် အလားတူ နားလည်မှုများဖြင့် ကူညီလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

မိမိတို့ကိုယ်တိုင်လည်း ဒီနိုင်ငံရောက်လာသည့်အခါ ဒီနိုင်ငံအကြောင်း၊ ဒီနိုင်ငံ၏ လိုအပ်ချက်များ၊ ဒီနိုင်ငံမှ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို နားလည်သင်ယူပြီးမှ မိမိတို့နိုင်ငံ၏အကျိုးကို ထိထိရောက်ရောက်သယ်ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဒီလို ထိထိရောက်ရောက် သယ်ပိုးပေးချင်သည့် စေတနာလည်း မိမိတို့မိတ်ဆွေများတွင်လည်း ရှိသည်ဟု ယုံကြည်ပါကြောင်း။

**ဆန္ဒပြု**

မိမိတို့နိုင်ငံ တိုးတက်ရေးအတွက် အဓိကကျသည့် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ပြီး မိမိတို့နိုင်ငံ ပညာရေးအဆင့်မြင့်ရန်အတွက် နိုင်ငံသူ နိုင်ငံသားများသည် မိမိတို့ သင်ယူရန်လိုသည်ဆိုသည့် စိတ်ဓာတ်ဖြင့် သင်ယူ၍ရသည်ဆိုသည့် ယုံကြည်ချက် မိမိတို့နိုင်ငံ၏ နောင်မျိုးဆက် အဆက်ဆက်အကျိုးရှိရန်အတွက် ဆောင်ရွက်သွားကြမည်ဟု ဆုမွန်ကောင်းတောင်းရင်း ဆန္ဒပြုပါကြောင်း ပြောကြားသည်။

**လက်ဆောင်ပစ္စည်းပေးအပ်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)စတင်ဆောင်ရွက်ခြင်း အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။

**စမ်းသပ်တီထွင်မှုများဖြစ်ထွန်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)၏ ရည်မှန်းချက်ပန်းတိုင်သည် ကျောင်းများ၏ ပညာသင်ယူရာဌာန အားလုံးတွင် ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုများ သိသာထင်ရှားစွာ တိုးတက်လာရေးကို ဦးတည်ပြီး ပိုမိုတိုးတက်ကောင်းမွန်သည့် သင်ကြားသင်ယူမှု၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ သုတေသနနှင့် စမ်းသပ်တီထွင်မှုများ ဖြစ်ထွန်းလာစေရေးဖြစ်ကြောင်း ပြောကြားသည်။

**ပညာရေးပူးပေါင်းဆောင်ရွက်**

ဆက်လက်၍ ပညာရေးဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး မစ္စတာ Nicholas Copple က အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း(၂၀၁၆-၂၀၂၁)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပညာရေးဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ ကိုယ်စား UNICEF ဌာနေကိုယ်စားလှယ် Betrand Bainvel က ပညာရေး ပူးပေါင်းဆောင်ရွက်မှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းမှ တာဝန်ရှိသူများနှင့် စုပေါင်းဓာတ်ပုံရိုက်ကြပြီး အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုအားပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်များမှ ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ သုံးခွမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်၊ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီဝင်များ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီဝင်များ၊ နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသား ပညာရေးမဟာဗျူဟာစီမံကိန်း ရေးဆွဲကြသော ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

# နိုင်ငံရေးကိစ္စရပ်များ စေ့စပ်ညှိနှိုင်းခြင်းများကို လက်တွေ့ဆောင်ရွက်မည့် ညီလာခံတွင် ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်စေလိုကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။

**အမှာစကားပြောကြား**

အစည်းအဝေးမစတင်မီ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အတွက် UN Platform ဖြင့် ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြခြင်း အစီအစဉ်တွင် အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ Country Director Mr. Peter Bachelor က ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အား UN Platform ဖြင့် ပံ့ပိုးကူညီသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ကုလသမဂ္ဂ ပံ့ပိုးကူညီမှုများနှင့် ပတ်သက်၍တက်ရောက်လာကြသူများက အပြန်အလှန် သိရှိလိုသည်များကို အကျယ်တဝင့်ဆွေးနွေးကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

**သဘောတူသတ်မှတ်**

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြီးခဲ့သည့် JCB အစည်းအဝေးတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရန်ပုံငွေခွဲဝေသုံးစွဲရန်အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကဏ္ဍ၊ စေ့စပ်ညှိနှိုင်းရေးနှင့် တွေ့ဆုံဆွေးနွေးရေးကဏ္ဍ၊ ငြိမ်းချမ်းရေးအထောက်အကူပြု ဖွံ့ဖြိုးရေးကဏ္ဍ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကဏ္ဍတို့ကို ဦးစားပေးကဏ္ဍကြီး (၄)ရပ်အဖြစ် သဘောတူသတ်မှတ်နိုင်ခဲ့ပါကြောင်း၊

ဆက်လက်၍ လုပ်ငန်းအဖွဲ့အစည်းအဝေးများ ခေါ်ယူကျင်းပခဲ့ပြီး JCB မှ သတ်မှတ်သည့် အခြေခံနှုန်းထား (JCB Rate) များကို မူအဖြစ်သတ်မှတ်ပေးနိုင်ခဲ့ပါကြောင်း၊ တစ်ဖွဲ့လျှင် နှုန်းထားတစ်မျိုးစီ အမျိုးမျိုးမဖြစ်စေရန် အခြေခံအဖြစ် သတ်မှတ်ထားခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယင်း JCB Rate နှုန်းထားများအတိုင်း အစုအဖွဲ့များက သုံးစွဲကြရန်ဖြစ်ပါကြောင်း။

ထို့ပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(EAOs) ဘက်မှ ရန်ကုန်မြို့တွင် ငှားရမ်းစရိတ်မြင့်မားနေသဖြင့် အစိုးရဘက်မှ နေရာထိုင်ခင်းစီစဉ်ပေးရန် တင်ပြခဲ့ပါကြောင်း၊ ယင်းတင်ပြမှုအပေါ် JMC ရုံးဟောင်းနေရာ၊ NRPC ရန်ကုန်ရုံးနှင့် တစ်ဆက်တည်း တည်ရှိသည့် အဆောက်အအုံအမှတ်(၆)ကို EAOs Office အဖြစ် ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ NCA လက်မှတ်ရေးထိုးပြီး အဖွဲ့များတိုးလာပါကလည်း အဆိုပါရုံးတွင် နေရာချထားပေးမည်ဖြစ်ပါကြောင်း။

**မူဝါဒချမှတ်ထား**

နေပြည်တော် NRPC ရုံးနှင့် ကပ်လျက်ရှိသော အဆောက်အအုံနှစ်ခုကို JMC ရုံးနှင့် UPDJC ရုံးအဖြစ် ဖွဲ့စည်းဆောင်ရွက်ရန်လည်း မူဝါဒချမှတ်ထားပြီးဖြစ်ပါကြောင်း၊ နောင်လာမည့် JCB အစည်းအဝေးတွင် သက်ဆိုင်ရာအဖွဲ့အစည်းများက ဘတ်ဂျက်တွက်ချက်တင်ပြရန်ဖြစ်ပါကြောင်း။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ထို့အတူ တိုင်းရင်းသားဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ယနေ့ အစည်းအဝေးတွင် EAOs ဘက်မှ ဦးစားပေးကဏ္ဍကြီး(၄)ရပ်နှင့်အညီ အဆိုပြုတင်ပြကြရန်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေအရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းထားပြီး ဥပဒေပါအတိုင်း အခွင့်အရေးများ မြှင့်တင်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

JCB စတင် ဖွဲ့စည်းစဉ်ကပင် လက်မှတ်ထိုးထားသော အဖွဲ့များသာမက လက်မှတ်ရေးထိုးခြင်းမရှိသေးသော အဖွဲ့များကိုပါ ထည့်သွင်းဖွဲ့စည်းဆောင်ရွက်ထားပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးမှာ အခြေခံအုတ်မြစ်ခိုင်မာရန် အရေးကြီးကြောင်း၊ အုတ်မြစ်ခိုင်မာမှ ရေရှည်ရှင်သန်နိုင်မည်ဖြစ်ကြောင်း၊ JCB အပါအဝင် ဆောင်ရွက်နေသည့် ကိစ္စရပ်များမှာ ငြိမ်းချမ်းရေးဖြစ်စဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း၊ တစ်ဖက်တွင် ပဋိပက္ခများလျှော့ချနိုင်ရန် ဆွေးနွေးညှိနှိုင်းသွားရမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း ဒေသခံများ၏ အကျိုးစီးပွားကို အတတ်နိုင်ဆုံးစောင့်ရှောက်မြှင့်တင်သွားနိုင်ရန် နှစ်လမ်းသွားနည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)အတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းနှင့် UNFC ၏ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ အဖွဲ့ဝင် နိုင်အောင်မငေးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**တာဝန်ရှိသူများက ရှင်းလင်း**

ဆက်လက်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC)တို့က ရန်ပုံငွေလိုအပ်မှု အဆိုပြုချက်များကို လည်းကောင်း၊ NCA လက်မှတ်ရေးထိုးပြီး အဖွဲ့များ၏ ရန်ပုံငွေအဆိုပြုချက် CT Proposal အားလည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းအဆိုပြုချက်များကို လည်းကောင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၏ ကုန်ကျစရိတ်များကို NRPC မှ ကျခံရေးကိစ္စများကိုလည်းကောင်း တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြချက်များအပေါ် အကြံပြုဝိုင်းဝန်းဆွေးနွေးကြသည်။

ဆွေးနွေးညှိနှိုင်းမှု ရလဒ်များအပေါ် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားသည်။

**ညှိနှိုင်းအဖြေရှာ**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိဂုံးချုပ်ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ် Peace Process တွင် အားလုံးပူးပေါင်းပါဝင်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများတွင် NCA လက်မှတ်ရေးထိုးပြီးသူများနှင့် လက်မှတ်မထိုးရသေးသူများ ကွဲပြားလျက်ရှိကြောင်း၊ တတ်နိုင်သမျှ ခွဲခြားဆက်ဆံခြင်းမပြုကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ အပြည့်အဝ ပါဝင်နိုင်သည်မှာ (၂၁)ရာစုပင်လုံ ညီလာခံသာဖြစ်ကြောင်း၊ နိုင်ငံရေးကိစ္စရပ်များကို စေ့စပ်ညှိနှိုင်းခြင်းများကို လက်တွေ့ဆောင်ရွက်မည့် ညီလာခံတွင် ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်စေလိုကြောင်း၊ ယနေ့ အစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း ငြင်းကြခုံကြ ဆွေးနွေးခဲ့ကြ၍ တက်ရောက်ကြသူအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုလုံးတွင် အားလုံးရင်းရင်းနှီးနှီး ငြင်းခုံခြင်းဖြင့် ညှိနှိုင်းအဖြေရှာသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးထွန်းထွန်းဦး၊ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်ရီလာနန်ထောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောတင်ဝင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ပဒိုစောကွယ်ထူးဝင်း (KNU အထွေထွေအတွင်းရေးမှူး)၊ ဦးခွန်ဥက္ကာ (PNLO ဦးဆောင်နာယက)၊ NCA လက်မှတ်ရေးထိုးခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ဝင် နိုင်အောင်မငေး၊ ခူးပလူးရယ်နှင့် ဦးထွန်းဇော်၊ အကြံပေး ဒေါ်ခေါင်နန်း၊ ဦးစံလော့ (“ဝ”အထူးဒေသ(၂) ပြည်ပဆက်ဆံရေးဌာနမှူး)၊ ဦးခမ်းမောင် (အထူးဒေသ(၄)မိုင်းလား၊ ငြိမ်းချမ်းရေးနှင့် စည်းရုံးရေးကော်မတီ)တို့ တက်ရောက်ကြသည်။



ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးကျင်းပစဉ် (သတင်းစဉ်)

**ယနေ့ကျင်းပသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များရန်ပုံငွေဆိုင်ရာ ပေါင်းစပ် ညှိနှိုင်းအစည်းအဝေးတွင် အောက်ပါအချက်များကို သဘောတူဆုံးဖြတ်နိုင်ခဲ့သည်။**

**(၁) အထူးကိစ္စရပ်အနေဖြင့် JCB ဖွဲ့စည်းမှုတွင် အစိုးရဘက်မှ ၁၀ ဦး (ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ကိုးဦး)၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ ၁၀ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းပြီး JCB လုပ်ငန်းလမ်းညွှန်တွင်လည်း ယင်းဖွဲ့စည်းမှုအတိုင်း ပြင်ဆင်ရန်၊**

**(၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန NRPC ၏ အဆိုပြုတင်ပြချက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းကို ခွင့်ပြုရန်၊**

**(၃) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အား UN Platform ဖြင့် ပံ့ပိုးကူညီခွင့်ပြုရန်၊ JMC အတွက် လိုအပ်ချက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်းနှင့် JMC အတွက် ထောက်ပံ့ကူညီမှုများ ရှာဖွေရာတွင် Single Channel မထားဘဲ ဆောင်ရွက်ရန်၊**

**(၄) NCA လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ CT Office အတွက် လိုအပ်ချက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်း ခွင့်ပြုရန်၊**

**(၅) ငြိမ်းချမ်းရေး အထောက်အကူပြု ဖွံ့ဖြိုးရေးကဏ္ဍအတွက် ထောက်ပံ့ကူညီ မှုများ ဆောင်ရွက်နိုင်ရန်အတွက် JCB မှ တာဝန်ယူဆောင်ရွက်ရန်၊ ဆောင်ရွက်မည့်အစီအစဉ်ကို နှစ်ဖက် ကိုယ်စားလှယ်များအကြား ကြိုတင်ဆွေးနွေးပြီး JCB အစည်းအဝေးသို့ ပြန်လည်တင်ပြရန်၊**

**(၆) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်းအတွက် NRPC မှ ခွင့်ပြုရန်ပုံငွေကို အမြင့်ဆုံးနှုန်းထား ငွေကျပ် သိန်း ၆၀၀ သတ်မှတ်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရာ၌ တစ်နေရာနှင့်တစ်နေရာ အသုံးစရိတ်ရန်ပုံငွေပေါ်မူတည်၍ အဆင့်အတန်းကွာဟမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်တို့ ဖြစ်သည်။**

(သတင်းစဉ်)

## ပိုးသတ်ဆေးအကြောင်း အသိပညာပေးဆွေးနွေး

**ရွှေတောင် ဖေဖော်ဝါရီ ၂၃** - ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ပိုးသတ်ဆေးသုံးစွဲမှု အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ တတိယပတ်က မြို့နယ်ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန နှင့် တိ/မွေးကုဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး မှူး ဒေါ်မူမူတင်က လူမှုအခြေပြုဗဟိုဌာနနှင့် လူမှုအခြေပြုစာကြည့်တိုက်အဖြစ် အဆင့်မြှင့်တင်မှုလုပ်ငန်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းသန်း၊ ကျန်းမာရေးမှူး ကိုကိုကြီးနှင့် တိ/မွေးကုဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းကိုတို့က ပိုးသတ်ဆေးအန္တရာယ်၊ စီးပွားဖြစ်တိရစ္ဆာန်မွေးမြူရေးအကြောင်း သိကောင်းစရာများကို အသေးစိတ်ဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။

**မဆင့်(ပြန်/ဆက်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး၊ အမေရိကန်သံအမတ်ကြီးနှင့် ဗြိတိန်သံရုံး ဒုတိယအကြီးအကဲတို့အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သံအမတ်ကြီးများနှင့် သံရုံးဒုတိယအကြီးအကဲတို့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး၊ အမေရိကန်သံအမတ်ကြီးနှင့် ဗြိတိန်သံရုံး ဒုတိယအကြီးအကဲတို့ကို လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်တွင် ရခိုင်ပြည်နယ်နှင့်စပ်လျဉ်းသော ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများအပေါ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**ဖေဖော်ဝါရီ ၂၃ ရက်က မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၃၃)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ညစာ်ခံပွဲ အခမ်းအနားတက်ရောက်လာကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဇနီး ဒေါ်ခင်သီတာတို့အား မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး H.E. Pehin Dato Abdu'r Rahmani Dato Basir ကြိုဆိုနှုတ်ဆက်စဉ်** (သတင်းစဉ်)

◆ *ကျော့ဖုံးမှ*

အဆိုပါ မြိုင်ကြီးဒီရေတောပင်သည် အမြင့်ပေ ၃၀ မှ ၄၀ ဝန်းကျင်အထိရှိပြီး ကမ္ဘာပေါ်တွင် အကြီးဆုံးဟု ယူဆရသော မြိုင်ကြီးပင်သည် ဂွမြို့နယ်နှင့် ကျိန်စီမြို့နယ်ကြားတွင်ရှိကြောင်း သိရသည်။

"မြိုင်ကြီးပင်က အမြင့်ပေ ၄၀ ကျော်အထိ ကြီးထွားနိုင်ပြီး သူ့ရဲ့သက်တမ်းကတော့ အနှစ် ၅၀၊ ၆၀ ထက် မနည်းရှည်တယ်လို့ ခန့်မှန်းရတယ်။ ဘာကြောင့်လဲဆိုတော့ ဂွမြို့နယ်အတွင်းမှာ ပေါက်နေတဲ့ သာမန်နေရာတွေမှာ တွေ့ရတာက သက်တမ်း ၃၀ ကျော်အပင်တွေကို ခုတ်လှဲပြီးတော့ တချို့ဆို အမြစ်ကျန်ခဲ့တာတွေ သွားတွေ့ရပါတယ်။ သက်တမ်းကတော့ ဘယ်လောက်အထိရှည်တယ်ဆိုတာကို အတိအကျ မသိရပေမယ့် သက်တမ်း ၄၀ ကျော်၊ ၅၀ ကျော်ရှည်တယ်လို့ ယူဆရပါတယ်။ ကမ္ဘာမှာ အကြီးဆုံး အပင်လို့ဆိုတဲ့ မြိုင်ကြီး ဒီရေတောပင်က ပြောပုံအရဆိုရင် လူသုံးလေးဦးလောက် ဖက်လို့ရတယ်လို့ သွားရောက်ကြည့်တဲ့သူတွေဆီကနေတစ်ဆင့် သိရတယ်"ဟု ဦးညွန့်ဝေက ပြောသည်။



**ရှားပါးဒီရေတောပင်တစ်မျိုးဖြစ်သည့်မြိုင်ကြီးပင်ကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်** (ဓာတ်ပုံ-ငါးလုပ်ငန်း)

## ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃/၂၀၁၇**
**၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)**

**ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးရာထူးမှနုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးမင်းမင်းဦးကို မိမိသဘောဆန္ဒအလျောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၄/၂၀၁၇**
**၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)**

**ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း**

ကယားပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မျိုးတင်ကို စစ်ဘက်မူလတာဝန်များပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါပြဋ္ဌာန်းချက်များအရ အမှတ် (၁၄)တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ ဗိုလ်မှူးကြီးမြင့်ဝေကို ကယားပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ကျော်ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## သံအမတ်ကြီး ဦးစံလွင်အား အယ်လ်ဘေးနီးယား သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးစံလွင်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် အယ်လ်ဘေးနီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မှ ကြုံဆိုပါ၏

**ကိုဦး**

**မြန်မာနိုင်ငံအတွင်းသာမက ကမ္ဘာသို့တိုင်အောင် ထင်ရှားကျော်စောသောဘုရား၊ စေတီတော်များအနက် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်နှင့် ပတ်သက်၍ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအပါအဝင် ဩဇာတိက္ကမကြီးမားသောဆရာတော်ကြီးများ၊ ဗုဒ္ဓဘာသာဝင်ပြည်သူများက ဂေါပကအဖွဲ့၏စီမံဆောင်ရွက်မှုများကို ဝေဖန်ပြောဆိုခဲ့ကြပြီး ဘုရားဖူးပြည်သူများ ကြည်ညိုသဒ္ဓါတိုးပွားစေရေး စီးပွားရေးဆန်သော ကန်ထရိုက်စနစ်များကို ပြုပြင်ဆောင်ရွက်ရေးတို့ကိုလိုလားကြောင်း ထောက်ပြခဲ့ကြပါသည်။**

ထို့ကြောင့် ကျိုက်ထီးရိုးစေတီတော်ဝတ္တကမြေအတွင်း စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်မှုမရှိသည့် စီးပွားရေးလုပ်ငန်းများကို တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေးတို့အတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်၍ စီမံဆောင်ရွက်ခဲ့ပါသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဩဝါဒါစရိယအဖွဲ့ကို ၁၁ ပါးဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး ဂေါပအဖွဲ့ဟောင်းကိုဖျက်သိမ်း၍ အင်ဂျင်နီယာ၊ ဆရာဝန်၊ စာရင်းအင်းပညာရှင်၊ ဥပဒေပညာရှင် စသည့်ပုဂ္ဂိုလ်များပါဝင်သော ယာယီဂေါပကအဖွဲ့ကို အဖွဲ့ဝင် ၁၅ ဦးတို့ဖြင့် ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါသည်။

ခေတ်ကာလနှင့်မညီသော ဂေါပကစည်းမျဉ်းကိုလည်း ပြင်ဆင်ရေးဆွဲပြီး တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂(၁)(ဧ) အရ တရားစွဲဆိုရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်ပေးပို့ထားပြီး ဖြစ်ပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တရားစွဲဆိုခွင့်ပြုမိန့်ရရှိပါက ဂေါပကစည်းမျဉ်းသစ်ကို မွန်ပြည်နယ် တရားလွှတ်တော်ချုပ်ရုံး၌ တရားစွဲဆိုအတည်ပြုသွားမည်ဖြစ်ပါသည်။ ဂေါပအဖွဲ့ကိုလည်း အဆိုပါဂေါပကစည်းမျဉ်းနှင့်အညီ ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။

ယခုအခါ ရွှေသင်္ကန်းကန်ထရိုက်လုပ်ငန်း၊ အလှူခံပုံး စသည့် ကန်ထရိုက်စာချုပ်စနစ်များကို ပယ်ဖျက်၍ ဘက်စုံပဒေသာပင် အလှူခံဌာနတစ်ခုတည်းသာ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ရင်ပြင်တော်ရှိ တည်းခိုဆောင် ကန်ထရိုက်စနစ်ကိုလည်းပယ်ဖျက်၍ ဂေါပကအဖွဲ့က တိုက်ရိုက်စီမံ ဆောင်ရွက်ကာ ဘုရားဖူးပြည်သူများ စိတ်နှလုံးချမ်းမြေ့စွာ ဘုရားဖူးနိုင်ရေးအတွက် အခမဲ့တည်းခိုနိုင်ရေးနှင့်သက်သာသောနှုန်းထားဖြင့် တည်းခိုနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ စီးပွားရေးဆန်သော အနှစ် ၂၀၊



အနှစ် ၃၀ ရေရှည်ကန်ထရိုက်စာချုပ်ပေါင်း ၁၄ မျိုးကိုလည်း ပယ်ဖျက်ခဲ့ပါသည်။

ကျိုက်ထီးရိုးစေတီတော်ရင်ပြင်တော်ရှိ တိသဓမ္မာရုံ (ပထမထပ်)၊ ဆီမီး( ၉၀၀၀ )ဓမ္မာရုံစသည်တို့ရှိ အခန်း ၂၉ ခန်းတွင် ဘုရားဖူး ၁၂၆၇ ဦးတို့အား ဘုရားဖူးရဟန်း၊ ရှင်၊ လူ၊ ပြည်သူအများ အခမဲ့တည်းခိုနိုင်ရေးနှင့် တိသဓမ္မာရုံ(ဒုတိယ၊ တတိယ၊ စတုတ္ထထပ်)၊ ပေ ၄၀ ဓမ္မာရုံ စသည့်ဓမ္မာရုံများနှင့် တည်းခိုဆောင်တို့ရှိ အခန်း ၃၇၃ ခန်းတွင် ဘုရားဖူး ၁၄၄၀ တို့အားအခပေး တည်းခိုနိုင်ရေးတို့ကို စီမံဆောင်ရွက်ပေးခဲ့ပါသည်။ အခပေး တည်းခိုဆောင်များတွင် တည်းခိုရာတွင်လည်း Air-con၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်များဝန်ဆောင်မှုပေး၍ တစ်ယောက်လျှင် ငွေကျပ် ၅၀၀၀၊ ၁၀၀၀၀၊ ၁၅၀၀၀ စသည်ဖြင့် ယခင်နှုန်းထားများ ထက်များစွာ လျော့နည်းသက်သာသောနှုန်းထားများ သတ်မှတ်၍ တည်းခိုနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါသည်။

ယခင်နှစ် တောင်တော်ဖွင့်ပွဲတွင် အလှူငွေကျပ် ၁၂၇ သိန်းရရှိခဲ့ပြီး ယခုနှစ်တောင်တော်ဖွင့်ပွဲတွင် အလှူတော်ငွေကျပ် ၈၄၄ သိန်း ရရှိခဲ့ပါသည်။ ယခင်နှစ် ရွှေဆိုင်းအရောင်းလုပ်ငန်းအား ကန်ထရိုက်စနစ်ကျင့်သုံးစဉ်က လေလံကြေးတစ်နှစ်စာ ၆၃၈၁၄၀၇၇ (၆၃၈ သိန်းကျော်)ရရှိခဲ့ပါသည်။ ယခုနှစ် ဂေါပကအဖွဲ့သစ်၏ကြီးကြပ်မှုဖြင့် ရွှေဆိုင်းရောင်းချခဲ့ရာ ၁၆-၁၀-၂၀၁၆ ရက်မှ ၁၅-၂-၂၀၁၇ ရက်အထိ လေးလတာကာလမှာပင် ကျပ် ၂၇၈၄၆၂၅၀၀ (၂၇၈၄ သိန်းကျော်) ရရှိခဲ့သောကြောင့် ကျပ် ၂၁၄၆ သိန်းကျော် ပိုမိုရရှိခဲ့ပါသည်။

ရင်ပြင်တော်အလှူခံပုံးများတွင် ယခင်နှစ်က တစ်နှစ်စာ ငွေကျပ် ၄၀၈ သိန်းရရှိခဲ့ပြီး ယခုနှစ် လေးလတာကာလမှာပင် ၂၇၈၄၆၂၅၀၀ (၂၇၈၄ သိန်းကျော်) ရရှိခဲ့သောကြောင့် ကျပ် ၂၃၇၆ သိန်းကျော် ပိုမိုရရှိခဲ့ပါသည်။ ဆည်းလည်းအရောင်းလုပ်ငန်းကို ကန်ထရိုက်စနစ်ကျင့်သုံးခဲ့စဉ်က တစ်နှစ်စာ ၁၆၇၄၁၂၅၂ ကျပ်(၁၆၇ သိန်းကျော်) ရရှိခဲ့ပါသည်။ ယခုနှစ် ဂေါပကအဖွဲ့၏ကြီးကြပ်မှုဖြင့်ရောင်းချခဲ့ရာ လေးလတာကာလမှာပင် အမြတ်ငွေကျပ် ၁၃၉၅ သိန်းကျော်ရရှိခဲ့သောကြောင့် ကျပ် ၁၂၂၈ သိန်းကျော် ပိုမိုရရှိခဲ့ပါသည်။

၂၆-၉-၂၀၁၆ ရက်တွင် ဂေါပကအဖွဲ့ဟောင်းမှ ဂေါပကအဖွဲ့သစ်သို့ လွှဲပြောင်းပေးသည့်စေတီတော်ကြီး၏ ဘဏ္ဍာတော်ငွေမှာ ၁၆၁၁၃၀၄၆၂၆ ကျပ်(၁ ဒသမ ၆ ဘီလီယံကျော်) ရှိခဲ့ပါသည်။ ဂေါပကအဖွဲ့သစ် စတင်တာဝန်ယူချိန်မှစ၍ လေးလတာကာလအတွင်း ဘဏ္ဍာတော်ငွေမှာ ၃၇၆၇၅၇၅၃၅၈ ကျပ် (၃ ဒသမ ၇ ဘီလီယံကျော်)နှင့် အမေရိကန်ဒေါ်လာ ၆၈၁၂၊ ထိုင်းဘတ် ၂၇၈၉၁၈ ရရှိခဲ့သောကြောင့် ဘဏ္ဍာတော်ငွေ ၂၁၅၆၂၇၀၇၃၂ ကျပ်(၂ ဒသမ ၁ ဘီလီယံကျော်) နှင့် အဆိုပါအမေရိကန်ဒေါ်လာများနှင့် ထိုင်းဘတ်များ တိုးတက်ရရှိလာခဲ့ပါသည်။

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ သာသနာတော်ဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို ဘုရားဖူးရဟန်းရှင်လူပြည်သူအားလုံးတို့၏ဆန္ဒနှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်နေစေရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြသည့် ရဟန်းရှင်လူပြည်သူများ အဆင်ပြေချောမွေ့စွာ နားနေတည်းခိုနိုင်ရန်အတွက် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့က စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပါသည်။ ဘုရားဖူးရဟန်းရှင်လူပြည်သူမည်သူမဆို စေတီတော်ရင်ပြင်တော်ရှိ အောက်ဖော်ပြပါ **ဇယား(၁)** ရှိ အခမဲ့ဓမ္မာရုံနှင့် အဆောင်များ၌ စိတ်ချမ်းမြေ့စွာ အခမဲ့တည်းခိုနိုင်ပါသည်-

ထို့အပြင် ဘုရားဖူးရဟန်းရှင်လူပြည်သူများ တည်းခိုနိုင်သည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ရင်ပြင်တော်ရှိ အောက်ဖော်ပြပါ **ဇယား(၂)** ရှိ ဓမ္မာရုံများနှင့် တည်းခိုဆောင်များကို ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရန်အတွက် တည်းခိုလိုသည့်ဘုရားဖူးခရီးသွားပြည်သူများက သတ်မှတ်နှုန်းထားများအတိုင်း ကုသိုလ်ယူ လှူဒါန်းငွေထည့်ဝင်၍ တည်းခိုနိုင်ပါသည်- ဖော်ပြပါဓမ္မာရုံများနှင့် တည်းခိုဆောင်များအား မူလပုံစံမပျက် အရှည်တည်တံ့စေရန် လည်းကောင်း၊ လက်ရှိခန့်အပ်ထားသောဝန်ထမ်းများ အလုပ်အကိုင်ဆက်လက်ရရှိစေရန်လည်းကောင်း၊ ဓမ္မာရုံများပြင်ဆင်ထိန်းသိမ်းစေရေးစရိတ်၊ ရေ၊ မီး၊ မိလ္လာနှင့်အခြားအသုံးစရိတ်များကို ကျခံသုံးစွဲနိုင်ရန်ရည်ရွယ်၍လည်းကောင်း တည်းခိုလိုသည့် ဘုရားဖူးခရီးသွားပြည်သူများ၏ စိတ်ချမ်းမြေ့စွာ တည်းခိုနိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**ဇယား(၁)**

| စဉ် | ဓမ္မာရုံ | အထပ် | အခန်း | တည်းခိုနိုင်သောဦးရေ | ကြီးကြပ်သူ/ ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ၁ | တိသဓမ္မာရုံ (ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ) | ပ-ထပ် | ၆ | ၂၁ | ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မော်လမြိုင်မြို့ ၀၅၇-၂၃၉၃၇ |
| ၂ | ဆီမီး(၉၀၀၀)ဓမ္မာရုံ | ပ-ဒု-တထပ် | - | ၆၀၀ | ဂေါပအဖွဲ့ရုံး ၀၉-၈၇၂၃၁၉၆ ၀၉-၈၇၂၃၁၉၈ |
| ၃ | ပြည့်စုံ(ရင်ပြင်တော်) | ပ-ဒု-တထပ် | ၁၈ | ၃၆ | ပြည်နယ်အစိုးရအဖွဲ့ရုံး မော်လမြိုင်မြို့ ၀၅၇-၂၃၉၃၇ |
| ၄ | ပြည့်စုံ(မုဆိုးတောင်) | ပ-ဒု-တထပ် | - | ၆၀၀ | ဂေါပအဖွဲ့ရုံး ၀၉-၈၇၂၃၁၉၆ ၀၉-၈၇၂၃၁၉၈ |
| ၅ | သုံးထပ်ဓမ္မာရုံ | ပ-ထပ် | ၅ | ၁၀ | ဂေါပကအဖွဲ့ရုံး ၀၉-၈၇၂၃၁၉၆ ၀၉-၈၇၂၃၁၉၈ |
| စုစုပေါင်း | | | ၂၉ | ၁၂၆၇ | |

**ဇယား(၂)**

| စဉ် | ဓမ္မာရုံ | အထပ် | အခန်း | တည်းခိုနိုင်သောဦးရေ | ဝန်ဆောင်ခ (၁)ဦးအတွက် ကောက်ခံနှုန်း | လုပ်ကိုင်ခွင့်ရရှိသူ/ ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | တိသဓမ္မာရုံ | ဒု-တ-စထပ် | ၃၉ | ၇၈ | ၁၀၀၀၀ | ဦးခင်တိုး ၀၉-၄၅၃၉၀၄၄၅၈ |
| ၂ | ပေ(၄၀)ဓမ္မာရုံ | ပ-ဒု-တထပ် | ၈၀ | ၄၀၈ | ၅၀၀၀ | ဦးသန့်ဟန် ၀၉၈၆၁၇၅၃၄ |
| ၃ | သုံးထပ်ဓမ္မာရုံ | ဒု-တ-စထပ် | ၆၈ | ၃၀၃ | ၅၀၀၀ | ဦးမောင်နိုင် ၀၉-၄၅၄၁၉၂၈၅၉ |
| ၄ | ဂေါပကအဖွဲ့ ဓမ္မာရုံ | ပ-ဒု-တ-စ ပဥ္စမထပ် | ၂၇ ၅၀ | ၅၄ ၁၀၄ | ၁၀၀၀၀ ၁၅၀၀၀ | ဦးနေထက်သိန်းနိုင် ၀၉-၈၆၁၀၉၉၉ |
| ၅ | တည်းခိုဆောင် (၁)ကြူကြူဝင်း | - | ၂၄ | ၁၁၆ | ၅၀၀၀ | ဦးအောင်မြင့်ကို ၀၉-၉၇၃၇၈၂၁၃၃ |
| ၆ | တည်းခိုဆောင် (၂)ဝင်း | - | ၃၉ | ၁၆၅ | ၅၀၀၀ | ဦးဝင်းမြင့် ၀၉-၉၇၂၀၇၉၄၂၉ |
| ၇ | တည်းခိုဆောင် (၃)(၄)ပွင့်ထူး | - | ၄၆ | ၂၁၂ | ၅၀၀၀ | ဦးတင်အောင် ၀၉-၈၇၂၃၁၂၇ |
| စုစုပေါင်း | | | ၃၇၃ | ၁၄၄၀ | - | |

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၂၃.၂.၂၀၁၇)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၆.၂.၂၀၁၇) ရက်နေ့မှ (၁၀.၂.၂၀၁၇) ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူတစ်ဦးကိုလည်းကောင်း ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်းသုံးဦးနှင့် အထွေထွေ ငါးဦး၊ ပေါင်းရှစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀.၁၀.၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း (၁၄၁၁)ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း (၂၀၄၆) ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၀ ဦး ၊စုစုပေါင်း ပုံနှိပ်ခြင်း ၊ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း (၃၅၁၇) ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**ကြို့ပင်ကောက် ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသနေပြည်သူများ လူမှုစီးပွားဘဝတိုးပွားစေရန်ရည်ရွယ်ချက်ဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီလ တတိယပတ်ကကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးဆန်းဟိုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်စန္ဒာအေးတို့က သင်တန်းသူ ၂၀ တို့ကို မိမိတို့မိသားစုများ၏ လူမှုစီးပွားဘဝများကို သင်တန်းမှရရှိသော ပညာရပ်များဖြင့် တစ်ဖက်တစ်လမ်း အထောက်အကူပြုလာနိုင်ပြီဖြစ်၍ ဆက်လက်၍လည်း တစိုက်မတ်မတ် ကြိုးစားသွားကြရန်မှာကြားပြီး သင်တန်းဆင်းလက်မှတ်များနှင့် ဆုများချီးမြှင့်သည်။

**ကိုသက်(ဇီးကုန်း)**

# အန္တရာယ်ရှိအဆောက်အအုံများတွင် နေထိုင်သူများအနေဖြင့် စုပေါင်းအစီအစဉ်ဖြင့် ပြန်လည်တည်ဆောက်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်း (၈)ခု မေးမြန်းခြင်း၊ အဆိုတစ်ခုတင်သွင်းခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် လှော်ကားလမ်းမကြီးကို အကျယ် ၄၈ ပေရှိ လေးလမ်းသွား ကားလမ်းမကြီးအဖြစ် တိုးချဲ့ပေးပါရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လှော်ကားလမ်းမကြီး (ပြည်ထောင်စုလမ်းမှ ရိုးမရိပ်သာလမ်းအထိ) ၁၉၉၀၈ ပေကို ၄၈ ပေ အကျယ် လေးလမ်းသွားဆောင်ရွက်ရန်ရှိသည့်အနက် ကျန်စစ်သားလမ်းမှ ရိုးမရိပ်သာလမ်းအထိ ၆၀၅၅ ပေအရှည်၊ ၂၄ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းကို ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိသည့်အပိုင်းများကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ လမ်းများတိုးချဲ့ပေးမည့် အစီအစဉ်ရှိ၊ မရှိကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ ပြန်လည်မေးမြန်း တင်ပြပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၏ **ပုဏ္ဏားကျွန်းမြို့ မြို့အဝင်မှ မြို့အထွက်ထိ ပျက်စီးနေသော ကတ္တရာလမ်း အရှည် တစ်မိုင်၊ အကျယ် ၁၈ ပေကို ကွန်ကရစ်လမ်းအရှည်တစ်မိုင်၊ အကျယ် ၂၂ ပေလမ်းဖြစ်အောင်၊ တစ်ဖက်နှစ်ပေစီ တိုးချဲ့ခင်းပေးရန်နှင့် မြို့တွင်းဖြစ်၍ လူသွားလမ်း၊ ပလက်ဖောင်း တစ်ဖက်လေးပေစီ တိုးချဲ့ပြုလုပ်ပေးရန် အစီအစဉ်ရှိမရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် လမ်းပိုင်းသည် ရန်ကုန်-စစ်တွေလမ်း၊ မိုင်တိုင် အမှတ် ၁၇၇/၁ မှ ၁၇၈/၁ အထိ ပုဏ္ဏားကျွန်းမြို့တွင်း လမ်းပိုင်းတစ်မိုင် ဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကတည်းက ၁၈ ပေ အကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအနေအထားအရ လမ်းအခြေအနေမှာ ကောင်းမွန်နေသေးသည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြို့တွင်းလမ်းများ ကတ္တရာ ကွန်ကရစ်ခင်းခြင်း စီမံချက်၌ ၎င်းလမ်းပိုင်းကို ဦးစားပေးထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်နယ်ရန်ပုံငွေတွင် လျာထားတင်ပြ တောင်းခံသွားမည်ဖြစ်ကြောင်းနှင့် လူသွားလမ်းပလက်ဖောင်း တည်ဆောက်ပေးရေးကိစ္စနှင့် ပတ်သက်၍ မြေပြင်အနေအထားအရ ဆောင်ရွက်နိုင်မည့် ဒီဇိုင်းအပေါ်မူတည်၍ ထည့်သွင်း စဉ်းစားပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ **လှိုင်မြို့နယ်၊ အမှတ် (၂)နှင့် အမှတ် (၃) ရပ်ကွက်ရှိ မီးလောင်မြေ ပြန်လည်စည်ပင်ရေးစီမံချက်အရ တည်ဆောက်ခဲ့သော အဆောက်အအုံများသည် အန္တရာယ်ရှိ အဆောက်အအုံအဖြစ် သတ်မှတ်ခံထားရ၍ အမြန်ဆုံးပြန်လည်တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၂)နှင့် အမှတ်(၃) ရပ်ကွက်တို့မှ အိမ်ခြေပေါင်း ၃၇၀ သည် ၁၉၈၉ ခုနှစ် ဇန်နဝါရီလတွင် မီးသင့်လောင်ကျွမ်းခဲ့ကြောင်း၊ အဆိုပါ မီးလောင်မြေပြန်လည်ဖွံ့ဖြိုးရေး စီမံချက်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ယခင်မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)မှ ၂၀၀၀-၂၀၀၁ခုနှစ်တွင် မြေပြင်ကွင်းဆင်းတိုင်းတာပုံထုတ်၍ စီမံကိန်းပုံစံရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မီးဘေးသင့်ပြည်သူများတွင် မိမိတို့အစီအစဉ်ဖြင့် အိမ်ဆောက်နေထိုင်နေသူများကို မြေကွက်များချထားပေးပြီး မိမိကိုယ်တိုင် အိမ်ရာပြန်လည် တည်ဆောက်နေထိုင်ရန် အခြေအနေမရှိသူများကို ဌာနမှ လုပ်ငန်းအပ်နှံ တည်ဆောက်ထားသည့်လူနေအဆောက်အအုံများ၌ ပြန်လည်နေရာချထားပေးခဲ့ပါကြောင်း။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

လှိုင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ တိုက်အမှတ်(၈၅/၈၆)ရှိ နေထိုင်သူများက ၎င်းတို့နေထိုင်သည့်တိုက်အား ပြန်လည်ပြုပြင်တည်ဆောက်ပေးပါရန် ဌာနသို့အဆိုပြုတင်ပြလာသဖြင့် အဆိုပါနေရာတွင် ခေတ်အခြေအနေနှင့်လျော်ညီမည့် မြေအောက် Car parking နှစ်ထပ်ပါဝင်သည့် ခေတ်မီအထပ်မြင့် အဆောက်အအုံအဖြစ် Redevelopment ပြုလုပ်ရန်လက်ရှိနေထိုင်သူများနှင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ လှိုင်မြို့နယ် အမှတ်(၂)နှင့် အမှတ်(၃)ရပ်ကွက်ရှိ အန္တရာယ်ရှိ အဆောက်အအုံများသည် အရောင်းအိမ်များဖြစ်၍ အန္တရာယ်ရှိအဆောက်အအုံများတွင် နေထိုင်သူအိမ်ပိုင်ရှင်များအနေဖြင့် မိမိတို့၏စုပေါင်းအစီအစဉ်ဖြင့် ပြန်လည်တည်ဆောက်နိုင်ပြီး ဌာနအနေဖြင့် လိုအပ်သည်များကို ညှိနှိုင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး၊ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းဝင်းနှင့် ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေတို့၏ လမ်း၊ တံတားများနှင့်စပ်လျဉ်းသည့် မေးခွန်းများကိုလည်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင်က **ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေးဆွဲထုတ်ပြန်ထားသည့် ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ကို ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့အားလုံး လိုက်နာကျင့်သုံးကြပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၌ လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း၊ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**မင်းမင်းဇော်၊ မီမီဖြိုး၊**
**အေးအေးသန့် (သတင်းစဉ်)**

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝန်ထမ်းအိမ်ရာပေါင်း ၅၀၀၀ ကျော် တည်ဆောက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ ဝန်ထမ်းအိမ်ရာများတည်ဆောက်ရန်အတွက် ငွေကျပ်သန်းပေါင်း ၉၁၀၀ လျာထားတောင်းဆိုထားပြီး ဝန်ထမ်းအိမ်ရာပေါင်း ၅၀၀၀ ကျော် တည်ဆောက်သွားမည် ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအေးမင်းဟန်၏ **မွန်ပြည်နယ် မော်လမြိုင်မြို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ နေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်များတွင် ဝန်ထမ်းအိမ်ရာ တည်ဆောက်မည့် ဘဏ္ဍာငွေကို နှစ်ဆ(သို့မဟုတ်)သုံးဆပို၍ တင်ပြတောင်းခံမည် ဖြစ်ပါကြောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း ငွေလုံးငွေရင်းအသုံးစရိတ်တွင် ပါဝင်ခြင်းမရှိသော်လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်စဉ်စီမံကိန်းများတွင် ဝန်ထမ်းအိမ်ရာရရှိရေးအတွက် ဦးစားပေးအစီအစဉ်ဖြင့် ရန်ပုံငွေရရှိရန် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်ရှားမူ၏ **ကယားပြည်နယ် ဖရူဆိုမြို့နယ် ပြည်သူ့ဆေးရုံတွင် နှစ်ထပ်လူနာဆောင် အသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကယားပြည်နယ် ဖရူဆိုမြို့နယ်တွင် လူဦးရေ ၂၉၃၇၄ ဦးရှိပြီး ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံတစ်ရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်ထားရှိကာ ကျန်းမာရေးဝန်ထမ်း စုစုပေါင်း ၅၂ ဦးတို့ဖြင့် ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဖရူဆိုမြို့နယ်ဆေးရုံသည် ဆေးရုံလုပ်ငန်းအညွှန်းကိန်းများအနေဖြင့် ၂၀၁၆ ခုနှစ်တွင် တစ်နေ့ပျမ်းမျှအတွင်း လူနာဦးရေ ၁၁ဦးနှင့် ပျမ်းမျှပြင်ပလူနာ ၂၀ ရှိပါကြောင်း။

လက်ရှိတွင် အတွင်းလူနာဦးရေသည် ၁၁ ဦးခန့်သာရှိပါသဖြင့် နှစ်ထပ်လူနာဆောင်သစ် ဆောက်လုပ်ပေးရန် လိုအပ်မှုမရှိသေးသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ နှစ်ထပ်လူနာဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် မရှိသေးသော်လည်း ဆေးရုံလုပ်ငန်းဆောင်ရွက်မှုများ တိုးတက်စေရန် ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပြီး အတွင်းလူနာဦးရေ တိုးတက်များပြားလာပါက လူနာဆောင်သစ် ဆောက်လုပ်ပေးရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ ဦးကျင့်ခန့်ပေါင်၏ **ချင်းပြည်နယ် တီးတိန်မြို့နယ် မွာလ်ဘင်းရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မွာလ်ဘင်းကျေးလက်ကျန်းမာရေးဌာနပိုင်နယ်မြေတွင် ကျေးရွာပေါင်း ၁၁ ရွာ၊ အိမ်ခြေ ၇၇၂ အိမ်နှင့် လူဦးရေ ၄၅၁၅ ဦး ရှိပါကြောင်း၊ မွာလ်ဘင်း ကျေးလက်ကျန်းမာရေးဌာနသည် တုတ်လိုင်တိုက်နယ်ဆေးရုံနှင့် ကိုးမိုင်၊ တီးတိန်မြို့ပြည်သူ့ဆေးရုံနှင့် ၁၈ မိုင်၊ ကလေးမြို့ပြည်သူ့ဆေးရုံကြီးနှင့် မိုင် ၄၀ ကွာဝေးပါကြောင်း။

လမ်းပန်းဆက်သွယ်မှုသည်လည်း ၁၂ ရာသီသွားလာနိုင်သည့်အခြေအနေရှိပြီး မွာလ်ဘင်း ကျေးလက်ကျန်းမာရေးဌာန၏ သုံးနှစ်အတွင်း ပျမ်းမျှလူနာ ၁၉၁၄ ဦးသာရှိသည့်အပြင် ကျေးလက်ကျန်းမာရေးဌာန အသုံးပြုနှုန်းသည် နည်းပါးကြောင်းနှင့် နှစ်အလိုက် တိုးတက်လာခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း။

သို့ဖြစ်၍ မွာလ်ဘင်း ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း၊ ဘွင့်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဘောင်ပွီးကျေးလက်ကျန်းမာရေးဌာနခွဲတွင် လစ်လပ်နေရာများအတွက် ဦးစားပေးခန့်ထားပေးမည်ဖြစ်ပါကြောင်းနှင့် လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) မှ ဦးလင်းတင်ဌေး၏ **မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာများ၌ လိုအပ်လျက်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊မရှိ** မေးခွန်း၊ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးထိန်ဝင်း၏ **ရေဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် လိပ်ချောင်းကျေးရွာအုပ်စု ဒါးကကျေးရွာတွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံအသစ်တိုးချဲ့ ဖွင့်လှစ်ခွင့်ပြုကြောင်း အကြောင်းကြားစာ ရရှိပြီးဖြစ်သော်လည်း ယနေ့တိုင် ဆောက်လုပ်ခြင်းမရှိသည်မှာ မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၏ **မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ အရာထမ်း၊ အမှုထမ်းများအတွက် အိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက **မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း** နှင့် **ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်း**တို့ကို လွှတ်တော်က လက်ခံဆွေးနွေးပြီး အတည်ပြုပေးရန် အဆိုတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် ဒေါက်တာမျိုးအောင်တို့က ယင်းဥပဒေကြမ်းနှစ်ခုနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာများကို ဖတ်ကြားကြသည်။

လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှစ်ခုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**မော်စီ၊ ဝေသူနွယ်၊**
**မွေးကြူဇင် (သတင်းစဉ်)**

## 1800 MHz လိုင်းနှုန်းစဉ် သတ်မှတ်ချထားပေးမည့် အစီအစဉ်အား သဘောထားမှတ်ချက်တောင်းခံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် 1800 MHz Allocation Process နှင့်စပ်လျဉ်း၍ အများပြည်သူသဘောထားမှတ်ချက်တောင်းခံခြင်းအား (၂၄.၂.၂၀၁၇) ရက်နေ့မှ (၁၀.၃.၂၀၁၇) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာထားသည်။

အသေးစိတ်အချက်အလက်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ Webpage ဖြစ်သည့် www.mcit.gov.mm/news/ptd_news တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

(မြန်မာ့အလင်း)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

၂၀၁၆-၂၀၁၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ဂေါက်ကွင်း၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။ **(ဓာတ်ပုံ)**

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ တီခုံအမှတ်(၁)၌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောတို့က Smoke Ball ကို ရိုက်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက သတ်မှတ်တီခုံအသီးသီး၌ စတင်ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

၂၀၁၆-၂၀၁၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဂေါက်သီးရိုက်ပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်း ၁၈ သင်းဖြင့် ဖေဖော်ဝါရီ ၂၅ ရက်အထိ နေပြည်တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရားဥပဒေစိုးမိုးရေးဌာနများနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ပထမအကြိမ်အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

တရားဥပဒေစိုးမိုးရေးဌာနများနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံး မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တရားဥပဒေစိုးမိုးရေးဌာနများနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်တစ်ရပ်မှာ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် ယခင် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ်က တရားဥပဒေစိုးမိုးရေးဌာနများ ဖြစ်ထွန်းပေါ်ပေါက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့က တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ၉-၂-၂၀၁၇ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ မိမိတို့အဖွဲ့တွင် လွှတ်တော်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေပါမောက္ခ၊ လူမှုအဖွဲ့အစည်းဝင်များနှင့် တရားလွှတ်တော်ရှေ့နေများပါဝင်သဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတရေးကဏ္ဍအတွက် အဓိကကျသော ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များ ပါဝင်ပါကြောင်း။

**ဆွေးနွေးမှာကြား**

မိမိတို့အဖွဲ့သည် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအသီးသီးက အကောင်အထည်ဖော်ဆောင်ရွက်နေသော တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းပေးရန်၊ ယင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အစိုးရဌာနအဖွဲ့အစည်းများအနေနှင့် တတ်နိုင်သမျှကူညီဆောင်ရွက်ပေးရန်၊ ဆောင်ရွက်သင့်သော်လည်း မဆောင်ရွက်နိုင်သေးသည့်လုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်ပေးရန်၊ အဖွဲ့အစည်းများက တင်ပြလာသည့်ဆောင်ရွက်ပေးသင့်သော ကိစ္စရပ်များ၊ ဖြေလျှော့ပေးသင့်သော ကိစ္စရပ်များနှင့် ပြုပြင်သင့်သော ကိစ္စရပ်များ ရှိပါက အစိုးရဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်သည့်အဖွဲ့အစည်းများကို ဖိတ်ခေါ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ တိုးတက်မှုရှိရေးအတွက် ရလဒ်ကောင်းများ ရရှိအောင်ကြိုးစားဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း ဆွေးနွေးမှာကြားသည်။

အစည်းအဝေး တက်ရောက်ကြသူများက မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများတွင် ဆောင်ရွက်သင့်သောကိစ္စရပ်များ၊ အစိုးရဌာနများနှင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများအကြား ပိုမိုပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ လုပ်ငန်းများအောင်မြင်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ UNDP နှင့် My Justice Team တို့မှ တာဝန်ရှိသူများ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# အစားအသောက်၊ ဆေးဝါးအန္တရာယ်ကင်းရှင်းရေးအသိပညာပေးပြပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်များ၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာပြပွဲနှင့်လူထုပညာပေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းထွဋ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

"ကျွန်တော်တို့ဌာနအနေနဲ့ ပြည်သူများအပေါ် အန္တရာယ်ဖြစ်စေနိုင်တဲ့ အစားအသောက်တွေ၊ ဆေးဝါးတွေ၊ အလှကုန်ပစ္စည်းတွေကို ဖမ်းဆီးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ရှာဖွေမယ်၊ ပညာပေးမယ်၊ အသိပေးမယ်၊ ကြေညာပေးမယ်၊ ဥပဒေအရ တရားရုံးမှာ တရားစွဲဆိုပေးမယ်။ သိပ်ပြီးလွန်လာမှ တရားစွဲဆိုမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကြေညာပြီး ပစ္စည်းတွေလည်း ဈေးကွက်ထဲမှာ ပြန်ရောက်နေတာတွေလည်းရှိတယ်။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း အရေးယူခဲ့တဲ့ အမှုပေါင်း ၉၀ ရှိပါတယ်။ ၉၀ ကျော်တယ်ဆိုတာ နည်းတဲ့ပမာဏ မဟုတ်ပါဘူး။ မသိနားမလည်လို့လုပ်တာရှိတယ်၊ တချို့လည်း သိရဲ့သားနဲ့ ဝိသမလောဘအရ လုပ်တာရှိတယ်။ ဒီ့အတွက် အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနအနေဖြင့် အရေးယူမှုတွေအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

အဆိုပါပြပွဲကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ပံ့ပိုးမှု၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၃ ရက်အထိ ပြခန်းပေါင်း ၁၁၀ ခင်းကျင်းပြသသွားမည် ဖြစ်ကြောင်း၊ ပြပွဲကာလအတွင်း အစားအသောက်နှင့်ဆေးဝါးများ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဘေးအန္တရာယ် ကင်းရှင်းရေး ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အစားအသောက်များ ဓာတ်ခွဲစစ်ဆေးပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

ငရုတ်သီးမှုန့်သည် ကင်ဆာဖြစ်စေသော မှိုပေါက်ဖွားမှု အမြင့်ဆုံးဖြစ်ပြီး ယခုအခါ မုန့်ဟင်းခါးဖတ်များတွင် ဖော်မလင်သုံးစွဲမှုကို စစ်ဆေးအသိပညာပေးခြင်းများ ဆောင်ရွက်နိုင်မှုကြောင့် သုံးစွဲမှုမရှိသလောက်နည်းသွားခဲ့ပြီဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

**မြင့်မောင်စိုး**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် သေနတ်တစ်လက် သိမ်းဆည်းရမိ

**လွိုင်ကော် ဖေဖော်ဝါရီ ၂၃**

မူးယစ်တပ်ဖွဲ့ (၂၀)မှ ဒုတပ်ဖွဲ့စုမှူး ရဲအုပ်မင်းဟန် ဦးစီးသော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက်က ကယားပြည်နယ် လွိုင်ကော်မြို့ ပန်ကန်းကျေးရွာအုပ်စု ဒေါဆန်းဘွန်းကျေးရွာနေ ဇော်လွင်ဦး(ခ) ဂျန်းဂျေး နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဇော်လွင်ဦး(ခ)ဂျန်းဂျေး၊ မရတနာဦး(ခ) မိုးမိုးနှင့် မောင်ရေခဲ(ခ)မိုဟာမက်မာမွတ်တို့ သုံးဦးကို နေအိမ်၌ တွေ့ရှိ၍ စုစုပေါင်းဆေးပြား ၃၉၆၀ ကို လည်းကောင်း၊ WY စာတန်းပါ လိမ္မော်ရောင်ဆေးပြား ၄၂ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြား ရှူရှိုက်ရာတွင် အသုံးပြုသည့် ဂက်စ်မီးခြစ်တစ်လုံးတို့ကိုလည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြား ရောင်းရငွေ မြန်မာငွေရေရာ ငွေကျပ် သုံးသောင်းကို လည်းကောင်း၊ ကျည်ထည့်လျက် ပွိုင့်-၂၂ သေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ မောင်ရေခဲ (ခ) မိုဟာမက်မာမွတ်၏ အိပ်ခန်းအတွင်းမှ WY စာတန်းပါ လိမ္မော်ရောင်ဆေးပြား ၁၉၂ ပြား၊ မူးယစ်ဆေးရှူရာတွင် အသုံးပြုသည့် ဝါးပြောင်းတိုတစ်ခု၊ သံပိုက်ငယ်နှင့် ဝါးပြောင်းတို ဆက်လျက် ပြောင်းတိုတစ်ခုတို့ကို ရှာဖွေတွေ့ရှိသဖြင့် လွိုင်ကော်မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**ကိုစိုင်း(လွိုင်ကော်)**



# ဇွဲကပင်တောင်ပေါ်မှ ခုန်ချသော ပြင်သစ်နိုင်ငံသား၏ခရီးဆောင်အိတ်တွေ့ရှိ

**ဘားအံ ဖေဖော်ဝါရီ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဇွဲကပင်တောင်ကေဘယ်တိုင် အနီးတွင် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၈ နာရီခွဲခန့်တွင် ခရီးဆောင်အိတ်တစ်လုံးတွေ့ရှိကြောင်း ဇွဲကပင်တောင်ပေါ်ဆရာတော် ဦးကဝိဇေက ဖုန်းဖြင့်မိန့်ကြားခဲ့၍ ထုံးအိုင်နယ်မြေ ရဲစခန်းမှူး ရဲအုပ်ညီညီမိုးနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့သည်။



အဆိုပါ တွေ့ရှိရသည့် အိတ်မှာ ဖေဖော်ဝါရီ ၁၇ ရက် ည ၇ နာရီခန့်က ဇွဲကပင်တောင်၏ အမြင့်ဆုံးနေရာ ပေပေါင်း ၂၇၃၀ ကျော်မြင့်သည့် ဓမ္မစေတီနေရာအနီး၊ အများသုံး အိမ်သာခေါင်မိုးပေါ်မှ ခုန်ချသဖြင့် သေဆုံးသွားခဲ့သည့် ပြင်သစ်နိုင်ငံသား၏ ခရီးဆောင်အိတ်ဖြစ်ကြောင်း သိရသည်။

ခရီးဆောင်အိတ်အတွင်းမှ Mr. Yannick Normandin အမည်ပါပတ်စ်ပို့နံပါတ် 16CA34564 နံပါတ်ပါ ပတ်စ်ပို့စာအုပ်၊ ID ကတ်၊ တစ်ကတ်၊ ငွေထုတ်ကတ်တစ်ကတ်၊ ဖေဖော်ဝါရီ ၁၁ ရက်နေ့စွဲပါ ရန်ကုန်လေဆိပ်ရောက် E Visa စာရွက်တစ်ရွက်၊ မလေးရှားလေကြောင်းလိုင်းက ထုတ်ပေးသည့် စာရွက်တစ်ရွက်၊ မလေးရှား လေကြောင်းလိုင်း လေယာဉ်လက်မှတ်တစ်စောင်၊ မြန်မာငွေကျပ်တစ်သောင်းတန် ၄၇ရွက် အပြင် ဖုန်းနံပါတ်၊ လိပ်စာကတ်များ၊ အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်း အချို့ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံသား ရုပ်အလောင်းအား ရဲဆေးစာဖြင့် ဘားအံပြည်သူ့ဆေးရုံကြီးရှိရေခဲတိုက်၌ ထားရှိရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြင်သစ်သံရုံးမှ စေလွှတ်မည့်ကိုယ်စားလှယ်ဖြစ်သူ ကိုစံလင်းက လာရောက်သယ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းသူ**

**ထွန်းထွန်းထွေး(ဘားအံ)**

# နိုင်ငံခြားသားများပါဝင်သော မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းအား ငွေကျပ်သန်းပေါင်း လေးသောင်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များက နိုင်ငံခြားသားများပါဝင်သော မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းတစ်ခုသည် မူးယစ်ဆေးဝါးအမြောက်အမြားကို အက်ဒမန်ပင်လယ်ပြင်မှတစ်ဆင့် နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသဖြင့် စုံစမ်းထောက်လှမ်းမှုများ အချိန်ယူဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်-တရုတ် (တိုင်ပေ) လေယာဉ်ခရီးစဉ်ဖြင့် လိုက်ပါမည့်တရုတ်(တိုင်ပေ)နိုင်ငံသား CAI JENG ZE အား ကတ်တမင်း ၁၆၀ ဂရမ်နှင့်အတူ စတင်ဖမ်းဆီးရမိခဲ့သည်။**


SueSongkittiku(ကျား) ထိုင်း
HsienTsungLun(ကျား) တရုတ်(တိုင်ပေ )
LiuKunTsung(ကျား) တရုတ်(တိုင်ပေ)
ChenYiHSien(ကျား) တရုတ်(တိုင်ပေ)
Chang Chia Jui(ကျား) တရုတ်(တိုင်ပေ)
မိုက်ချဲ့
အားကျယ်
မကြူကြူ
အောင်အောင်
စိုင်းခမ်းပန်
စိုင်းနော်မိုင်း
အောင်ကျော်မြင့်
စန်ချင်း
အန်းဆိုင်
ထောက်ထောက်

တိမ်းရှောင်နေသော ပြစ်မှုကျူးလွန်သူများကို တွေ့ရစဉ်

ထို့နောက် ၎င်းတို့ ငှားရမ်းနေထိုင်ရာ ပုဇွန်တောင်မြို့နယ်အတွင်း စုံစမ်းစောင့်ကြည့်မှုများပြုလုပ်စဉ် အဆိုပါအခန်း နေသူများမှာ မူးယစ်ဆေးဝါး သိုဝှက်ထားသည့်နေရာမှ ဆိပ်ကမ်းတစ်နေရာသို့ မူးယစ်ဆေးဝါးများကို အမြန်ဆုံး သယ်ဆောင်နိုင်ရေး ကြိုးပမ်းနေကြောင်း စုံစမ်းဖော်ထုတ်သိရှိရသဖြင့် စောင့်ကြည့်မှုများပြုလုပ်ခဲ့ပြီး နိုဝင်ဘာ ၁၇ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက်တွင် တရုတ် (ဟောင်ကောင်)နိုင်ငံသား HUNG CHING KIN နှင့် တရုတ် (တိုင်ပေ)နိုင်ငံသား WANG WEI JUNG တို့၏ ကွန်တိန်နာ မော်တော်ယာဉ်နှင့် သယ်ဆောင်လာသည့် အိုက်စ် ၁၁၁၀ ကီလိုအား လက်ရသိမ်းဆည်းရမိခဲ့သည်။

ယင်းနေ့တွင် ၎င်းတို့ မူးယစ်ဆေးဝါး သိုလှောင်ရန်ငှားရမ်းထားသည့် သဃ်္ဃန်းကျွန်းမြို့နယ် ဆယ်သိန်းရပ်ကွက်အတွင်း ရှိနေအိမ်ကို ဆက်လက်ရှာဖွေရာ တရုတ်(တိုင်ပေ)နိုင်ငံသား LIN SHIH CHANG နှင့် LIN CHENG CHUN တို့အား ကတ်တမင်း ၆၂၂ ဒသမ ၃ ကီလိုနှင့် မူးယစ်ဆေးဝါးထုပ်ပိုး ကိရိယာများနှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

အမှုနှင့်ပတ်သက်၍ တားဆီးနှိမ်နင်းရေးအဖွဲ့များက စစ်ဆင်ရေးအသွင်ဖြင့် ဆက်လက်စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ရာ ဖမ်းဆီးရမိ တရုတ်နိုင်ငံသားများအား မြန်မာနိုင်ငံအတွင်း စီးပွားရေးဗီဇာဖြင့် ဝင်ခွင့်ရရှိရေးဆောင်ရွက်ပေးပြီး အမှုတွင် ဆက်စပ်ပါဝင်သူ Lucky Pioneer Co.Ltd, ဒါရိုက်တာရန်နိုင်ထွန်းအား နိုဝင်ဘာ ၂၁ ရက်တွင် လည်းကောင်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ရန် ပွဲစားအဖြစ်ဆောင်ရွက်သူ မထွန်းထွန်းဝင်းအား ဒီဇင်ဘာ ၉ ရက်တွင် တာချီလိတ်မြို့၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

စုံစမ်းဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများကို အက်ဒမန်ပင်လယ်ပြင်တွင် စောင့်ဆိုင်းသယ်ယူမည့် ပင်လယ်ကူးသင်္ဘောသို့ ဖျာပုံဆိပ်ကမ်းမှတစ်ဆင့် ငါးဖမ်းစက်လှေဖြင့် ပို့ဆောင်ရန်အတွက် စက်လှေငှားရမ်းရန် စီစဉ်ခဲ့သူ အောင်ကျော်မြင့်(ခ) ထန်လျန်ခုပ် နေထိုင်သည့် မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ်ရှိနေအိမ်ကို ဒီဇင်ဘာ ၁၀ ရက်က ရှာဖွေရာ ၎င်းမှာတိမ်းရှောင်နေပြီး နေအိမ်မျက်နှာကြက်နှင့် ခေါင်မိုးကြားတွင် လျှို့ဝှက်သိမ်းဆည်းထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၄၆၄၆၀ နှင့် ဘိန်းဖြူ ၆၈၅ ဂရမ်ကို လည်းကောင်း၊ နိုင်ငံခြားသားများအတွက် မူးယစ်ဆေးဝါးများရရှိရန်နှင့် သယ်ပို့ရန်အားပေးကူညီဆောင်ရွက်ပေးသူ ရန်ခိုင်းကွဲနှင့် ဇနီး မရန်ရင်ဟွေ့တို့နေထိုင်သည့် နမ့်စန်မြို့နယ် ဝမ်ပုံကျေးရွာအုပ်စု အမှတ်(၁) ကျေးရွာ ပတ္တမြားလမ်း အိမ်အမှတ်(၄၈) နေအိမ် ကို ဒီဇင်ဘာ ၁၁ ရက်ကရှာဖွေရာ ၎င်းတို့အားမတွေ့ရှိဘဲ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၊ ၉ မမ ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်တစ်ခု၊ ၎င်းကျည် ၅၁ တောင့်တို့အား လည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့ပြီး အမှုမှတိမ်းရှောင်နေသူ ရန်ခိုင်းကွဲနှင့်ဇနီး မရန်ရင်ဟွေ့တို့အား ဒီဇင်ဘာ ၁၂ ရက်က လားရှိုးမြို့တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

နိုင်ငံခြားသားများ ပါဝင်သည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို ငွေသန်းပေါင်း ၄၃၃၄၈ ဒသမ ၃၁တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ မော်တော်ယာဉ် ၁၀ စီး၊ ဆိုင်ကယ်တစ်စီး၊ မြန်မာငွေကျပ် ၄ ဒသမ ၈ သိန်း၊ အမေရိကန်ငွေဒေါ်လာ ၉၂၉၀၊ တရုတ်ငွေ ၆၇၀၄ ယွမ်၊ ဟောင်ကောင်ငွေ ၅၀၀၀ ဒေါ်လာ၊ ထိုင်ဝမ်ငွေ ၃၀၀ ဒေါ်လာ၊ ထိုင်းငွေ ၂၀၂၀ဘတ်၊ ဖိလစ်ပိုင်ငွေ ၆၅၀ ပီဆို၊ ရွှေထည်ပစ္စည်း ကိုးမျိုးတို့နှင့်အတူ ဖမ်းမိတရားခံတရုတ် (ဟောင်ကောင်) နိုင်ငံသား တစ်ဦး၊ တရုတ် (တိုင်ပေ)နိုင်ငံသား လေးဦး၊ မြန်မာနိုင်ငံသား လေးဦး၊ ပေါင်းကိုးဦး၊ တိမ်းရှောင်ထွက်ပြေးနေသောတရားခံ တရုတ်နိုင်ငံသားတစ်ဦး၊ တရုတ်(တိုင်ပေ) နိုင်ငံသားလေးဦး၊ ထိုင်းနိုင်ငံသားတစ်ဦး၊ မြန်မာနိုင်ငံသား ၁၀ ဦး၊ ပေါင်း ၁၆ ဦးတို့အား သက်ဆိုင်ရာရဲစခန်းအသီးသီးတွင်ဖွင့်လှစ်ထားရှိသည့် အမှုများနှင့် ထည့်သွင်းအရေးယူထားရှိပြီး ၎င်းတို့အား ဖမ်းဆီးရမိရေးအတွက် ပြည်တွင်း/ပြည်ပတားဆီးနှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းဖလှယ်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


CaiJengZe (ကျား) တရုတ်(တိုင်ပေ)
HungChingKin(ကျား) တရုတ် (ဟောင်ကောင်)
WangWeiJung(ကျား) တရုတ်(တိုင်ပေ)
LinShihChang(ကျား) တရုတ်(တိုင်ပေ)
LinChengChun(ကျား) တရုတ်(တိုင်ပေ)
ရန်နိုင်ထွန်း
မထွန်းထွန်းဝင်း
ရန်ခိုင်းကွဲ
မရန်ရင်ဟွေ့

ဖမ်းဆီးရမိသည့် ပြစ်မှုကျူးလွန်သူများကို တွေ့ရစဉ်

# လှည်းကူးမြို့နယ်အတွင်းရှိ အချုပ်ခန်းများနှင့် ရဲဘက်စခန်းများ၌ ကြီးမားသည့်လူ့အခွင့်အရေး ချိုးဖောက်မှုမတွေ့ရကြောင်း သိရ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်းရှိ အချုပ်ခန်းများနှင့် ရဲဘက်စခန်းများကို သွားရောက်၍ ကြည့်ရှုစစ်ဆေးမှုများပြုလုပ်ရာတွင် ကြီးမားသည့်လူ့အခွင့်အရေး ချိုးဖောက်မှုများကိုမတွေ့ရကြောင်း အဆိုပါကော်မရှင်အဖွဲ့ဝင်ဖြစ်သူ ဒေါက်တာမြင့်ကြည်က ပြောကြားသည်။

"အချုပ်ထဲမှာရှိနေတဲ့ အမှုရင်ဆိုင်နေရဆဲသူတွေအပြင် ရဲဘက်စခန်းတွေမှာ ပြစ်ဒဏ်ကျခံနေရတဲ့ အကျဉ်းသားတွေနဲ့ ပတ်သက်ပြီး လူ့အခွင့်အရေးအနေအထားတွေကို စစ်ဆေးခဲ့ပါတယ်။ သက်ဆိုင်ရာအကျဉ်းစခန်းတွေမှာ သူတို့ရဲ့လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်ပေးထားသလား ဆိုတာတွေကိုစစ်ဆေးခဲ့တယ်။ အကျဉ်းစခန်းတွေကို စစ်ဆေးတဲ့အခါမှာလည်း အကျဉ်းသားတွေအနေနဲ့ အခက်အခဲမရှိဘူးလို့ ပြောတယ်၊ ကျွန်တော်တို့မြင်တွေ့မှုအရလည်း ပုံမှန်အနေအထားပါပဲ၊ ဆိုးဆိုးရွားရွား မတွေ့ရပါဘူး" ဟု မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်က ပြောကြားသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာ မြင့်ကြည် ခေါင်းဆောင်သော စစ်ဆေးရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လှည်းကူးမြို့နယ်အတွင်းရှိ လှည်းကူးမြို့မရဲစခန်းရှိ အချုပ်ခန်း၊ မြို့နယ်တရားရုံးရှိ အချုပ်ခန်းတို့နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၏ မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း၊ လှေလှော်အင်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းတို့ကိုသွားရောက်၍ အမှုရင်ဆိုင်နေရသော အချုပ်သားများနှင့် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများအားတွေ့ဆုံကာ လူ့အခွင့်အရေးနှင့် ပတ်သက်၍ ကြည့်ရှုစစ်ဆေးမှုများပြုလုပ်ခဲ့သည့်အပေါ် ၎င်းက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုသို့တွေ့ဆုံရာတွင် ကော်မရှင်၏ သိရှိလိုသည်များအား မေးမြန်းမှုအပေါ် သက်ဆိုင်ရာတာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။ အကျဉ်းသားများနှင့် သီးခြားစီတွေ့ဆုံမှုများလည်းရှိခဲ့ပြီး တွေ့ရှိချက်များကို ကော်မရှင်ထံတင်ပြ၍ ဆက်လက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကော်မရှင်၏ ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြံပြုချက်များပေးပို့သွားမည်ဖြစ်သည့်အပြင် သတင်းထုတ်ပြန် အသိပေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုနှင့်ပတ်သက်၍ လက်ရှိကာလတွင် လစဉ် တိုင်ကြားစာ ၆၀ ခန့်ရှိကြောင်း အဆိုပါကော်မရှင်ထံမှ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**



# ရွှေပြည်သာမြို့နယ်၌ ကျပ်သန်းပေါင်းနှစ်သောင်းကျော်တန် ကိုကင်း ကီလို ၄၅၀ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ရွှေပြည်သာမြို့နယ် စက်မှုဇုန်ရှိ ကုမ္ပဏီတစ်ခု၌ ဖေဖော်ဝါရီ ၁၆ ရက်က ပြည်ပမှပို့လာသောသကြားအိတ်များတင်ဆောင်ထားသည့် ကွန်တိန်နာအတွင်းမှ တစ်ကီလိုခန့်စီပါ ကိုကင်း အတုံး ၂၅၀ (၂၅၀ ကီလို ) တွေ့ရှိသိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီ ၂၃ ရက်က ရွှေပြည်သာမြို့နယ် စက်မှုဇုန်ရှိ အခြားကုမ္ပဏီတစ်ခု၏ ဂိုဒေါင်တွင် ပြည်ပမှတင်သွင်းသော သကြားအိတ်များနှင့်ရောနှော၍ မသင်္ကာဖွယ်အတုံးအခဲများထည့်ထားသည့် ခရီးဆောင်အိတ် ခုနစ်အိတ်တွေ့ရှိသဖြင့် ကုမ္ပဏီ၏တာဝန်ရှိသူက သတင်းပေးပို့ချက်အရ နယ်မြေခံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့မှ သွားရောက်စစ်ဆေးခဲ့ရာ ကွန်တိန်နာဖြင့်တင်ဆောင်ထားသည့် သကြားအိတ် ၅၀၆ အိတ်နှင့်အတူ ခရီးဆောင်အိတ် (Sport Bags) ခုနစ်အိတ်ဖြင့်ထည့်လျက် ကိုကင်း အတုံး ၂၀၀(အလေးချိန် ၂၀၀ကီလို) မြန်မာငွေကျပ်သန်းပေါင်း ၂၁၇၆၀ ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သဖြင့် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဆွေးနွေးရန် ဆီးရီးယားစေ့စပ်ညှိနှိုင်းရေးအဖွဲ့ ဂျီနီဗာသို့ရောက်ရှိ




**ဂျီနီဗာ ဖေဖော်ဝါရီ ၂၃**

တစ်နှစ်တာအတွင်း ကုလသမဂ္ဂဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပထမဆုံး အကြိမ်ပြုလုပ်ရေးအတွက် ဆီးရီးယားနိုင်ငံမှ စေ့စပ်ညှိနှိုင်းရေးအဖွဲ့ဝင်များသည် ကြာသပတေးနေ့တွင် ဂျီနီဗာရှိ ကုလသမဂ္ဂစေ့စပ်ညှိနှိုင်းသူ စတက်ဖန်ဒီမစ်တူရာနှင့် တွေ့ဆုံရန် အသီးသီးရောက်ရှိလာကြကြောင်း သိရသည်။

အစိုးရအဖွဲ့ စေ့စပ်ညှိနှိုင်းသူ ဘတ်ရှာအယ်လ်ဂျာအဖာရီ၊ နယူးယောက်မြို့ရှိ ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂငြိမ်းချမ်းရေးသံတမန်နှင့် အတိုက်အခံဘက်မှ စေ့စပ်ညှိနှိုင်းရေးခေါင်းဆောင် နတ်စ်အယ်လ်ဟာရီရီတို့သည် ဂျီနီဗာရှိ ကုလသမဂ္ဂ ရုံးချုပ်သို့ အသီးသီးရောက်ရှိလာကြပြီး ၂၀၁၆ ခုနှစ် ဧပြီလကတည်းက စတင်ခဲ့သည့် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုကို ပြန်လည်စတင်ခဲ့ကြသည်။

ရုရှား၊ တူရကီနှင့် အီရန်နိုင်ငံတို့ဖြင့် အသစ်ပြန်လည်စတင်ခဲ့သည့် ဆွေးနွေးမှုက စစ်ရေးဆိုင်ရာသဘောထားကွဲလွဲမှုအကြောင်းအရာများကို ဂျီနီဗာဆွေးနွေးမှုအစီအစဉ်မှ ဖယ်ထုတ်ခဲ့ပြီးနောက်တွင် ငြိမ်းချမ်းရေးဆွေးနွေးမှုမူဘောင်အတွင်း၌ နိုင်ငံရေးဆိုင်ရာမေးခွန်းများကို ဗဟိုပြု၍ ဆွေးနွေးခြင်းကို ပယ်ဖျက်ခဲ့သည်။

ခြောက်နှစ်ကြာ ပြည်တွင်းပဋိပက္ခများ အဆုံးသတ်ရန် ယခင်ကကြိုးပမ်းလုပ်ဆောင်ခဲ့မှုများသည် အထူးသဖြင့် အလက်ပိုမြို့နှင့်အနီးတစ်ဝိုက်တွင် အကြမ်းဖက်မှုများနှင့် တိုက်ပွဲများပြင်းထန်လာမှုကြောင့် ပျက်ပြားသွားခဲ့သည်။ ယခုအခါ အလက်ပိုမြို့သည် ဆီးရီးယားအစိုးရအဖွဲ့၏ သစ္စာတော်ခံအင်အားစုများ၏ ထိန်းချုပ်မှုအောက်သို့ လုံးဝကျရောက်သွားခဲ့ပြီဖြစ်သည်။

**(ရိုက်တာ)**

## အာဆီယံ-သြစတြေးလျ အထူးထိပ်သီးအစည်းအဝေးကို ၂၀၁၈ခုနှစ်တွင် သြစတြေးလျက အိမ်ရှင်အဖြစ်ကျင်းပရန်မျှော်လင့်

**ကန်ဘာရာ ဖေဖော်ဝါရီ ၂၃**

အာဆီယံ-သြစတြေးလျအထူးထိပ်သီးအစည်းအဝေးကို ၂၀၁၈ခုနှစ်တွင် သြစတြေးလျနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် မျှော်လင့်ထားကြောင်း ဝန်ကြီးချုပ် မဲလ်ကွန်တန်ဘူးလ်က ဖေဖော်ဝါရီ ၂၃ ရက်က ကြေညာချက်တစ်စောင်တွင် ပြောကြားခဲ့သည်။

အဆိုပါထိပ်သီးအစည်းဝေးကို ဆစ်ဒနီမြို့တွင် ၂၀၁၈ ခုနှစ်မတ်လတွင် ပြုလုပ်ရန်ရွေးချယ်ထားပြီး ကျင်းပဖြစ်ခဲ့မည်ဆိုပါက သြစတြေးလျနိုင်ငံအနေဖြင့် အာဆီယံထိပ်သီးအစည်းအဝေးတစ်ခုအား ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသည် အာဆီယံ-သြစတြေးလျနိုင်ငံ၏ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ခိုင်မာစေရေးအတွက် သမိုင်းတွင် မကြုံစဖူးသည့် အခွင့်အလမ်းတစ်ခုဖြစ်လာမည်ဖြစ်က၊ နိုင်ငံအတွက် စီးပွားရေးနှင့် လုံခြုံရေးအကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **(ဆင်ဟွာ)**

## နေစကြဝဠာအပြင်ဘက်တွင် လူသားများနေထိုင်နိုင်မည်ဟု ယူဆရသော ဂြိုဟ်အဖွဲ့အစည်းအား နာဆာရှာဖွေတွေ့ရှိ

**လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၃**

နေစကြဝဠာမှ အလင်းနှစ် ၄၀ အကွာအဝေး၌ ကျစ်လျစ်သိပ်သည်းသော ဂြိုဟ်အဖွဲ့အစည်းတစ်ခုအား ရှာဖွေတွေ့ရှိခဲ့ကြောင်း အမေရိကန်အာကာသ အေဂျင်စီနာဆာက ယမန်နေ့က ပြောခဲ့သည်။

နိုင်ငံတကာနက္ခတ္တဗေဒပညာရှင်အဖွဲ့က မြေပြင်အခြေစိုက် နက္ခတ်တာရာကြည့်စခန်းများနှင့် အားကောင်းသော အာကာသမှန်ပြောင်းများကို အသုံးပြု၍ ကမ္ဘာဂြိုဟ်နှင့်နီးကပ်သော ကုံရာသီခွင်ကြယ်အစုအဝေးအတွင်းရှိ တာရာပစ်-၁ ကြယ်အား လှည့်ပတ်နေသည့် ကမ္ဘာဂြိုဟ်အရွယ် ဂြိုဟ်ခုနစ်လုံးကို ပထမဆုံး ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

သေးငယ်သောကြယ်အနီးတွင် လည်ပတ်နေသော ကမ္ဘာဂြိုဟ်အရွယ် ဂြိုဟ်ခုနစ်လုံးကို တွေ့ရှိခဲ့ကြောင်း၊ အဆိုပါဂြိုဟ်များတွင် အသက်ရှင်ရန် အဓိကသော့ချက်ဖြစ်သော အရည်ပုံစံတစ်မျိုးရှိနေနိုင်ကြောင်း နာဆာက တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

ဂြိုဟ်ခုနစ်လုံးအနက် သုံးလုံးသည် ကြယ်တာရာအနီးဇုန်အတွင်း၌ ရှိနေသောကြောင့် အသက်ရှင်နေနိုင်ကြောင်း သိရသည်။

အဆိုပါရှာဖွေတွေ့ရှိမှုသည် နေစကြဝဠာအပြင်ဘက်ရှိ ကြယ်တာရာတစ်လုံးအား လှည့်ပတ်နေသည့် အသက်ရှင်နေထိုင်ရန် လုံလောက်သော အခြေအနေရှိသည့် ဂြိုဟ်တွေ့ရှိမှုများအနက် အရေအတွက်အများဆုံး ရှာဖွေတွေ့ရှိမှုအဖြစ် စံချိန်တင်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## တရုတ်နိုင်ငံသို့ ကျောက်မီးသွေးတင်ပို့မှုကို ပိတ်ပင်ခံရသည့်အတွက် မြောက်ကိုရီးယားဝေဖန်ပြောဆို

**ပြုံယမ်း ဖေဖော်ဝါရီ ၂၃**

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်လိုက်သော ပိတ်ဆို့မှုတစ်ရပ်ဖြစ်သည့် မြောက်ကိုရီးယားနိုင်ငံမှ ကျောက်မီးသွေးများ တရုတ်နိုင်ငံသို့တင်ပို့မှုကို ရပ်ဆိုင်းထားရန် တရုတ်က ဆုံးဖြတ်လိုက်သည့်အတွက် မြောက်ကိုရီးယားသည် တရုတ်နိုင်ငံအား သွယ်ဝိုက်သည့်ဝေဖန်ပြောဆိုမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံပိုင် ကိုရီးယားဗဟိုသတင်းဌာနက ကြာသပတေးနေ့တွင် ယင်းကိစ္စနှင့် ပတ်သက်၍ တရုတ်နိုင်ငံအား ဝေဖန်ပြောဆိုထားသည့် အကြောင်းအရာကို အမည်ထုတ်ဖော်ခြင်းမရှိဘဲ



ဖော်ပြမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်းဌာနမှ ပြောကြားချက်အရ မြောက်ကိုရီးယားနိုင်ငံနှင့်ခင်မင်ရင်းနှီးသည့် အိမ်နီးချင်းဟုဆိုရမည့် နိုင်ငံတစ်ခုသည် နှစ်နိုင်ငံကူးသန်းရောင်းဝယ်မှုကို လုံးဝရုပ်သိမ်းသွားရန် ခြေလှမ်းပြင်လျက်ရှိနေသည်ဟု ဆိုသည်။ မိတ်ဆွေနိုင်ငံက ထိုကဲ့သို့ ပိတ်ဆို့မှုမျိုးကို သဲကြီးမဲကြီးပြုလုပ်နေခြင်းဖြင့် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်မှုအပေါ် မထိခိုက်စေသင့်ကြောင်း ဖော်ပြပြောဆိုခဲ့သည်ဟုဆိုသည်။ ပိတ်ဆို့မှုများ လုပ်ဆောင်ကာ ငွေကြေးစီးဆင်းမှုတစ်စိတ်တစ်ပိုင်းကိုလျှော့ချလိုက်ခြင်းအားဖြင့် မြောက်ကိုရီးယားနိုင်ငံအား နျူကလီးယားလက်နက်များ တည်ဆောက်ထုတ်လုပ်နေခြင်းကို လက်လျှော့သွားအောင် အတင်းအကျပ်ဖိအားပေးနိုင်လိမ့်မည်ဟု အဆိုပါနိုင်ငံ၏ တွေးခေါ်မှုသည် ကလေးဆန်သောအပြုအမူသာဖြစ်သည်ဟု အကြောင်းအရာတွင် ထည့်သွင်းပြောဆိုခဲ့သည်။

ပြီးခဲ့သည့်တနင်္ဂနွေနေ့က တရုတ်အာဏာပိုင်များသည် မြောက်ကိုရီးယား ကျောက်မီးသွေးတင်ပို့မှုကို ပိတ်ပင်သွားမည်ဖြစ်ပြီး နှစ်ကုန်ဆုံးချိန်အထိ ပိတ်ပင်မှုကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## ၁၈၇နှစ်ကြာ ဗြိတိန်ရဲတပ်ဖွဲ့သမိုင်းတွင် အမျိုးသမီးရဲအရာရှိတစ်ဦး ပထမဆုံး ရဲမင်းကြီးဖြစ်လာ

**လန်ဒန် ဖေဖော်ဝါရီ ၂၃**

လန်ဒန်မြို့တော်ရဲတပ်ဖွဲ့၏ ရဲမင်းကြီးအဖြစ် အမျိုးသမီးရဲအရာရှိတစ်ဦးဖြစ်သူ ခရက်စီဒါဒစ်ခ်အား ခန့်အပ်မည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံ ပြည်ထဲရေးဝန်ကြီး ဘမ်ဘာရုက ယမန်နေ့က ကြေညာခဲ့သည်။

ထိုသို့ အမျိုးသမီးရဲအရာရှိတစ်ဦးကို ရဲမင်းကြီးရာထူး ခန့်အပ်လိုက်ခြင်းသည် ဗြိတိန်သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်ဖြစ်ပြီး နောက်ပိုင်းကာလများတွင် ဗြိတိန်ရဲတပ်ဖွဲ့ကြီးကို အမျိုးသမီးက ဦးဆောင်တော့မည်ဖြစ်သည်။

အရေးပါသော အဆိုပါရာထူးနေရာအတွက် ပြည်ထဲရေးဝန်ကြီး ထောက်ခံချက်ဖြင့် ဘုရင်မကြီး အဲလိဇဘတ်-၂က ဒစ်ခ်အား ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့တော်ရဲတပ်ဖွဲ့သည် ဗြိတိန်နိုင်ငံတွင် အကြီးဆုံးရဲတပ်ဖွဲ့ဖြစ်ပြီး အင်အား ၄၃၀၀၀ ကျော်နှင့် နှစ်စဉ်ဘတ်ဂျက် ပေါင်သုံးဘီလီယံ (အမေရိကန်ဒေါ်လာ ၃



ဒသမ ၇၄ ဘီလီယံ) ကျော်ရှိကြောင်း သိရသည်။ ဒစ်ခ်သည် ထူးခြားသော ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ပြတ်သားသောအမြင်ရှိကာ လူတန်းစားမျိုးစုံတွင် အံ့ဝင်ခွင်ကျ လိုက်ပါလုပ်ဆောင်တတ်သူတစ်ဦးဖြစ်ကြောင်း ရုက မှတ်ချက်ပြုပြောကြားခဲ့သည်။

အကြမ်းဖက်မှု မြင့်မားခြင်း၊ ဆိုက်ဘာပြစ်မှုကျူးလွန်မှုများ မြင့်တက်လာခြင်း စသည့်အခြေအနေများတွင် ၎င်းအနေဖြင့် တာဝန်ယူလျှောက်လှမ်းရမည်ဖြစ်ကြောင်း သိရသည်။ ၎င်းသည် နှစ်ပေါင်း ၁၈၇ နှစ်အကြာ ဗြိတိန်သမိုင်းတွင် ပထမဆုံးအမျိုးသမီးရဲမင်းကြီးဖြစ်လာခဲ့ပြီး လုပ်ငန်းအတွေ့အကြုံရှိကာ အရည်အချင်းပြည့်ဝသူတစ်ဦးဖြစ်ကြောင်း လန်ဒန်မြို့တော်ဝန် ဆာဒဏ်ခန်ကပြောခဲ့သည်။ **(ဆင်ဟွာ)**

# အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဂျပန် ကူညီမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

စက်မှုဝန်ကြီးဌာန အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဂျပန်နိုင်ငံ Japan-Myanmar Association (JMA) တို့ပူးပေါင်းပြီး မြန်မာနိုင်ငံရှိ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်အတွက် ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ စီးပွားရေး ချိတ်ဆက်ဆောင်ရွက်နိုင်ရန် တွေ့ဆုံပွဲ 4th Myanmar - Japan Business Matching အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်သည် စက်မှုအသင်းချုပ်၌ ကျင်းပသည်။

"ဒီလို Business Matching ပွဲတွေပြုလုပ်ပေးခြင်းဖြင့် မြန်မာနိုင်ငံမှာရှိတဲ့ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းတွေ နိုင်ငံတကာနဲ့ ချိတ်ဆက်နိုင်ဖို့ အခွင့်အလမ်းတွေ ရရှိလာမှာဖြစ်ပါတယ်။ ညှိနှိုင်းတွေ့ဆုံ ဆွေးနွေးမှုတွေကတစ်ဆင့် SME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အထောက်အကူဖြစ်စေနိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဂျပန်စီးပွားရေးလုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်မှုနဲ့အတူ တိုးပွားလာမှာဖြစ်ပါတယ်"ဟု စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက အဆိုပါ အခမ်းအနားတွင် ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလကုန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုစာရင်းအရ မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ အဆင့် ၁၁ ရှိပြီးလုပ်ငန်းပေါင်း ၇၉ ခုတွင် အမေရိကန်ဒေါ်လာ ၅၈၀ ဒသမ ၄၅၁ သန်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင်လည်း နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကုမ္ပဏီပေါင်း ၇၉ ခုရှိရာတွင် ဂျပန်ကုမ္ပဏီ ၄၀ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိကြောင်း၊ ဂျပန်အစိုးရ၏ အထောက်အပံ့ဖြင့် လာမည့်ငါးနှစ်အတွက် ဂျပန်ယန်း ဘီလီယံ ၈၀၀ သုံးစွဲကာ မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် SME လုပ်ငန်းများ အပါအဝင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်အစိုးရအနေဖြင့် JICA၊ JETRO အစရှိသော အဖွဲ့အစည်းများ၊ ရုံးခွဲများ၊ ရန်ကုန်မြို့၌ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံရှိ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ရန်ကုန်မြို့ ဂျပန်သံရုံး ဒုတိယအကြီးအကဲ မစ္စတာ အီချီရို မာရုယာမက အဆိုပါ အခမ်းအနားတွင် ပြောကြားသည်။

အဆိုပါ စီးပွားရေးချိတ်ဆက်ပွဲ အခမ်းအနားသို့ ဂျပန်-မြန်မာအသင်း (JMA) ဒုတိယဥက္ကဋ္ဌ မစ္စတာ ယိုရှိုတို ဆန်ဂိုကုဦးဆောင်သော ဂျပန်စီးပွားရေးလုပ်ငန်းကိုးခုမှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံမှ စက်မှုဇုန်ဥက္ကဋ္ဌများနှင့် မြန်မာစီးပွားရေးလုပ်ငန်း ၃၀ မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကာ မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးအတွက် ဆွေးနွေးကြသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ဂျပန်စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ အကြီးစား ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်း၊ စတော့အိတ်ချိန်းအစရှိသဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ တစ်နှစ်ထက်တစ်နှစ် ဂျပန်စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**




**4th Myanmar - Japan Business Matching အခမ်းအနားတွင် တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်**

# မောင်တောမြို့နယ်တွင် စတုတ္ထတန်းနှင့် အဋ္ဌမတန်း စာမေးပွဲများဖြေဆို

**မောင်တော ဖေဖော်ဝါရီ ၂၃**

မောင်တောမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများ၌ ဖွင့်လှစ်ထားရှိသည့် စာစစ်ဌာနများတွင် စတုတ္ထတန်းနှင့် အဋ္ဌမတန်း ကျောင်းသား ကျောင်းသူများအတွက် အတန်းတင်စာမေးပွဲဖြစ်သည့် နှစ်ဝက်ဆုံးစာမေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ ကျောင်းအသီးသီး၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ လာရောက်ဖြေဆိုကြသည်။

မောင်တော မြို့နယ်အတွင်း၌ စတုတ္ထတန်းအတွက် စာစစ်ဌာန ၅၁ ခု၊ အဋ္ဌမတန်းဖြေဆိုသည့် ကျောင်းသား ကျောင်းသူများအတွက် စာစစ်ဌာန ၂၂ ခု ဖွင့်လှစ်ထားပြီး စတုတ္ထတန်း ကျောင်းသား ကျောင်းသူ ၃၇၀၅ ဦး၊ အဋ္ဌမတန်း ကျောင်းသား ကျောင်းသူ ၁၅၅၇ ဦး တို့ ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

"မောင်တောမြို့နယ်အတွင်းမှာ အရင်နှစ်က စတုတ္ထတန်းအတွက် စာစစ်ဌာန ၄၂ ခု၊ အဋ္ဌမတန်းအတွက် စာစစ်ဌာန ၁၄ ခု စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီနှစ်မှာတော့ စာမေးပွဲဖြေဆိုတဲ့ ကျောင်းသား ကျောင်းသူတွေ ပိုမိုလွယ်ကူအဆင်ပြေအောင် စတုတ္ထတန်းအတွက် စာစစ်ဌာန ကိုးခု၊ အဋ္ဌမတန်းအတွက် ရှစ်ခုတိုးပြီး ဆောင်ရွက်ပေးထားပါတယ်။ အခြားသွားရေးလာရေးနဲ့ ပတ်သက်ပြီး အခက်အခဲတွေလည်းမရှိအောင် ဆောင်ရွက်ပေးပါတယ်။ စစ်မေးသွားမယ့် မေးခွန်းတွေနဲ့ ကျောင်းသားကျောင်းသူတွေ ဖြေဆိုထားတဲ့အဖြေလွှာတွေကို စာစစ်ဌာနတွေမှာရှိတဲ့ သီးသန့်အခန်းမှာ သက်ဆိုင်ရာစာစစ်မှူးနဲ့ အခြားတာဝန်ရှိသူတစ်ဦးတို့ ပေါင်းပြီး သော့ခတ်ထိန်းသိမ်းသွားမှာ ဖြစ်ပါတယ်။ မြို့နယ်ပညာရေးမှူးရုံးကို နေ့ချင်းရောက်နိုင်တဲ့ အဖြေလွှာတွေကို နေ့ချင်းရယူသွားမှာပါ။ နေ့ချင်းမရောက်နိုင်တဲ့ ကျေးရွာတွေက အဖြေလွှာတွေကိုတော့ စာမေးပွဲအပြီးမှာ မြို့နယ်ပညာရေးမှူးရုံးက သွားရောက်ရယူမှာ ဖြစ်ပါတယ်" ဟု မောင်တောမြို့နယ်ပညာရေးမှူး ဦးခင်အောင်က ပြောသည်။

ယခုနှစ် စတုတ္ထတန်းစာမေးပွဲအတွက် မေးခွန်းကို ခရိုင်အဆင့်က စစ်မေးခြင်းဖြစ်ပြီး အဋ္ဌမတန်းစာမေးပွဲအတွက် မေးခွန်းများကို ပြည်နယ်အဆင့်မှ စစ်မေးခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




# ကမ်းပါးများပြိုကျသဖြင့် ဒေသခံများစိုးရိမ်

**ကသာ ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ပုလွေရွှေအုပ်စု မင်္ဂလာရန်ငြိမ်းကျွန်းတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျသဖြင့် ဒေသခံများက စိုးရိမ်နေကြောင်း သိရသည် ။

ယင်းမင်္ဂလာရန်ငြိမ်းကျွန်းကျေးရွာသည် ကသာ-ပုလွေရွှေကူးတို့စက်လှေဆိပ်သို့ သွားသည့်လမ်း၌ တည်ရှိသော ကျေးရွာဖြစ်ပြီး အိမ်ထောင်စုဦးရေ ၁၀၀ ခန့် နေထိုင်လျက်ရှိကြောင်း သိရသည်။ ယခုအခါတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ယင်းကျေးရွာအနီးရှိ မြစ်ကမ်းပါးများသည် တဖြည်းဖြည်း ပြိုကျလာသဖြင့် မြစ်ကမ်းပါးနှင့် ကျေးရွာမှာ ကိုက် ၃၀ ခန့်သာ ကွာဝေးတော့ကြောင်း၊ ယခင်မြစ်ကမ်းပါးမပြိုမီအချိန်က ယင်းကျေးရွာနှင့် ဧရာဝတီမြစ်ကမ်းပါးအကွာအဝေးမှာ ကိုက် ၇၀၀ ခန့် ရှိကြောင်း ယင်းကျေးရွာမှဒေသခံတစ်ဦးက ပြောသည်။ **မောင်ငြိမ်းဝင့်**



# ရဲတပ်ဖွဲ့နှင့် ပြည်သူပူးပေါင်းဆောင်ရွက်မှုဖြင့် တရားခံပြေးနဂါးလေးကို ဖမ်းမိ




**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

မူးယစ်ဆေးဝါးမှုနှင့် လုယက်မှုတို့ဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှအလိုရှိနေသော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ နဂါးလေး (ခ) အောင်နိုင်မြင့်အား ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၈နာရီခွဲက မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ မကျီးချောင်း(၄)ရပ်ကွက်ရှိ ၎င်း၏အဒေါ်ဖြစ်သူနေအိမ်၌ HONDA FIT ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိပြီဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၂၀)ရပ်ကွက် လှော်ကားလမ်းနှင့် ဥဿဘုရားလမ်းဆုံ၌ ယာဉ်ပစ္စည်းများ အလုပြုပြင်ဆိုင်တွင် တရားခံပြေးရောက်ရှိနေကြောင်း ဖေဖော်ဝါရီ ၁၆ ရက်က သတင်းရရှိသည့်အတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးစဉ် ယာဉ်တစ်စီးအား တိုက်၍ ထွက်ပြေးသွားသော နဂါးလေးအား ဖမ်းဆီးရာ အဖမ်းမခံဘဲ မောင်းနှင်ထွက်ပြေးခဲ့ပြီးဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ကျီစုအနောက်လယ်ကွင်းမြေသားလမ်းပေါ်၌ ယာဉ်ကိုထားရှိပြီး ထွက်ပြေးလွတ်မြောက်သွားခဲ့ခြင်း ဖြစ်သည်။

တိမ်းရှောင်ထွက်ပြေးလွတ်မြောက်နေသူအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ မှုခင်းအကူဌာနမှ ဒုရဲမှူး ညီပု ဦးစီးသော တပ်ဖွဲ့ဝင်များက သတင်းကွင်းဆက်အတိုင်း လိုက်လံစုံစမ်းဖော်ထုတ်ခဲ့ရာ ဖေဖော်ဝါရီ ၂၃ ရက်တွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ မကျီးချောင်း (၄)ရပ်ကွက်ရှိ အဒေါ်ဖြစ်သူ ဒေါ်ချိုပြုံး၏နေအိမ်၌ အနက်ရောင် HONDA FIT မော်တော်ယာဉ်တစ်စီးနှင့်အတူ နံနက် ၈ နာရီတွင် ဖမ်းဆီးရမိခဲ့သည်။

"ညနေပိုင်းလမ်းပေါ်မှာ အခုလို ပစ်ခတ်ဖမ်းဆီးပြီး လွတ်မြောက်သွားတယ်ဆိုတော့ အားလုံးရဲ့ စိုးရိမ်ပူပန်နေကြတာ။ အခြားမြို့ကို သွားပြီးဒုက္ခပေးမယ်ဆိုတာလည်း ပြည်သူက သိနေတယ်။ အခုလို ရဲတပ်ဖွဲ့က ထိထိမိမိဖမ်းဆီးနိုင်တာကိုပဲ အထူးပဲဝမ်းသာဂုဏ်ယူပါတယ်။ ရဲတပ်ဖွဲ့ရဲ့ အခုလို စွမ်းရည်ကိုမြင်ရတာ ပြည်သူတွေပိုပြီး ယုံကြည်လေးစားပါတယ်။ ရဲနဲ့ပြည်သူ ပူးပေါင်းဆောင်ရွက်မှုရဲ့ရလဒ်လို့လည်း ထင်ပါတယ်"ဟု လှော်ကားလမ်းနှင့် ဥဿဘုရားလမ်းဆုံအနီး နေထိုင်သူတစ်ဦးက ပြောသည်။

"မကျီးချောင်းမှာ ရောက်နေတယ်လို့ သတင်းရတာနဲ့ ဒုရဲမှူးညီပုနဲ့ မကွေးတိုင်းဒေသကြီးက ရဲတပ်ဖွဲ့၊ မင်းဘူးခရိုင် ရဲတပ်ဖွဲ့တွေနဲ့ ရပ်မိရပ်ဖတွေ ပူးပေါင်းပြီး သူ့ဇနီးရဲ့အဒေါ်ဖြစ်သူ အိမ်ကို ဒီမနက်ရောက်ရောက်ချင်း ဖမ်းဆီးခဲ့တာပါ။ ဒေသခံပြည်သူနဲ့ ရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုရဲ့ အကျိုးကျေးဇူးပါ"ဟု မင်းဘူးမြို့မရဲစခန်းမှ နယ်ထိန်း ခေါင်းဆောင် ရဲအုပ် မိုးကျော်ဟိန်းက ပြောသည်။ ဖေဖော်ဝါရီ ၁၆ ရက်က ထွက်ပြေး လွတ်မြောက်နေသော တရားခံပြေးအား ၎င်းကျူးလွန်ထားသည့် အမှုများအတိုင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သိရ သည်။

**သန်းထိုက်(လှိုင်သာယာ)၊မျိုးမင်းသိန်း**
**ဓာတ်ပုံ-မေသူလွင်**

# မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပညာရေးမှူးကို တရားစွဲဆိုအရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပညာရေးမှူး ဒေါ်ခင်အုန်းမြ (ယခုလက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး၊ သရက်ခရိုင်)အား အရေးယူပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုင်ကြားခဲ့ခြင်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့က အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့သည်။

လွှဲပြောင်းတိုင်ကြားစာအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ တိုင်းဒေသကြီး မြို့သစ်မြို့နယ်ပညာရေးမှူး ဒေါ်ခင်အုန်းမြ(ယခု လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး၊ သရက်ခရိုင်) သည် နေ့စား(လပေး) ဆရာ၊ ဆရာမများခန့်ထားရေးကိစ္စတွင် သက်ဆိုင်သူများထံမှ စုစုပေါင်းငွေကျပ် ၁၃၆၀၀၀၀ ကို ရယူခဲ့ကြောင်း၊ ငွေကြေးများရယူချိန်တွင် မြို့သစ်မြို့နယ် ပညာရေးမှူးဖြစ်သဖြင့် လုပ်ပိုင်ခွင့်အာဏာရှိသူဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ တိုင်းဒေသကြီးတရားလွှတ်တော်တွင် တရားစွဲဆိုအရေးယူရန်ဆောင်ရွက်ခဲ့ရာ မြို့သစ်မြို့နယ် ပညာရေးမှူး ဒေါ်ခင်အုန်းမြမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် တိုင်းဒေသကြီး တရားလွှတ်တော်တွင် ဖေဖော်ဝါရီ ၂၃ ရက်က ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆/ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယာဉ်သုံးစီးဆင့်ကဲတိုက်မှု ဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းမကြီး ငါးထပ်ကြီးဘုရားရှေ့၌ ယနေ့မွန်းလွဲပိုင်းက ယာဉ်သုံးစီးဆင့်ကဲတိုက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အရှေ့ဘက်ယာဉ်ကြောမှ မောင်းနှင်လာသော YBS ဘတ်စ်ကားအမှတ် ၂၉ ယာဉ်နှင့် ဆန့်ကျင်ဘက်ယာဉ်ကြောမှ မောင်းနှင်လာသော အငှားယာဉ်နှင့် တိုက်မိပြီး အခြားအငှားယာဉ်တစ်စီးနှင့် ဆင့်ကဲတိုက်မှု ဖြစ်ပွားခဲ့သည်။

ယင်းယာဉ်မတော်တဆမှု ဖြစ်စဉ်ကြောင့် YBS ၂၉ ယာဉ်လိုင်းမှာ အနီးရှိ သရက်ပင်ကိုဝင်တိုက်မိပြီး ရပ်တန့်သွားခဲ့ကြောင်း Probox အမျိုးအစားအငှားယာဉ်မှာ ဦးခေါင်းပိုင်းကြေသွားကာ Fielder အမျိုးအစားအငှားယာဉ်မှာ ပလက်ဖောင်းပေါ်ရှိ အရှိန်ထိန်းအမှတ်အသား ဆိုင်းဘုတ်ကိုတိုက်မိပြီး ရပ်တန့်သွားခဲ့သည်။

အဆိုပါယာဉ်တိုက်မှုနှင့်ပတ်သက်ပြီး YBS ယာဉ်လိုင်းအမှတ် ၂၉ မှ ယာဉ်မောင်းအား ဖမ်းဆီးထားပြီး လူသေပျောက်မှုမရှိဘဲ ဒဏ်ရာတစ်ဦးသာ ရရှိကြောင်း သိရသည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ အမှုမှန်ပေါ်ပေါက်ရေး ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ YBS မှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုပြီး စစ်ဆေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **သတင်း-အေကေလင်း၊ ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**

# ကောလင်းမြို့၌ ရွှေထည်ပစ္စည်း ၁၄၆ သိန်းဖိုးခန့် ခိုးယူခံရ

**ကောလင်း ဖေဖော်ဝါရီ ၂၃**

ကသာခရိုင် ကောလင်းမြို့သုဝဏ္ဏရပ်ကွက်နေ ဦးခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၂၂ ရက်က ကန်ပေါက်ကြီးရွာသို့ ထင်းတိုက်သွားနေစဉ် နံနက် ၁၁ နာရီခန့်တွင် နေအိမ်၌ ကျန်ရှိနေခဲ့သော ဇနီးဖြစ်သူ မစန္ဒာဝင်းမှ နေအိမ်အတွင်း သူခိုးဝင်ခိုးသွားကြောင်း ဖုန်းဆက်အကြောင်းကြားသဖြင့် နေအိမ်သို့ပြန်လာခဲ့ပြီး နေအိမ်အိပ်ခန်းအတွင်းရှိ သေတ္တာအား စစ်ဆေးကြည့်ရှုခဲ့ရာ သေတ္တာအတွင်း သိမ်းဆည်းထားသည့် ၁၀၀၀၀ ကျပ်တန် ငွေစက္ကူအရွက် ၂၀၀ ကျပ်သိန်း ၂၀၊ အောင်သမာဓိတံဆိပ်ပါ ၁၀ ကျပ်သား ရွှေတုံးတစ်တုံးတန်ဖိုး ၈၈ သိန်းခန့်၊ သံကြိုးပုံ နှစ်ကျပ်သားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး တန်ဖိုး ၁၆ သိန်းခန့်၊ တစ်ကျပ်သားခန့်ရှိ ပွတ်လုံးရွှေလက်ကောက်နှစ်ကွင်း တန်ဖိုး ၁၇ သိန်းခန့်၊ ကျောက်ပြားပါတစ်မတ်သားခန့်ရှိ ရွှေလက်စွပ်တစ်ကွင်း တန်ဖိုး သုံးသိန်းခန့်၊ ကျောက်နီငါးလုံးတပ် ငြိမ်းချမ်းရေးချိုးရုပ်ပုံပါ လေးရွှေးခန့်ရှိ ရွှေဆွဲသီးတစ်ခု တန်ဖိုးနှစ်သိန်းခန့်တို့မှာ ခိုးယူခံခဲ့ရကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ဖြစ်စဉ်နှင့်ပတ်သက်၍ ကောလင်းမြို့မရဲစခန်းက အမှုဖွင့်ခဲ့ပြီး ပြစ်မှုကျူးလွန်သူအားဖမ်းဆီးရမိရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ကျောင်းဆရာမတစ်ဦး၏ အိမ်မှ ငွေကျပ် ၉၆ သိန်းတန်ဖိုးရှိ ငွေနှင့် ရွှေထည်ပစ္စည်းများ ခိုးယူခံရ

**မိုးမောက် ဖေဖော်ဝါရီ ၂၃**

ကချင်ပြည်နယ် မိုးမောက်မြို့နယ်တွင် မူလတန်းပြဆရာမတစ်ဦး၏ နေအိမ်အတွင်းရှိ စုစုပေါင်းတန်ဖိုးငွေကျပ် ၉၆ သိန်းခန့်ရှိ ငွေနှင့် ရွှေထည်ပစ္စည်းများ ခိုးယူခံရမှုဖြစ်ပွားကြောင်း သိရသည်။

မိုးမောက်မြို့နယ် မံပုံကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ကြံခင်း)မှ မူလတန်းပြဆရာမ ဒေါ်စိမ့်စိမ့်စိုး(၃၂ နှစ်)သည် ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ကျောင်းသို့ စာမေးပွဲစစ်ရန်သွားရောက်ခဲ့ပြီး ခင်ပွန်းဖြစ်သူကလည်း မိုးမောက်မြို့နယ် ဂွယ်ကထောင်ကျေးရွာသို့ အလုပ်ကိစ္စဖြင့် သွားရောက်နေသဖြင့် နေအိမ်ကို သော့ခတ်ထားခဲ့သည်။

မွန်းလွဲ ၂ နာရီခွဲကျော်ခန့်တွင် နေအိမ်သို့ ပြန်လည်ရောက်ရှိလာချိန်၌ ဧည့်ခန်းအတွင်းရှိ ပစ္စည်းများပြန့်ကြဲနေသည်ကိုတွေ့ရသဖြင့် အိပ်ခန်းအတွင်းသို့ ဝင်ရောက်ကြည့်ရှုရာ သေတ္တာနှစ်လုံးဆင့်ထားသည့်အနက် အောက်ဘက် သံသေတ္တာနှင့်စာရေးခုံအကြား ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်ထားသည့် မြန်မာငွေစက္ကူရောရာ ငွေကျပ် သိန်း ၄၀၊ ကျပ်လေးသိန်းခန့်တန်ဖိုးရှိ ငါးမူးသား ရွှေဆွဲကြိုးတစ်ကုံး၊ ကျပ် ၁၆၀၀၀၀၀ ခန့်တန်ဖိုးရှိ နှစ်ကျပ်သားခန့် ရွှေဆွဲကြိုးတစ်ကုံး၊ ကျပ် ၁၂၀၀၀၀၀ ခန့် တန်ဖိုးရှိ တစ်ကျပ်သားခွဲခန့်ရှိ ရွှေလက်ကောက်နှစ်ကွင်း၊ ကျပ်နှစ်သိန်းခန့်တန်ဖိုးရှိ တစ်မတ်သားရွှေနားကပ်တစ်ရန်၊ ကျပ်လေးသိန်းတန်ဖိုးခန့်ရှိ ရွှေနားဆွဲတစ်ရန်၊ ကျပ်နှစ်သိန်းတန်ဖိုးရှိ တစ်မတ်သားခန့် ကလေးရွှေဆွဲကြိုးတစ်ကုံး၊ ကျပ်နှစ်သိန်း တန်ဖိုးရှိ တစ်မတ်သားကျောက်စိမ်းလက်စွပ်တစ်ကွင်း၊ ကျပ်လေးသိန်းတန်ဖိုးရှိ ငါးမူးသားကျောက်နီလက်စွပ်တစ်ကွင်း၊ ကျပ်ရှစ်သိန်းခန့်တန်ဖိုးရှိ တစ်ကျပ်သား ရွှေလက်စွပ်မောင်းကွင်း နှစ်ကွင်း၊ ကျပ်နှစ်သိန်းခန့်တန်ဖိုးရှိ တစ်မတ်သားရွှေလက်စွပ်တစ်ကွင်း ပျောက်ဆုံးနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးမောက်မြို့မရဲစခန်းက အမှုဖွင့်၍ ပြစ်မှုကျူးလွန်သူ ကို ဖမ်းဆီးရမိရေးအတွက် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဆီမီးခုံ- နန်းရီ**

# လားရှိုးမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၈၀ ဖိုးခန့် ဖမ်းဆီးရမိ

**လားရှိုး ဖေဖော်ဝါရီ ၂၃**

မူးယစ်ဆေးဝါးများကို မူးယစ်တပ်ဖွဲ့မှ နေ့စဉ်စစ်ဆေးဖမ်းဆီးလျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက် ည ၈ နာရီက လားရှိုးမြို့အဝင်ရှိ အိုရီယမ်တယ်တိုးဂိတ်အနီး မူးယစ်တပ်ဖွဲ့စု(၂၄ ) မှ တာဝန်ထမ်းဆောင်နေစဉ် ဆိုင်ကယ်သမားတစ်ဦးအားစစ်ဆေးရာမှ အင်္ကျီအတွင်း သို့ဝှက်ယူဆောင်လာသော ငွေကျပ် သိန်း ၈၀ ခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လားရှိုးမြို့မှ နောင်မွန်ရွာဘက်သို့ Follow Me 125 နက်ပြာရောင် ဆိုင်ကယ်စီးနင်းလာသည့် အောင်လွင်ဦး (၄၅ နှစ်) ကျောက်မဲမြို့နေသူ၏ ဆိုင်ကယ်အား အိုရီယမ်တယ်တိုးဂိတ်အနီး၌ မူးယစ်တပ်ဖွဲ့စု(၂၄)မှ စစ်ဆေးရှာဖွေရာ ၎င်းဝတ်ဆင်ထားသော အင်္ကျီအတွင်း သို့ဝှက်သယ်ဆောင်လာသော ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါအထုပ် ၂၀၊ ကာလတန်ဖိုး ငွေကျပ် သိန်း ၈၀ ခန့်ရှိသည့် မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိ၍ လားရှိုးမြို့နယ် နောင်မွန်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(၁၆၄)**

## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ


**သွင်းကုန်လိုင်စင်ပျောက်ဆုံးခြင်း**

ကျွန်တော်များ တက်နေခြည်ကုမ္ပဏီ သွင်းကုန်လိုင်စင်အမှတ် ILV 16-17 7719(28-10-2016) တွင် သွင်းကုန်လိုင်စင်ရရှိခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ သွင်းကုန်လိုင်စင်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ဖြစ်ပါသည်။

**ဦးအောင်ဆန်းလင်း တက်နေခြည်ကုမ္ပဏီ**
**ဖုန်း-၀၉-၂၆၀၂၁၇၆၉၉**

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ**

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၇ခုနှစ် မတ် ၂ရက် (တောင်သူလယ်သမားနေ့) တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ပျောက်ဆုံးကြောင်း**

ဇော်မင်း ၁၂/ဥကတ(နိုင်)၀၁၅၅၀၈၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၅၉၄၆၆၅**

**အမည်မှန်**

မုဒုံမြို့၊ အလက(ခွဲ)၊ ဒုံကနီ၊ဆဋ္ဌမတန်းမှ(ဘ) ဦးငွေးအောင်၏သား မောင်မင်းဟိန်းကျော်၏အမည်မှန်မှာ မောင်အောင်ဖြိုးသူ ဖြစ်ပါကြောင်း။ **မောင်အောင်ဖြိုးသူ**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် DD/6731 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဇ/၂၈၇၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**အမည်ပြောင်း**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ခိုင်ရွှေဝါ(ဗဟိုလမ်း)၊ အမှတ် ၁၆၉ ခြောက်လွှာ A နေ ဦးဇာဏီထွန်း- ဒေါ်နီနီအောင်တို့၏သား ထက်လွန်းသူအား လင်းမာန်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **လင်းမာန်ဦး**

**မွေးသက္ကရာဇ်အမှန်**

ဘူးသီးတောင်မြို့၊ ငကျည်တောက်တပ်နယ်နေ ဦးသန်းငွေ-ဒေါ်ခင်ကြူတို့၏သမီး မသန်းသန်းအေး ၁၁/ဘသတ(နိုင်)၀၂၇၃၀၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၅-၁၉၉၃ ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ကြောင်း**

ဦးလန့်ကျင့်၏သား ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ တွန်းဇံမြို့၊ တွန်းဇံ အခြေခံပညာအထက်တန်းကျောင်းတွင် အထက်တန်းကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်နေသော ဦးစီအဲလ်ဂိုးခင်းထန်နှင့် မောင်ခင်းထန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးစီအဲလ်ဂိုးခင်းထန်(ခ)မောင်ခင်းထန် ၄/တဇန(နိုင်)၀၁၁၉၉၆**

**Y.E.S. Since 1994**
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
**International English Language Centre**
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို ဘွဲ့ရများအတွက်

**Basic Spoken English**
Sat & Sun-12:30-3:30pm 4,25 Feb
Mon to Thurs-10:00-12:00am 6,27 Feb
Mon to Thurs-3:00-5:00pm 6 Feb
Mon to Thurs-7:30-9:30am 13 Feb
Mon to Thurs-5:30-7:00pm 13 Feb
Sat & Sun-3:45-6:45pm 25 Feb
Mon to Thurs-1:00-3:00pm 27 Feb

**Pre-Intermediate English**
Mon to Thurs-7:30-9:30am 13 Feb
Mon to Thurs-10:00-12:00am 13 Feb
Mon to Thurs-1:00-3:00pm 13 Feb
Mon to Thurs-10:30-12:30am 27 Feb
Mon to Thurs-5:30-7:00pm 27 Feb

**Grammar Foundation Course**
Sat & Sun - 9:00-12:00 am 11 Feb
Mon to Thurs-10:00-12:00am 13 Feb
Mon to Thurs-3:30-5:00pm 27 Feb

**Structure & Written Expression**
Sat & Sun - 3:30-6:30pm 11 Feb
Mon to Thurs-1:00-3:00pm 13 Feb
Sat & Sun - 9:00-12:00am 25 Feb
Sat & Sun - 12:30-3:30pm 25 Feb

**Vocabulary Enrichment Course**
Sat & Sun - 10:00-12:00am 25 Feb

**Intermediate English**
Mon to Thurs-1:00-3:00 pm 13 Feb

**Academic Preparation For IELTS (API)**
Mon to Thurs - 10:30 - 12:30am 13 Feb

**IELTS**(Foundation) Mon to Thurs 5 :30 to 7pm 13 Feb
**IELTS**(Test Practice) Sat&Sun 10:30 to12:30am 11Feb
**IELTS(Speaking)** Sat&Sun 1:00to3:30pm 11 Feb

**Academic Writing Course**
Sat & Sun - 5:00 - 7:00 pm 11 Feb

**NEW SAT** Sat & Sun -5:00-7:00pm11 Feb
**TOEFL** Mon to Thurs-3:30-5:00pm 13 Feb

**နွေရာသီကလေးများအတွက် အင်္ဂလိပ်စကားပြော သင်တန်းများ**
Level I G - 5 & 6 Mon to Thurs : 8-10am 6 Mar
Level II G - 7 & 8 Mon to Thurs : 8-10am13 Mar
Level III G - 9 & 10 Mon toThurs:8-10am 6 Mar

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

**ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်**
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
**နွေ(၃)လနှင့် ပုံမှန်တန်းခွဲများ**
ကျောင်းသားများ Letter, Essay, Character ၃၅ မှတ်ဖိုး အလွတ်ကျက်ဖြေခြင်းမှ လွတ်အောင် မတက်မဖြစ်တက်ပါ။ တွေးနည်း/ရေးနည်းကို မူပိုင်နည်းသစ် စာအုပ်ဖြင့် သင်သည်။ အရွယ်မရွေး တက်နိုင်သည်။
၄တန်းမှ၆တန်းထိ နှင့် ၇၊၈၊၉၊၁၀ တန်းများ
နွေ-March 7,8 စမည်။ ✦ Guide များ အိမ်လိုက်သင်သည်
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂိုးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**ပုံစံ(၈)ဝင် ကျွန်းတံခါးချပ်(၃၈)ချပ် ဝဒသမ ၉၆၅၇ တန်နှင့် တောင်သရက်ခွဲသား (၁၁၂)ချောင်း ၂၃ဒသမ ၇၆ တန်အား ရောင်းချရန် လေလံကြော်ငြာ**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ အလုံမြို့နယ်ရှိ ပုံစံ(၈)ဝင် တောင်သရက်ခွဲသား (၁၁၂)ချောင်း (၂၃ဒသမ ၇၆)တန် လပ်ပုံအမှတ်(၁)နှင့် ကျွန်းတံခါးချပ်(၃၈)ချပ် ဝဒသမ ၉၆၅၇ တန် လပ်ပုံ(၂)တို့အား မျက်မြင်အခြေအနေအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန အစည်းအဝေးခန်းမ၌ ၆-၃-၂၀၁၇ ရက် နံနက် ၁၀း၀၀ နာရီတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ လေလံလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်လေလံရောင်းချမည့် လပ်ပုံအလိုက် စာရင်းများကို အောက်ဖော်ပြပါဌာနများတွင် ဆက်သွယ်ရရှိနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ အလုံမြို့နယ်၊**
**ဖုန်း-၀၁-၅၂၈၈၈၆၊ ၀၉-၂၅၀၁၉၁၂၅၇**

# ငှက်ခါးကလပ် တံခွန်စိုက်ကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

အမျိုးသားကြက်တောင် အားကစားခန်းမ အနော်ရထာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၌ မတ် ၂၉ ရက်မှ ဧပြီ ၂ ရက်အထိ ငှက်ခါးကလပ်တံခွန်စိုက်ကြက်တောင်ရိုက်ပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

သက်တန်းအလိုက် ပြိုင်ပွဲများအဖြစ် အသက် ၁၁ နှစ်၊ ၁၃ နှစ်၊ ၁၅ နှစ်၊ ၁၇ နှစ်နှင့် ၁၉ နှစ် သာမန်တန်းနှင့် အကြီးတန်း၊ နှစ်ယောက်ပေါင်း အသက် ၉၀ တံခွန်စိုက်ပြိုင်ပွဲများကို ကျား၊ မ တစ်ဦးချင်း နှစ်ယောက်တွဲ ပြိုင်ပွဲများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲဝင်ကြေးအဖြစ် အသက် ၁၁နှစ်၊ ၁၃နှစ်၊ ၁၅နှစ်၊ ၁၇နှစ် နှင့် ၁၉ နှစ် တစ်ဦးချင်းပြိုင်ပွဲအတွက် ငွေကျပ် ၅၀၀၀၊ နှစ်ယောက်တွဲအတွက် ငွေကျပ် ၁၀၀၀၀၊ သာမန်တန်းနှင့် အကြီးတန်း တစ်ဦးချင်းအတွက် ငွေကျပ် ၆၀၀၀၊ နှစ်ယောက်တွဲအတွက် ငွေကျပ် ၁၂၀၀၀၊ အသက်၉၀ နှစ်ယောက်တွဲအတွက် ငွေကျပ် ၁၂၀၀၀ အဖြစ် သတ်မှတ်ထားသည်။

မြန်မာနိုင်ငံတစ်ဝန်းမှ ကြက်တောင်အားကစားဝါသနာရှင်များ ဝင်ရောက်ယှဉ်ပြိုင်ကစားနိုင်ရန် ဖိတ်ခေါ်ထားပြီး စာရင်းပိတ်ရက်မှာ မတ် ၁၅ ရက် ညနေ ၄ နာရီဖြစ်သည်။ စာရင်းပေးသွင်းရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဦးထွန်းထွန်းဇော် ဖုန်း ၀၉-၄၃၀၆၄၇၈၊ ၀၉-၇၇၇၄၀၀၇၂၄ တို့သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# MNL ပွဲစဉ် (၇)တွင် ထိပ်ဆုံးမှ ရန်ကုန်အသင်း အဝေးကွင်းကစားရမည်


**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇)ကို ယခုတစ်ပတ် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်း အဝေးကွင်း ကစားရမည်ဖြစ်သော်လည်း ဒုတိယနေရာမှ ရှမ်းယူနိုက်တက်နှင့် လက်ရှိချန်ပီယံ ရတနာပုံအသင်းတို့ အိမ်ကွင်းပွဲစဉ်များ ကစားရမည်ဖြစ်သည်။

ပွဲစဉ် (၇)အဖြစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် တောင်ငူကွင်း၌ ဟံသာဝတီအသင်းနှင့် ရန်ကုန်အသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်း၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် Southern အသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် နေပြည်တော်အသင်း၊ သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ဇွဲကပင်အသင်း၊ အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၆)အပြီးတွင် ရန်ကုန်အသင်းက ၁၆ မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၁၃ မှတ်၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ၁၂ မှတ်၊ ဇွဲကပင်အသင်းက ၁၀ မှတ်၊ ရခိုင်အသင်းက ရှစ်မှတ်၊ ဟံသာဝတီအသင်းက ခြောက်မှတ်၊ Southern၊ GFA၊ ဧရာဝတီနှင့် မကွေးအသင်းတို့က ငါးမှတ်စီ၊ ချင်းယူနိုက်တက်နှင့် နေပြည်တော်အသင်းတို့က လေးမှတ်စီရရှိခဲ့သည်။

ထိပ်ဆုံးမှ ဦးဆောင်နေသည့် ရန်ကုန်အသင်းသည် ဟံသာဝတီနှင့် အဝေးကွင်း ကစားရမည်ဖြစ်ပြီး ဟံသာဝတီအသင်းမှာ ပွဲစဉ် (၆)တွင် ပထမဆုံးနိုင်ပွဲရခဲ့သောကြောင့် ရုန်းကန်ရဖွယ်ရှိနေသည်။ ရှမ်းယူနိုက်တက်အသင်းမှာလည်း ခြောက်ပွဲဆက် ရှုံးပွဲမရှိသေးသည့် ရခိုင်အသင်းနှင့် တွေ့ဆုံနေသည်။ ရန်ကုန်နှင့် ရတနာပုံအသင်းတို့ကို သရေကစားထားသည့် ရခိုင်အသင်း၏ ခြေစွမ်းကို ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်း၌ အသာယူနိုင်ခြင်းရှိမရှိ စောင့်ကြည့်ရမည်ဖြစ်သည်။ လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် Southern အသင်းနှင့် ကစားရမည်ဖြစ်ပြီး ဇယားအောက်ဆုံးမှ နေပြည်တော်အသင်းမှာမူ ဧရာဝတီနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**



အမျိုးသားတုတ်ထောက်ခုန်ပြိုင်ပွဲတွင် စိုးမင်းရွှေ (မြို့တော်စည်ပင်) ယှဉ်ပြိုင်နေစဉ်

# အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ပထမအကြိမ် လူရွေးပွဲနှင့် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်း၌ ဆက်လက်ကျင်းပသည်။

တတိယနေ့အဖြစ် မီတာ(၁၀၀၀၀) အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသမီးကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသမီးတုတ်ထောက်ခုန်ပြိုင်ပွဲ၊ အမျိုးသမီးငါးမျိုးစုံပြိုင်ပွဲ၊ မီတာ ၂၀၀ အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသားပြိုင်ပွဲ၊ အမျိုးသားတုတ်ထောက်ခုန်ပြိုင်ပွဲ၊ အမျိုးသားကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ၊ မီတာ ၈၀၀ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲများ ကျင်းပသည်။ ယင်းပြိုင်ပွဲတွင် ဝန်ကြီးဌာနအသင်းကိုးသင်းမှ ကစားသမား ၂၅၀ ကျော် ယှဉ်ပြိုင်လျက်ရှိပြီး နောက်ဆုံးနေ့ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ကိုကိုစိုးညွှန့်**

## နေရာကျဲကျဲမိုးရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ကချင်ပြည်နယ် တွင် နေရာကျဲကျဲမိုးရွာမည်ဖြစ်ပြီး ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်း နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာ မည်။

(မြန်မာ့အလင်း)

## ဖေဖော်ဝါရီ ၂၂ ရက် ဂိုးရလဒ်များ

**ချန်ပီယံလိဂ် ၁၆ သင်းအဆင့်**

| | | |
|---|---|---|
| ပေါ်တို | ၀-၂ | ဂျူဗင်တပ်စ် |
| ဆီဗီလာ | ၂-၁ | လက်စတာ |

**ယူရိုပါလိဂ် ၃၂ သင်းအဆင့်**

| | | |
|---|---|---|
| ဖီနာဘာချီ | ၁-၁ | ခရက်စ်နိုဒါ |
| စိန့်အက်တီယန် | ၀-၁ | မန်ယူ |
| ရှော်လ်ကေး | ၁-၁ | PAOK |

**စပိန်လာလီဂါ ပွဲကျန်ပွဲစဉ်**

| | | |
|---|---|---|
| ဗလင်စီယာ | ၂-၁ | ရီးရဲမက်ဒရစ် |

**အင်္ဂလန်ချန်ပီယံရှစ်**
**ပွဲစဉ် (၃၃)**

| | | |
|---|---|---|
| ဘရစ္စတိုး | ၀-၂ | ဖူလ်ဟမ် |





## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/8573 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/9996 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/7557 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/9766 Toyota Corolla Fielder NZE12 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းတင် ၁၂/သဃက(နိုင်)၀၂၈၃၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/3684 Toyota Corolla Fielder Station Wagon(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်စန်း ၁၂/သဃက(နိုင်)၀၂၇၈၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ ပင်းယ (၁၁)လမ်း၊ မြေကွက်အမှတ် (၁၃၆)၊ (အလျားပေ ၂၀×အနံပေ ၆၀) မြေပေါ်တွင် ဆောက်လုပ်ထားသော တစ်ခန်းတွဲခြောက်ထပ်တိုက်၏ ပထမထပ် (မြေရှင်ခန်း)အား ဦးမောင်မောင်လတ် ၁၂/ဥကတ(နိုင်)၀၄၅၂၂၃နှင့် ဒေါ်ဇင်မာအောင် ၁၂/ဥကတ(နိုင်)၀၀၂၀၈၂တို့က ပိုင်ဆိုင်ပြီး အဆိုပါနှစ်ဦးမှ ရောင်းချခွင့်ရှိကြောင်းနှင့် ရောင်းချရန်အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေကြီးမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ဤကြော်ငြာပါသည့်ရက်မှစ၍ တစ်ပတ်အတွင်း ကျွန်ုပ်ထံ အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇေနည်မျိုး (LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၃၂၄၉၃)**
**အမှတ် (၈၃၄)၊ ဇဋီလ (၃)လမ်း၊ ၁၆/၁ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ဖုန်း-၀၉-၄၉၃၃၃၀၂၅၊ ၀၉-၄၂၀၇၀၆၄၂၆**

## လစ်လပ်ဝန်ထမ်းခေါ်ယူခြင်း

Global New Light of Myanmar နေ့စဉ် အင်္ဂလိပ်စာသတင်းစာပုံနှိပ်ဌာနတွင် လစ်လပ်လျက်ရှိသော PLC(Programmable Logic Controller)ဝန်ထမ်းအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသော အမျိုးသားဝန်ထမ်းနှစ်ဦး ၂၈-၂-၂၀၁၇ရက် နောက်ဆုံးထား၍ လျှောက်လွှာလိုင်စင်ဓာတ်ပုံကပ်လျက် လျှောက်ထားနိုင်ပါသည်-

(၁) ပညာအရည်အချင်း BE, B.Tech, AGTI(MP,EP,EC,IT,MC) (သို့မဟုတ်)Bc.Sc (Computer)(သို့မဟုတ်)PLCအထူးကျွမ်းကျင်၍ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရထားသူ။
(၂) အထူးသဖြင့် PLC(Mitsubishi),(HMI Operation, Inverter Motor Drive,Servo Motor Drive,Pemumatic Controls, High Speed Counter/Timer,Encoder) ဘာသာရပ်များ ကျွမ်းကျင်သူ။
(၃) PLC ဆိုင်ရာ အတွေ့အကြုံသက် နှစ်နှစ်အထက်ရှိ၍ PLCဆိုင်ရာ Certificate ပြနိုင်သူ။
(၄) အခြေခံအင်္ဂလိပ်စာ အတန်အသင့်ကျွမ်းကျင်သူ။
(၅) အသက်အရွယ်(၂၃)နှစ်နှင့်အထက်
(၆) ညပိုင်းလုပ်ကိုင်နိုင်သူ။
(၇) လစာညှိနှိုင်းသတ်မှတ်ပေးပါမည်။

**ဆက်သွယ်ရန်-အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၆၀၄၅၃၀၊ ၀၉-၇၇၀၆၇၇၅၁၃၊ Fax-၀၁-၈၆၀၄၅၃၃ ဖြစ်ပါသည်။**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/2166 Mitsubishi Canter FE70B L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမိုးဟု(ခ)ဦးမောင်မောင်ဦး ၁၂/ကမရ(နိုင်)၀၄၈၉၄၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၄၂၅၄၈ Honda Dream 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ထွေး ၁၄/၀ခမ(နိုင်)၀၄၈၈၃၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/3984 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

सत्यमेव जयते

## အိန္ဒိယသံရုံး၊ ရန်ကုန်မြို့ ဟင်ဒီဘာသာစကားသင်တန်းများ တက်ရောက်ရန် လျှောက်ထားနိုင်ခြင်း

အိန္ဒိယသံရုံး၊ ရန်ကုန်တွင် ဟင်ဒီဘာသာစကားသင်တန်းများကို ၂၀၁၇ခုနှစ် မတ်လ ပထမပတ်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။ သင်တန်းများကို အဆင့်သုံးဆင့်ခွဲကာ အခြေခံအဆင့်၊ အလယ်အလတ်အဆင့်နှင့် ကျွမ်းကျင်အဆင့်ဟူ၍ ဖွင့်လှစ်ပါမည်။ လျှောက်ထားလိုသူများသည် အမှတ် ၅၄၅-၅၄၇၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးတွင် စာရင်းပေးသွင်းနိုင်သည်။ သင်တန်းအချိန်ဇယားများကို ဆက်လက်ကြေညာပါမည်။ သင်တန်းသားအရေအတွက် ကန့်သတ်ထားသောကြောင့် ဦးရာလူစနစ်ဖြင့် သင်တန်းသားများအား လက်ခံပါမည်။

စုံစမ်းရန် ॥ ॥ Mr.Kalidas Dutta (01-391219/388412/243972) သို့ မွန်းလွဲ ၂နာရီမှ ၃နာရီအထိ၊ ညနေ ၄နာရီမှ ၅နာရီအထိ တနင်္လာနေ့မှ သောကြာနေ့အတွင်း (ရုံးပိတ်ရက်များမှအပ) စုံစမ်းနိုင်ပါသည်။

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

### အခန်း (၅)
### ကြိုတင်ခွင့်ပြုချက်နှင့် လုပ်ငန်း လိုင်စင်ထုတ်ပေးခြင်း

၈။ (က) ဤဥပဒေနှင့် သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုကို စတင်တည်ထောင်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်လိုသူသည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအလို့ငှာ ကြိုတင်ခွင့်ပြုချက်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ဤဥပဒေနှင့် သက်ဆိုင်သည့် လုပ်ငန်းများရှိ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ဖြိုဖျက်ခြင်း၊ လုပ်ငန်းစဉ်အလိုက် စက်ကိရိယာ ပစ္စည်းများ နေရာချထားခြင်း၊ တပ်ဆင်ခြင်း၊ တိုးချဲ့ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းများ ဆောင်ရွက်လိုသူသည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအလို့ငှာ ကြိုတင်ခွင့်ပြုချက်ရရှိရန် တိုင်းဒေသကြီးနှင့် ပြည်နယ် ဦးစီးဌာနရုံးများမှ တစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (က)နှင့် (ခ) အရ လျှောက်ထားချက်ကို စိစစ်ပြီး ကြိုတင် ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့် ကိုက်ညီမှု မရှိပါက ငြင်းပယ်ခြင်း ပြုနိုင်သည်။ ကြိုတင်ခွင့်ပြုချက် ထုတ်ပေးပါက စည်းကမ်းချက်များသတ်မှတ်၍ ဝန်ကြီးဌာနက သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းစေပြီး လျှောက်ထားသူအား ကြိုတင်ခွင့်ပြုချက်လက်မှတ်ထုတ်ပေးရမည်။

၉။ (က) ဤဥပဒေနှင့် သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုကို စတင်လည်ပတ်လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက ငြင်းပယ်ခြင်းပြုနိုင်သည်။ လုပ်ငန်းလိုင်စင်ထုတ်ပေးပါက လုပ်ငန်းလိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ခ ပေးသွင်းစေပြီး လျှောက်ထားသူအား လုပ်ငန်းလိုင်စင်ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (ခ) အရ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်များနှင့်စပ်လျဉ်း၍ မှတ်ပုံတင်ထားရမည်။

၁၀။ (က) ပုဒ်မ ၉ အရ လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင်သက်တမ်းကုန်ဆုံးပြီး နောက် ဆက်လက်၍ လုပ်ကိုင်လိုသည့်အခါ လုပ်ငန်းလိုင်စင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးပါက လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေပြီး လျှောက်ထားသူအား လုပ်ငန်းလိုင်စင်သက်တမ်း တိုးမြှင့်ပေးရမည်။

### အခန်း(၆)
### လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီများဖွဲ့စည်းခြင်း၊
### လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အရာရှိများခန့်အပ်တာဝန်ပေးခြင်း

၁၁။ အလုပ်ရှင်သည် -

(က) သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားနှင့် ကိုက်ညီ၍ ကျင့်သုံးနိုင်မည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အကောင်ထည်ဖော်ဆောင်ရွက်မည့် စီမံခန့်ခွဲမှုစနစ်ကို လုပ်ငန်းမစတင်မီ အနည်းဆုံး ၃၀ ရက် ကြိုတင်ပြုစု၍ ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လုပ်ငန်းခွင်ဖြစ်စေရန် ဝန်ကြီးဌာနက သတ်မှတ်သော အလုပ်သမားဦးရေထက်မနည်းရှိသည့် လုပ်ငန်းများတွင် လုပ်ငန်းအမျိုးအစားအလိုက် အရေအတွက် တူညီသော အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များပါဝင်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ အသီးသီးကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဖွဲ့စည်းထားသည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ၏ ဖွဲ့စည်းပုံ၊ အဖွဲ့ဝင်၏ အရည်အချင်းများနှင့် ရွေးချယ်မှု၊ ခန့်ထားမှု၊ လုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက သတ်မှတ် ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရမည်။

၁၂။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ အသီးသီး၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ထိခိုက်စေနိုင်မည့် အခြေအနေများကို ပုံမှန်စစ်ဆေး၍ ပြန်လည်သုံးသပ်ချက်များကို သက်ဆိုင်ရာ ကော်မတီ အစည်းအဝေး၌ တင်ပြခြင်း၊

(ခ) လုပ်ငန်းခွင် မတော်တဆထိခိုက်မှုများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်မှု အစီအမံများ ချမှတ်ဆောင်ရွက်ရန် အလုပ်ရှင်အား အကြံပြုခြင်း၊

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေအနေများ တိုးတက်ကောင်းမွန်စေရန် သင်တန်းပို့ချရေးနှင့် အထောက်အပံ့ပစ္စည်းများ ရရှိစေရေး အလုပ်ရှင်နှင့် အလုပ်သမားအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

(ဃ) သက်ဆိုင်ရာ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်မှုအား ကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) ကော်မတီအနေဖြင့် ဆောင်ရွက်နိုင်စွမ်းမရှိသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြခြင်း၊

(စ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က ပေးအပ်သော လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၁၃။ အလုပ်ရှင်သည် ဝန်ကြီးဌာနက သတ်မှတ်သော အလုပ်သမားဦးရေထက်မနည်း လုပ်ကိုင်သော လုပ်ငန်းခွင်အလိုက် အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေး ကောင်းမွန်စေရန် အနီးကပ် ကြီးကြပ်ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနက သတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံသူကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိအဖြစ် ခန့်ထားရမည်။

၁၄။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိများသည် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်ငန်းခွင်ဖြစ်စေရန် အနီးကပ်ကြီးကြပ်၍ သက်ဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အခြားလုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ရမည်။

### အခန်း (၇)
### စစ်ဆေးရေးအရာရှိများ ခန့်ထားခြင်း၊ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိ၏ အခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များ

၁၅။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် စစ်ဆေးရေးအရာရှိများကို လိုအပ်သလို ခန့်အပ်နိုင်သည်။

၁၆။ စစ်ဆေးရေးအရာရှိချုပ်သည် လုပ်ငန်းခွင်အလိုက် စစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ ပြုလုပ်ရန် စစ်ဆေးရေးအရာရှိများအား လိုအပ်သလို လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၇။ စစ်ဆေးရေးအရာရှိများသည်-

(က) စစ်ဆေးရန်လွှဲအပ်တာဝန်ပေးသည့်အတိုင်း ကျေပွန်စွာ ဆောင်ရွက်ရမည်။

(ခ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရေးအရာရှိချုပ်ထံ တင်ပြရမည်။

၁၈။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများသည် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်း၊ အလုပ်ဌာနတစ်ခုခုတွင် ဖြစ်စေ၊ ယင်းစက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်း၊ အလုပ်ဌာနတစ်ခုခုနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းတစ်ခုခုတွင်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၁၉။ စစ်ဆေးရေး အရာရှိချုပ်နှင့် စစ်ဆေးရေး အရာရှိများသည် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးတို့အတွက် အောက်ပါတို့ကို ဆောင်ရွက်ပိုင်ခွင့် ရှိသည် -

(က) ဤဥပဒေနှင့်သက်ဆိုင်သည့် မည်သည့်လုပ်ငန်းခွင်ကိုမဆို စစ်ဆေးရေးအရာရှိ သက်သေခံကတ်ပြားကို ပြသပြီး ဝရမ်းမပါဘဲ အချိန်မရွေး ဝင်ရောက်ခွင့်၊ စစ်ဆေးခွင့်နှင့် စုံစမ်းမေးမြန်းခွင့်၊

(ခ) ပုဒ်မခွဲ (က) ပါ လုပ်ငန်းခွင်ရှိ စက်ပစ္စည်း၊ ကိရိယာတန်ဆာပလာများ၊ ကုန်ကြမ်း ကုန်ချောပစ္စည်းများ၊ ဇီဝပစ္စည်းနှင့် ဓာတုပစ္စည်းများ စသည်တို့အား စစ်ဆေးခွင့်၊ စုံစမ်းမေးမြန်းခွင့်၊ အမျိုးသားကောင်စီက အသုံးမပြုရန် ကန့်သတ်ထားသည့်ပစ္စည်းနှင့် တားမြစ်ပိတ်ပင်ထားသည့် ပစ္စည်းများအား သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်နှင့် အရေးယူခွင့်၊

(ဂ) လုပ်ငန်းခွင်နှင့် လုပ်ငန်းစဉ်ဆိုင်ရာမှတ်တမ်းများနှင့် စာရွက်စာတမ်း အထောက်အထားများကို စစ်ဆေးကြည့်ရှုခွင့်၊ စုံစမ်းမေးမြန်းခွင့်၊ ရယူခွင့်နှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်၊

(ဃ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော လုပ်ငန်းခွင်အခြေအနေနှင့် လုပ်ငန်းစဉ်များ၏ မှတ်တမ်းနှင့် စပ်လျဉ်း၍ ဓာတ်ပုံနှင့် ဗီဒီယို မှတ်တမ်းများ ရယူခွင့်၊

(င) လုပ်ငန်းခွင်ဆိုင်ရာရောဂါများ၊အန္တရာယ်ရှိသည့် ဖြစ်ရပ်များ၊ မတော်တဆထိခိုက်မှုများအား စုံစမ်းစစ်ဆေးရာတွင် သက်ဆိုင်သည့် ဓာတ်ပုံနှင့် ဗွီဒီယို မှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ ရယူခွင့်၊

(စ) မည်သည့် လုပ်ငန်းခွင်၌မဆို ဆူညံသံ၊ အလင်းရောင်၊ အပူ၊ အအေး၊ အမှုန်အမွှား၊ အခိုးအငွေ့ အပါအဝင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ဓာတ်ရောင်ခြည်သင့်မှု သို့မဟုတ် အန္တရာယ်ရှိသော အရာဝတ္ထုနှင့် ဒြပ်ဝတ္ထုပစ္စည်းများ၏ အန္တရာယ်ပေးနိုင်မှု အတိုင်းအဆ၊ ယင်းလုပ်ငန်းခွင်ရှိလူများနှင့် ထိတွေ့မှုပမာဏနှင့် အချိန်အား အကဲဖြတ်တိုင်းတာခွင့်နှင့် မှတ်တမ်းများရယူခွင့်၊

(ဆ) အလုပ်ကို အကြောင်းပြုပြီး ကျန်းမာရေး ထိခိုက်မှုနှင့် စပ်လျဉ်း၍ အသိအမှတ်ပြု ဆရာဝန်၏ အကူအညီဖြင့် လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသည့် မည်သူ့ကိုမဆို အလုပ်ချိန်အတွင်း စုံစမ်းမေးမြန်းခွင့်၊

(ဇ) လုပ်ငန်းခွင် မတော်တဆထိခိုက်မှုကြောင့် ဖြစ်စေ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများ ရရှိမှုကြောင့်ဖြစ်စေ ဆေးကုသမှု ခံယူနေသော လူနာနှင့်ပတ်သက်သည့် ဆေးကုသမှုဆိုင်ရာ အချက်အလက်များ သို့မဟုတ် သေဆုံးမှုနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ ရင်ခွဲစမ်းသပ်စစ်ဆေးချက် အစီရင်ခံစာများကို သတ်မှတ်လုံခြုံမှု အဆင့်အတန်းဖြင့် ပေးပို့ရန် ဆေးရုံ၊ ဆေးခန်းများမှတာဝန်ရှိသူထံ တောင်းဆိုခွင့်။

၂၀။ စစ်ဆေးရေး အရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိများသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လုပ်ငန်းခွင်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ယာယီ ရပ်နားထားရန် အမိန့်ထုတ်ဆင့်နိုင်သည်-

(က) လုပ်ငန်းခွင်၊ စက်အစိတ်အပိုင်း သို့မဟုတ် စက်ကိရိယာ နေရာချထားပုံနှင့် အလုပ်လုပ်ဆောင်ပုံကြောင့် လုပ်ငန်းခွင်မတော်တဆထိခိုက်မှုဖြစ်ခြင်း၊ သေဆုံးခြင်း၊ အန္တရာယ်ရှိသော ဖြစ်ရပ်များ ဖြစ်ပွားခြင်းကြောင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် မသင့်ခြင်း၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း သို့မဟုတ် မလိုက်နာခြင်းတို့ကြောင့် လုပ်ငန်းဆက်လက် လုပ်ကိုင်ရန် မသင့်ခြင်း၊

(ဂ) သူတစ်ဦးဦး၏ လုပ်ဆောင်ချက်ကြောင့် ဖြစ်စေ၊ လုပ်ဆောင်ရန် ပျက်ကွက်မှုကြောင့် ဖြစ်စေ၊ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ဂရုမစိုက်မှုကြောင့်ဖြစ်စေ လုပ်ငန်းခွင်အတွင်း လုပ်ကိုင်နေသူတို့အား အန္တရာယ်ဖြစ်စေနိုင်သည်ဟု ယူဆခြင်း၊

(ဃ) လုပ်ငန်းခွင် မတော်တဆထိခိုက်မှုအန္တရာယ် ဖြစ်ပွားမည့်ဆဲဆဲအခြေအနေကြောင့် အလုပ်သမားများအား ဘေးအန္တရာယ်မှ လွတ်ကင်းရေးအတွက် ဖယ်ရှားရန် လိုအပ်ခြင်း။

၂၁။ စစ်ဆေးရေး အရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိများသည်-

(က) သက်ဆိုင်ရာ အလုပ်ရှင်အနေဖြင့် ယာယီရပ်နားထားရန် ထုတ်ဆင့်ထားသော အမိန့်အတိုင်း လိုက်နာဆောင်ရွက်ပြီးစီးကြောင်း စစ်ဆေးတွေ့ရှိလျှင် ရပ်နားထားသည့် လုပ်ငန်းခွင်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ပြန်လည်ဆောင်ရွက်ခွင့်ပြုရမည်။

(ခ) ပုဒ်မခွဲ(က) ပါ ပြန်လည်ဆောင်ရွက်ခွင့်ပြုကြောင်းကို သက်ဆိုင်ရာ ဦးစီးဌာနများနှင့် အလုပ်ရှင်ထံသို့ အကြောင်းကြားရမည်။

၂၂။ စစ်ဆေးရေး အရာရှိချုပ်သည် -

(က) ပုဒ်မ ၂၀ အရ ထုတ်ဆင့်သည့် အမိန့်ကို လိုက်နာရန် ပျက်ကွက်သူအား လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း သို့မဟုတ် လိုအပ်ပါက ထိုသို့ အရေးယူ ဆောင်ရွက်စေရန် သင့်လျော်သည့် စစ်ဆေးရေး အရာရှိကို လွှဲအပ်တာဝန်ပေးခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၂၀ အရ လုပ်ငန်းခွင် တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ယာယီရပ်နားထားရန် ထုတ်ဆင့်ထားသည့်အမိန့်နှင့် စပ်လျဉ်း၍ ပြောင်းလဲလာသည့် အခြေအနေအရ ဆောင်ရွက်ရန် ခွင့်ပြုနိုင်သည့် လုပ်ငန်းများကို လိုအပ်သည့် စည်းကမ်းချက်များ သတ်မှတ်ပြီး လုပ်ကိုင်ခွင့်ပြုနိုင်သည်။

၂၃။ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိများသည်-

(က) လုပ်ငန်းခွင်၊ စက်ရုံ၊ အလုပ်ရုံ၊ အရာဝတ္ထုပစ္စည်း သို့မဟုတ် လုပ်ငန်းစဉ်တစ်ရပ်ရပ်ကြောင့် အလုပ်သမားများ၏ ကိုယ်ခန္ဓာထိခိုက်ခြင်း သော်လည်းကောင်း၊ ကျန်းမာရေး အန္တရာယ်ရှိခြင်း သော်လည်းကောင်း၊ ပစ္စည်းတစ်စုံတစ်ရာကို ထိခိုက်ပျက်စီးစေခြင်း သော်လည်းကောင်း ဖြစ်စေနိုင်သည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် သတ်မှတ်သည့် အချိန်ကာလအတွင်း ပြုပြင်ဆောင်ရွက်ရန် အလုပ်ရှင်အား စာဖြင့် ညွှန်ကြားနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် သက်ဆိုင်ရာ အလုပ်ရှင်၏ လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခြင်း မပြုရန် တားမြစ်နိုင်သည်။

၂၄။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိတို့သည် ပုဒ်မ ၂၃ ၊ ပုဒ်မခွဲ (က) အရ ထုတ်ဆင့်သည့် ညွှန်ကြားချက်ကို သတ်မှတ်ကာလအတွင်း အလုပ်ရှင်က လိုက်နာဆောင်ရွက်ပြီးစီးကြောင်း မှတ်တမ်းအထောက်အထား ပြည့်စုံစွာဖြင့် ပြန်လည်တင်ပြစေရမည်။

**(ဆက်လက်ဖော်ပြပါမည်။)**

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၅၇)

# ဥပဒေပါမောက္ခ ညွှန်ပြခဲ့သည်



ဦးဟန်ညွှန့်(ဥပဒေ)

**ဖိတ်စာတစ်စောင်**

မနေ့က ဖိတ်စာတစ်စောင်ရသည်။ တရားလွှတ်တော်ရှေ့နေကြီး ဦးအေးသောင်းက ရန်ကုန်မှ ပို့လိုက်ခြင်းဖြစ်သည်။ First To Fifth Batch [B.A ,(Law) LL.B] ဥပဒေကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကြွရောက်ရန် ဖိတ်စာဖြစ်သည်။

ဥပဒေပါမောက္ခဆရာကြီး ဦးလှအောင် ကိုယ်တိုင်နှင့် ကျေးဇူးရှင် အနန္တဂိုဏ်းဝင် အာစရိယ ဆရာကြီး ဆရာမကြီးများ ကြွရောက်ချီးမြှင့်ကန်တော့ခံမည်ဖြစ်၍ ၂.၃.၂၀၁၇ နေ့၊ တက္ကသိုလ်များ ဓမ္မာရုံ(ရန်ကုန်)သို့ ကြွရောက်ရန် ဖော်ပြပါရှိသည်။

**ဥပဒေပါမောက္ခ**

ဖိတ်စာတွင် ထူးထူးကဲကဲ ဥပဒေပါမောက္ခဆရာကြီး ဦးလှအောင် ကိုယ်တိုင်ကြွရောက်ချီးမြှင့်မည်ဟု ဖော်ပြထားသည့်အတွက် ကျွန်တော်မျက်ရည်စို့သည်။ ဝမ်းသာကြည်နူးသည့် မျက်ရည်ပါ။ နှစ်စဉ်နှစ်တိုင်း ဆရာကြီးကို ပူဇော်ခဲ့ပါသည်။ အသက် ၉၀ ကျော်ခဲ့ပြီမို့ နောင်နှစ်၊ နောင်နှစ်တွေမှာလည်း တပည့်တွေနဲ့ မပျက်မကွက် ပြန်လည်ဆုံတွေ့ချင်သေးသည်ဟု တဖွဖွ မှာကြားခဲ့သော ဥပဒေပါမောက္ခဆရာကြီး ဦးလှအောင်ပါ။ ယခုနှစ် ၂၀၁၇ မှာလည်း ကျန်းကျန်းမာမာနှင့် တပည့်များ၏ ဂါရဝပြုမှုကို ခံယူဆဲပါ။ အမှာစကားတွေ၊ ဆုံးမစကားတွေနှင့် တက္ကသိုလ်ဓမ္မာရုံမှာ တပည့်ဟောင်းတွေနှင့် ဆုံမြဲ၊ တွေ့မြဲ၊ ကျန်းမာဆဲပါ။ နုပျိုဆဲပါ။ ထို့အတူ ဆရာကြီးကဲ့သို့ပင် ကျန်သောဆရာကြီး ဆရာမကြီးများသည်လည်း အလားတူပါ။ ကျွန်တော့်အတွေးများ လှုပ်ရှားသွားပါပြီ။ ဟိုအဝေးဆီသို့ပါ။

**ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်**

လွန်ခဲ့သော နှစ်ပေါင်း ၅၀ (၁၉၆၇-၁၉၇၂) ပညာသင်နှစ်များက ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှာ ဥပဒေပညာသင်ယူခဲ့ရပါသည်။ တက္ကသိုလ်ဥပဒေကျောင်းသားဘဝမှာ ဥပဒေပါမောက္ခ ဆရာကြီး ဦးလှအောင်၏ တပည့်ဖြစ်ခဲ့ရပါသည်။ ငါးနှစ်ငါးမိုး ခိုကိုး၍ တက္ကသိုလ်၏အရိပ်အမြုံမှာ ခိုလှုံခဲ့ရပါသည်။ ဥပဒေပညာဟူသည် အဘယ်နည်း။ ဥပဒေ၏သဘော၊ ဥပဒေ၏သမိုင်း၊ ဥပဒေ၏အရင်းအမြစ်၊ ထိုမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ တရားဥပဒေ (International Law) အကြောင်း ထုံးဟောင်းသက်သေ သွန်သင်ပေးသော ဆရာကြီး ဥပဒေပါမောက္ခ ဦးလှအောင် ဖြစ်ပါပေသည်။ ယနေ့တိုင် မမေ့နိုင်သေးပါ။

**ဆရာကြီး၏ကိုယ်ရေးအကျဉ်း**

ဥပဒေပါမောက္ခ ဆရာကြီး ဦးလှအောင်က မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် တပွင်ရွာနေ၊ ဦးကိုင်း-ဒေါ်မြခင်တို့၏ သားပါ။ ငယ်စဉ်အခါက တပွင်ရွာ မူလတန်းကျောင်း စလင်းမြို့အထက်တန်းကျောင်း၊ အမျိုးသားကောလိပ်၊ သက်ကြီးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်နှင့် အမေရိကန်ပြည်ထောင်စု မင်နီဆိုးတားတက္ကသိုလ်၊ ဟားဗတ်(ဒ်) တက္ကသိုလ်နှင့် ဂျွန်ဟော့(ပ်)ကင်း(စ်) တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့ပါသည်။ B.A, B.L, M.A, LL.M ဘွဲ့များ ရရှိခဲ့ပါသည်။

ဆရာကြီးသည် ၁၉၅၉ ခုနှစ် နယူးဒေလီမြို့၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ညီလာခံ၊ ၁၉၆၁ ခုနှစ် တိုကျိုမြို့၌ ကျင်းပခဲ့သော ကမ္ဘာ့ဥပဒေနှင့်ငြိမ်းချမ်းရေးညီလာခံ၊ ၁၉၆၁ ခုနှစ် စင်ကာပူ၌ ကျင်းပခဲ့သော အရှေ့တောင်အာရှ ဥပဒေပညာရေးညီလာခံများသို့ တက်ရောက်ခဲ့ပါသည်။

၁၉၆၅ ခုနှစ်ဦးတွင် ဥပဒေမဟာဌာနမှူး ပါမောက္ခ ဦးအောင်ခိုင်တာဝန်မှ အနားယူ၍ စင်ကာပူတက္ကသိုလ်ဥပဒေမဟာဌာနမှူး (ယာယီ)တာဝန်ကို ထမ်းဆောင်နေသော ဆရာကြီးဦးလှအောင်အား ခေါ်ယူပြီး ဥပဒေပါမောက္ခတာဝန်ကို ပေးအပ်ခဲ့ကြောင်း သိရပါသည်။

၁၉၆၅ -၁၉၆၆ ခုနှစ် ပညာသင်နှစ်အတွင်း တော်လှန်ရေးကောင်စီအစိုးရသည် ဥက္ကဋ္ဌအဖြစ် တရားသူကြီးချုပ် ဒေါက်တာမောင်မောင်၊ အဖွဲ့ဝင်အဖြစ် ရှေ့နေချုပ် ဦးဘစိန်နှင့် အတွင်းရေးမှူးအဖြစ် ဥပဒေပါမောက္ခ ဦးလှအောင်တို့ပါဝင်သော အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပေးခဲ့ပါသည်။ ထိုအဖွဲ့တွင် ဥပဒေပညာကို ခေတ်နှင့်လျော်ညီစွာ သင်ကြားပေးရန်အတွက် အစီရင်ခံစာတင်သွင်းရန်ဖြစ်သည်။ ပြုပြင်ပြောင်းလဲရန်

**အတွေ့အကြုံကြွယ်ဝသော၊ တတ်စေချင်သော၊ ပညာဖြန့်ဝေသော၊ စေတနာကြီးမားသော ဥပဒေပါမောက္ခကြီး၏စေတနာကို နားမလည်နိုင်သော တပည့်တစ်ဦး၏ နောင်တသည် "တစ်သက်စာ သင်ခန်းစာ" ဖြစ်ခဲ့ပါသည်**

လိုအပ်သော သင်ရိုးဘာသာရပ်များ၊ ဥပဒေပညာ သင်ကြားရေးနည်းစနစ်များနှင့် ဥပဒေတက္ကသိုလ်ထူထောင်ရေးကိစ္စရပ်များကိုပါ ပြည့်စုံစွာတင်ပြခဲ့ကြသည်။

ဆရာကြီးဦးလှအောင်သည် Journal of Burma Law Institute ကို တာဝန်ခံထုတ်ဝေ ရေးသားခဲ့သူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ 'Journal of the International Commission of Jurist' 'Me Judice, Singapore' စသော ဥပဒေဂျာနယ်များ၌ သုတေသနဆန်သော ဥပဒေဆောင်းပါးများ ရေးသားခဲ့သည်။ မြန်မာနိုင်ငံသုတေသနအသင်းကြီး၏ အသင်းဝင်ဖြစ်ပြီး ဥပဒေသုတေသနစာတမ်းများစွာကို ရေးသားဖတ်ကြားတင်သွင်းခဲ့သည်။

၁၉၇၁ ခုနှစ်တွင် နိုင်ငံတော်ရှေ့နေချုပ်တာဝန်အပ်နှင်းခြင်းခံရသည်။ ၁၉၇၄ ခုနှစ်အထိ ရှေ့နေချုပ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေရေးဆွဲရေးကော်မရှင်တွင် ပါဝင်ခဲ့သည်။ ဥပဒေဘွဲ့ရကျောင်းသားကျောင်းသူများအား မွေးထုတ်ပေးခဲ့သည်။

**ညွှန်ပြခဲ့သည်**

ဆရာကြီး၏ဂုဏ်ရည်ထူးခြားချက်မှာ စာအသင်အပြ ကောင်းလွန်းခြင်းပင် ဖြစ်သည်။ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ တရားဥပဒေ (International Law) သင်ပြရာတွင် အခက်အခဲမရှိ လွယ်ကူစွာ သိရှိနားလည်အောင် သင်ပြပေးခဲ့သည်။ တပည့်အပေါင်း (ကျွန်တော်တို့) သည် ပျင်းရိဖွယ်ကောင်းသော ဘာသာရပ်ဟု ထင်မှတ်ခဲ့ကြသည်။ နိုင်ငံတကာ၏ တရားဥပဒေများ၊ ဘောင်များ၊စနစ်များအကြောင်း၊ ခုံရုံးများ၊ ကုလသမဂ္ဂ၏ ရပ်တည်ချက်စသည်တို့ကို လူငယ်ကျောင်းသားများ မှတ်မိလွယ်အောင် ဥပမာ ဥပမေယျပုံဆောင်ပြ၍ သင်ပြပေးခဲ့ပါသည်။ တက္ကသိုလ်ကျောင်းသားဘဝက စာသင်ခန်းများဆီသို့ ပြန်ရောက်သွားသလို ယနေ့တိုင် ခံစားသတိရနေပါသည်။ မြကျွန်းညိုညို ကွန်းခိုရာတက္ကသိုလ်....။

**တစ်ခါသော်**

ဆရာကြီးဦးလှအောင်၏ ပို့ချချက်အပေါ် စိတ်ဝင်စား၍ ငေးယောင်နားထောင်နေသော်ငြား မှတ်စုစာအုပ်မှာကား တစ်လုံးတစ်ပါဒမျှ မမှတ်သားမိပါ။ မှတ်စုတစ်ခုခု မပြုမိပါ။ ထိုအခါ အကင်းပါးသော ဆရာကြီးသည် ရုတ်တရက် ကျွန်တော့် (ခုံစားပွဲ) အနားရောက်လာပြီး "အမောင် စာအုပ်ထဲမှာ ဘာမှတ်စုမှ မမှတ်ထားပါလား။ အားလုံးအလွတ်ရနေပြီထင်ရဲ့"ဟု သတိပေးစကားပြောကြားပါတော့သည်။ ကျွန်တော်ဘာဖြေရမှန်းမသိခဲ့ပါ။ နားထောင်ကောင်းရုံသက်သက်ဖြင့်၊ မှတ်စုမှတ်တမ်းမရေးသော၊ ပြန်ဖတ်ဖို့မှတ်စုမထုတ်သော တပည့်အား စေတနာဗရပွဖြင့် ပါမောက္ခဆရာကြီးက ဆုံးမခဲ့ခြင်းသာဖြစ်ပါပေသည်။ ထိုနေ့မှစ၍ မိမိကိုယ်မိမိ အရှက်ရခဲ့မိပါသည်။ သိသလိုလို၊ နားလည်သလိုလို၊ မှတ်မိသလိုလို၊ အလွတ်ကျက်ပြီးသလိုလို၊ ဘာမှတ်စုမှ ရေးစရာမလိုသလိုလို၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသလိုလို ပြုမူမိသော်လည်း သတိလက်လွတ်ဖြစ်ခဲ့ရပုံကို ယနေ့တိုင်ကျွန်တော်နောင်တရမိနေမိပါသည်။ အတွေ့အကြုံကြွယ်ဝသော၊ တတ်စေချင်သော၊ ပညာဖြန့်ဝေသော၊ စေတနာကြီးမားသော ဥပဒေပါမောက္ခကြီး၏ စေတနာကို နားမလည်နိုင်သောတပည့်တစ်ဦး၏ နောင်တသည် "တစ်သက်စာသင်ခန်းစာ" ဖြစ်ခဲ့ပါသည်။ ဥပဒေပါမောက္ခညွှန်ပြသည့် အရင်းခံစေတနာပါ။

**ရှေ့နေချုပ်အဖြစ်ပြန်တွေ့ခြင်း**

ဥပဒေပါမောက္ခအဖြစ်စာသင်ပေးခဲ့သော ဆရာကြီးဦးလှအောင်ကို ရှေ့နေချုပ်အဖြစ် ပြန်လည်ဆုံတွေ့ရလိမ့်မည်ဟု ကျွန်တော် မမျှော်လင့်ခဲ့မိပါ။ ဆရာကြီးနှင့် ဝေးကွာခဲ့ပြီဟု ယုံကြည်ခဲ့မိသည်။

သို့သော်ငြား ဥပဒေဝန်ထမ်းအဆင့်(၅)အဖြစ် အလုပ်စတင်ဝင်သောအခါ ဆရာကြီး ဦးလှအောင်က နိုင်ငံတော်ရှေ့နေချုပ်ဖြစ်နေပါပြီ။ ဥပဒေဝန်ထမ်း (ဝန်ထမ်းအသစ်များ)ကို နိုင်ငံတော်ရှေ့နေချုပ်က ဩဝါဒပေးပွဲ အခမ်းအနားတစ်ရပ် ကျင်းပခဲ့ပါသည်။ ဥပဒေဝန်ထမ်းတစ်ဦးချင်းထပြီး မိတ်ဆက်ရပါသည်။ ကျွန်တော့်အလှည့်ရောက်၍ ကျွန်တော်က အမည်နှင့်ကိုယ်ပိုင်အမှတ်ပြောပြီး မိတ်ဆက်ပါသည်။ ထိုအခါ ရှေ့နေချုပ်ကြီးက "သြော်အမောင်၊ ဥပဒေမှတ်စုတွေ ရေးတတ်နေပြီပဲ၊ မှတ်စုအဆင့်ထက်မြင့်သွားပါပြီ၊ ဥပဒေဆောင်းပါးတွေတောင် သတင်းစာမှာရေးနေပြီပဲ ထိုင်ပါ" ဟု ပြောချလိုက်ပါသည်။ ကျွန်တော့်ရင်ထဲ------။

**စေတနာမေတ္တာများက ပျံ့နှံ့ဆဲ**

(၁) နိုင်ငံတော်ရှေ့နေချုပ်၊ ဥပဒေပါမောက္ခဆရာကြီး ဦးလှအောင်သည် အသက် (၉၀)ကျော်ပါပြီ။ အငြိမ်းစားဆရာကြီးဖြစ်နေပါပြီ။

(၂) ကျွန်တော်တို့ တပည့်များလည်း အသက် ၆၀၊ ၇၀ ကျော်အငြိမ်းစားများဖြစ်နေပါပြီ၊

(၃) အငြိမ်းစားများဖြစ်နေသော်ငြား မစိမ်းကားကြ။ မတိမ်းပါးကြသေးပါ၊ ဆရာကြီးနှင့်တကွ ဥပဒေပညာသင်ပေးခဲ့ကြသော ဆရာ ဆရာမအပေါင်း၏ စေတနာမေတ္တာများက ဒီရေအလား တိုးပွားဆဲ ရှင်သန်ဆဲ၊ သင်းပျံ့ဆဲဟု တွေးမိသော ကျွန်တော်၏ အတွေးမျှသာပါ။ ။



**ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၃/၂၀၁၇)ကို သင်တန်းသား ၁၅ ဦးဖြင့် ဖွင့်လှစ်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်က ရဲအုပ်ဝင်းတင့်နှင့် သင်တန်းသားများက ကန်/ရှေ့ ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်စဉ်**

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## လူထုဗဟိုပြုစီမံကိန်းအကောင်အထည်ဖော်ရန် ကျေးရွာအုပ်စုများသို့ ထောက်ပံ့ငွေပေးအပ်

**ကျောက်တန်း ဖေဖော်ဝါရီ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျောက်တန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ ကျေးရွာ ၂၃ အုပ်စုရှိ လူထုသို့ တိုက်ရိုက်ထောက်ပံ့ ငွေကျပ်သိန်းပေါင်း ၅၅၀၀ ကမ္ဘာ့ဘဏ်မှတစ်ဆင့် ကျောက်တန်းမြန်မာ့စီးပွားရေးဘဏ်ရှိ ကျေးရွာအုပ်စုဘဏ်စာရင်းအင်းသို့ ထည့်သွင်းပေးထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါတိုက်ရိုက်ထောက်ပံ့ငွေများကို စီမံကိန်းကျေးရွာများဖြစ်သော တမံကြီးကုန်း၊ ကြာကန်၊ စင်မကော်၊ အစဲ၊ ကြံပင်၊ သောင်ကြီး၊ ကဒ္ဒပန၊ ဇွဲဂနာ၊ ရွာသစ်ကြီး၊ နရွဲချောင်၊ ချောင်းဝ၊ စစ်တပင်၊ ဉယျာဉ်၊ ကရင်ချောင်၊ အောင်ချမ်းသာ၊ တူးမြောင်း၊ ရှမ်းချောင်း၊ ပန်းချောင်း၊ ဇွဲဘာကုန်းတန်း၊ ကျုံကန်၊ ကွန်ိး၊ ကျေးရွာအုပ်စုများသို့ ငွေကျပ်သိန်း ၂၂၀စီ၊ စစ်တန်းနှင့်ပုတ္တလုပ်ကျေးရွာအုပ်စုအတွက် ငွေကျပ်သိန်း ၄၄၀ ဖြင့် စုစုပေါင်း သိန်းပေါင်း ၅၅၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**စိုးဝင်း ( ကျောက်တန်း )**

**မီးဖိုမီးအသုံးပြုလျှင်**

၁။ လူစောင့်ထားပါ။

၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။

၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။

၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများထားပါ။

၅။ ဆီအိုးတည်ပြီး မမေ့ပါနှင့်။

## အခြေခံဂဟေဆက်ပညာသင်တန်းဖွင့်လှစ်သင်ကြား

**တပ်ကုန်း ဖေဖော်ဝါရီ ၂၃**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြ ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံဂဟေဆက် သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီလ တတိယပတ်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နေခြည်ဇာဝေက အခြေခံဂဟေဆက် ပညာသင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး သင်တန်းသားများ အတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်၍ သင်တန်းနည်းပြဆရာများက သင်တန်းသား ၄၁ ဦးအား ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၄ ရက်အထိ ၁၀ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-မေသုခ**



# အင်းတော်မြို့နယ် တံခွန်တိုင်ကျေးရွာမှ သစ်တစ်လုံးထွင်းလှေကြီး



တံခွန်တိုင်ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မဲဇာမြစ်(မဲဇာချောင်း) ကမ်းနံဘေးမှ ရွာတစ်ရွာဖြစ်၍ မန်လည်ကျေးရွာ၏ တောင်ဘက်နှစ်မိုင်အကွာတွင်တည်ရှိပြီးအင်းတော်မြို့နယ်၏ အုပ်စုကျေးရွာတစ်ရွာဖြစ်သည်။

**ကျွန်းသစ်လုံးကို ဆရာတော်အားလှူဒါန်းခဲ့**

တံခွန်တိုင်ကျေးရွာသည် ဘိုးတော်ဘုရားလက်ထက်မဲဇာမြစ်အထက်ပိုင်း အပိုင်စားရသော ကောင်းတုံစော်ဘွားက ဘိုးတော်ဘုရား၏သမီးတော် မြတောင်မြို့စား သီရိသုရတနာစန္ဒာဒေဝီမင်းသမီးအား လက်ဖွဲ့လိုက်သည့် မဲဇာခုနစ်ရွာထဲမှ တစ်ရွာအပါအဝင်ဖြစ်သည်။

မဲဇာခုနစ်ရွာမှာ တံခွန်တိုင်၊ နွယ်ချို၊ ကွမ်းချောင်း၊ ခွန်နန်း၊ အောင်သာကုန်း၊ တဲကြီးကုန်း၊ ကျောင်းကုန်းကျေးရွာများ ဖြစ်ကြောင်း သိရသည်။ မြန်မာဘုရင် သီပေါမင်းလက်ထက် ၁၈၇၈ ခုနှစ်မှ ၁၈၈၂ ခုနှစ်ထိ မဲဇာခုနစ်ရွာ ဂိုဏ်းအုပ်အဖြစ် ခန့်အပ်ခံထားရသော တံခွန်တိုင်ကျောင်းထိုင်ဆရာတော် ဦးအာသဘ (ဦးချိန်)လက်ထက်တွင် ဝန်းသိုမြို့နယ် မော်ခါးရွှေမှူးသည် မိုင်းသုံတောင်မှ ကျွန်းသစ်လုံးကိုခုတ်ချ၍ ဆင်ဖြင့် လည်းကောင်း၊ ကျွဲရှဉ်းများဖြင့်လည်းကောင်း၊ ဆွဲချကာ ဆရာတော်အားလှူဒါန်းခဲ့ပါသည်။

**လှေကြီးဖျက်ဆီးခံရ**

တံခွန်တိုင်ရွာသားတို့က မိုင်းသုံတောင်၌ပင် ထိုကျွန်းလုံးကြီးကို အရင်းတစ်ပိုင်း အဖျားတစ်ပိုင်း နှစ်ပိုင်းပိုင်း၍ လှေကြီးနှစ်စင်း အကြမ်းထွင်းကာ မဲဇာချောင်းမှတစ်ဆင့် တံခွန်တိုင်ရွာသို့ သယ်ဆောင်ခဲ့ကြောင်း သိရသည်။ တံခွန်တိုင်ရွာရောက်မှသာ အဆိုပါလှေကြီးအား အချောထွင်းထုခဲ့ကြောင်းလည်း မှတ်သားရသည်။

လှေကြီးနှစ်စင်း၏ အမည်များကို မင်းကျော်နှင့်စေတီဟု မှည့်ခေါ်ခဲ့ကြသည်။ ၁၈၈၃ ခုနှစ် သီပေါမင်းလက်ထက်တွင် မိုးကောင်းဒေသမှမိုးညှင်း ဗိုလ်ဝနှင့်ဟော်ဆိုင်းရွှေလည်တို့ ဦးဆောင်ကာ ဆူပူပုန်ကန်ကြပြီး ရောဝတီနှင့် မဲဇာမြစ်ကြောင်း တစ်လျှောက် စုန်ဆင်းကာ မြို့ရွာများကို မီးရှို့ရာ မန်လည်ရွာနှင့် တံခွန်တိုင်ရွာတို့သည်လည်း မီးရှို့ခြင်းခံခဲ့ရသည်။

မန်လည်မြို့ဝန်သည်လည်း ထီးချိုင့်မြို့သို့စုန်ဆင်းကာ မြတောင်မြို့ဝန်နှင့် ပူးပေါင်း၍ ခုခံကာကွယ်ခဲ့ကြရသည်။ မိုးညှင်းမင်းတရားကြီးဟု မိမိ ကိုယ်မိမိ ခံယူထားသော ဗိုလ်ဝသည် ထိုအရေးတွင် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်နှင့် စီးချင်းထိုးကာ ကျဆုံးသွားလေသည်။ ပုန်ကန်သူများက ဘုရင့်စစ်သုံးလှေဟု ထင်မှတ်ကာ မင်းကျော်လှေကြီးကို ဖျက်ဆီးပစ်ခဲ့ကြောင်း သိရသည်။

**ရှေးဟောင်းအမွေအနှစ်အဖြစ် သိမ်းဆည်း**

၁၈၈၄ ခုတွင် ဘုရင်တပ်များ ဆိုက်ရောက်လာပြီး သူပုန်များကို ချေမှုန်းခဲ့သည်။ ဖမ်းဆီးရမိသော သူပုန် များကို ရွှေနန်းတော် ရတနာပုံမှသိစေရန် ဦးခေါင်းများကို ဖြတ်၍လည်းကောင်း၊ မသေမရှင်ရှိသူများကိုလည်း ဖောင်ပေါ်တင်၍လည်းကောင်း မဲဇာမြစ်နှင့် ဧရာဝတီမြစ်အတွင်းသို့ မျှောချခဲ့ကြောင်း သိရသည်။

ယခု တံခွန်တိုင်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျန်ရှိနေသော စေတီအမည်ရှိ လှေကြီးမှာ အလျား၅၇ ပေ၊ အနံ ခြောက်ပေ ငါးလက်မရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် တံခွန်တိုင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ၎င်းရှေးဟောင်းလှေကြီးနှင့်အတူ လှေပေါ်တင် ပဲ့နင်းရုပ်နှင့် လှော်တက်ကြီးများကို ရှေးဟောင်းအမွေအနှစ်အဖြစ် ကျောင်းထိုင်ဆရာတော် ဦးဆောင်၍ ရပ်မိရပ်ဖများက စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ယင်းရှေးဟောင်းသစ်တစ်လုံးထွင်းလှေကြီးအား လာရောက် လေ့လာကြည့်ရှုလိုပါက မီးရထားဖြင့် ဆည်ရွာဘူတာမှ လည်းကောင်း ကားလမ်းဖြင့် အင်းတော်မြို့မှလည်းကောင်း လာရောက်နိုင်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မိုင်းယုမှ ဖရဲစပ်ကျောက်ဖရုံသီးများ တရုတ်ဈေးကွက်မှ အဝယ်လိုက်

**မိုင်းယု ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယုမြို့ တာကြန့်ကျေးရွာအုပ်စုမှ ထွက်ရှိသော ကျောက်ဖရုံသီးများကို တရုတ်ဈေးကွက်မှ အဝယ်လိုက်၍ ကျောက်ဖရုံသီး စိုက်ပျိုးသည့် တောင်သူများ များလာကြောင်း သိရသည်။

စိုက်ခင်းများကို ၂၀၁၆ ခုနှစ် စိုက်ပျိုးရာသီတွင် တောင်သူများ ၁၅ ဧကခန့်သာ စတင်စိုက်ပျိုးခဲ့ပြီး ၂၀၁၇ ခုနှစ် စိုက်ပျိုးရာသီတွင် ဧက ၅၀ အထိ တိုးမြှင့်၍ ပိုမိုစိုက်ပျိုးလာကြသည်။

ကျောက်ဖရုံမျိုးစေ့ကို တရုတ်နယ်စပ်ဘက်မှ ဝယ်ယူပြီး လိုအပ်သည့် နည်းပညာပိုင်းကို တရုတ်နယ်စပ်ဘက်မှ ကျွမ်းကျင် ပညာရှင်များ၏ စိုက်ပုံစိုက်နည်း ပြုစုပုံပြုစုနည်းစနစ်များဖြင့် စိုက်ပျိုးမှုကြောင့် တောင်သူများ အကျိုးအမြတ်ရှိကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

တာကြန့်ကျေးရွာအုပ်စုမှ ထွက်ရှိသော သန်စွမ်းသည့် ကျောက်ဖရုံသီးများသည် အရှည်လေးပေခန့်ထိရှိကာ တစ်ဧကကို အလုံး နှစ်သောင်းခန့် ထွက်ရှိကြောင်း လက်ရှိ တရုတ်ဈေးကွက်တွင် ကျောက်ဖရုံသီး အလေးချိန် တစ်ကီလိုလျှင် တရုတ်ငွေ လေးယွမ်ခန့်အထိ ဈေးနှုန်းရရှိကာ တစ်လုံးလျှင် အနည်းဆုံး ၁၅ ကီလိုနှင့် ၂၀ ကီလိုကြားရှိ၍ တစ်လုံးလျှင် တရုတ်ငွေ ယွမ် ၆၀ ခန့် (မြန်မာငွေဖြင့် ငွေကျပ် ၁၂၀၀၀ ခန့်) ဈေးရရှိသဖြင့် တောင်သူများအတွက် အဆင်ပြေနေကြောင်း သိရသည်။

မိုင်းယုမြို့ ဒေသမှထွက်ရှိသော သီးနှံများကို တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးတံတားမှ တင်ပို့နေရသော်လည်း ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သည့် နယ်စပ်လုံခြုံရေးများကြောင့် အဆိုပါ တံတားကို ပိတ်ထားသဖြင့် နမ့်လွေချောင်းအတွင်းမှ ကူးတို့လှေများဖြင့် ဆန်နှင့် စပါးမှလွဲ၍ ယခုနှစ်ဆောင်းရာသီသီးနှံများအဖြစ် ငရုတ်သီး၊ ကြက်သွန်၊ အာလူး၊ ပဲပုပ်၊ ပဲတောင့်ရှည်၊ ငှက်ပျောနှင့် ကျောက်ဖရုံသီးများ တင်ပို့ ရောင်းချနေရကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့နယ် ရဲတပ်ဖွဲ့ ရွှေညောင်ဖူးနယ်မြေ ရဲစခန်းမှူး ရဲအုပ်မောင်မောင်လွင်ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ တတိယပတ်က ရွှေညောင်ဖူးတိုက်နယ်ဆေးရုံဝင်းအတွင်း ချုံနွယ်သစ်ပင်များ ခုတ်ထွင်ရှင်းလင်းသန့်ရှင်းရေးပြုလုပ်စဉ် ကိုရဲ

# မြန်မာ GAP နည်းဖြင့် စိုက်ပျိုးသော သစ်သီးဝလံများ ဈေးကွက်ရရေး ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နေပြည်တော် ပျဉ်းမနားမြို့နယ် ခရေလမ်းနှင့် တပ်ပိုးလမ်းထောင့်ရှိ စိုက်ပျိုးရေးသိပ္ပံအနီး မြန်မာ GAP စိုက်ကွင်းအတွင်း၌ မြန်မာ GAP စနစ်ဖြင့် စိုက်ပျိုးထွက်ရှိလာသော ဟင်းသီးဟင်းရွက်သစ်သီးဝလံများကို စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းရေးနှင့် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့် သီးနှံဈေးကွက်ရရှိရေးအတွက် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က အဆိုပါကွင်းအတွင်း ပြုလုပ်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝ နည်းပညာဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့် စိုက်ကွင်းတာဝန်ခံပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဟိုတယ်လုပ်ငန်းရှင်များက လက်ရှိစားသုံးသူများ ကြိုက်နှစ်သက်သည့် သကြားမုန်လာဥ၊ ငရုတ်ချို၊ ကညွတ်၊ ဆလတ် (အနီ၊ အစိမ်း၊ အထုပ်) ဗိုလ်စားပဲ၊ တိုင်ထောင်ပဲရှည်၊ ဂျပန်သခွား၊ သင်္ဘောသီးစသည့် သီးနှံများအား ဝယ်ယူသုံးစွဲရန်လိုအပ်လျက်ရှိကြောင်း ပြန်လည်အကြံပြုဆွေးနွေးကာ မြန်မာ GAP နည်းဖြင့် အောင်မြင်ဖြစ်ထွန်းနေသော ဟင်းသီးဟင်းရွက်သီးနှံများအား စိုက်ကွင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။ **ကိုပေါက် (ဥက္ကာမြေ)**



# လူငယ်များကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေး

**တောင်ငူ ဖေဖော်ဝါရီ ၂၃**

လူကုန်ကူးမှုတားဆီးရေးနှင့် လူငယ်များ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို တောင်ငူမြို့ အိုးကုန်းကြီးကျေးရွာပညာ့အလင်းစာကြည့်တိုက်၌ ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဇီးဒိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှ Project Coordinator ဦးစိုးထက် က သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းက သင်တန်းဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ သင်တန်းသား သင်တန်းသူ လူငယ် ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**

## ဝန်းကျင် သာယာလှပစေဖို့ အမှိုက်များကို စနစ်တကျစွန့်ပစ်စို့

# လိဂ်ဖလားမှာချန်ပီယံဖြစ်မယ့်အသင်း




## မန်ယူ၏ လိဂ်ဖလားခြေစွမ်း

| | | | |
|---|---|---|---|
| နော့သမ်တန် | ၁ | ၃ | မန်ယူ |
| မန်ယူ | ၁ | ၀ | မန်စီးတီး |
| မန်ယူ | ၄ | ၁ | ဝက်စ်ဟမ်း |
| မန်ယူ | ၂ | ၀ | ဟားလ် |
| ဟားလ် | ၂ | ၁ | မန်ယူ |

## ဆောက်သမ်တန်၏ လိဂ်ဖလားခြေစွမ်း

| | | | |
|---|---|---|---|
| ဆောက်သမ်တန် | ၂ | ၀ | ပဲလေ့စ် |
| ဆောက်သမ်တန် | ၁ | ၀ | ဆန်းဒါးလန်း |
| အာဆင်နယ် | ၀ | ၂ | ဆောက်သမ်တန် |
| ဆောက်သမ်တန် | ၁ | ၀ | လီဗာပူး |
| လီဗာပူး | ၀ | ၁ | ဆောက်သမ်တန် |

၂၀၁၆- ၂၀၁၇ ဘောလုံးရာသီ အင်္ဂလန်လိဂ်ဖလားပြိုင်ပွဲရဲ့နောက်ဆုံးဗိုလ်လုပွဲကို လာမယ့်ဖေဖော်ဝါရီလ ၂၆ ရက်မှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ အင်္ဂလန်ရဲ့အသင်းကြီးတစ်သင်းဖြစ်တဲ့ မန်ယူနဲ့ဆောက်သမ်တန်တို့ ရင်ဆိုင်ကစားကြရမှာဖြစ်ပါတယ်။ အရင်က ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲလို့ခေါ်တွင်ခဲ့တဲ့ ဒီလိဂ်ဖလားပြိုင်ပွဲရဲ့နောက်ဆုံးဗိုလ်လုပွဲကို မန်ယူကကိုးကြိမ်တိတိတက်ရောက်နိုင်ခဲ့ကာ လိဂ်ဖလားသမိုင်း တစ်လျှောက် လီဗာပူးပြီးရင်ဗိုလ်လုပွဲကို ဒုတိယမြောက်အကြိမ်အများဆုံးတတ်ရောက်နိုင်ခဲ့တဲ့အသင်းအဖြစ် ရပ်တည်နေကာ အဆိုပါကိုးကြိမ်အနက် လေးကြိမ်မှာတော့အနိုင်ရဗိုလ်စွဲနိုင်ခဲ့တဲ့အထိ အောင်မြင်မှုရရှိခဲ့ပါတယ်။ မန်ယူအနေနဲ့ ဒီလိဂ်ဖလားပြိုင်ပွဲမှာ နောက်ဆုံးဗိုလ်စွဲနိုင်ခဲ့တာကတော့ ၂၀၁၀ ခုနှစ်ကဖြစ်ပြီး အဲဒီလိုဗိုလ်စွဲခဲ့ပြီးတဲ့နောက် အခုမှသာလိဂ်ဖလားပြိုင်ပွဲရဲ့နောက်ဆုံးဗိုလ်လုပွဲကိုတစ်ကျော့ပြန်တက်ရောက်လာနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဆောက်သမ်တန်ကတော့ ဒီလိဂ်ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်မှာ အရင်ကတစ်ကြိမ်မှဗိုလ်စွဲနိုင်ခြင်း မရှိခဲ့ပါဘူး။ ဆောက်သမ်တန်အနေနဲ့ ၁၉၇၉ ခုနှစ်မှာ ဗိုလ်လုပွဲကိုတက်ရောက်နိုင်ခဲ့ပေမယ့်လည်း နော်တင်ဟမ်ကို ရှုံးနိမ့်ခဲ့လို့ဒုတိယသာရရှိခဲ့ဖူးပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာမန်ယူကပဲ ၁၆နှစ်လောက်ဝေးကွာနေတဲ့ လိဂ်ဖလားကို တစ်ကျော့ပြန် ဆွတ်ခူးသွားနိုင်မလား၊ ဒါမှမဟုတ် ဆောက်သမ်တန်ကပဲ ပထမဆုံးအကြိမ်အဖြစ်လိဂ်ဖလားကိုရယူကာ လိဂ်ဖလားပြိုင်ပွဲရဲ့ ချန်ပီယံသစ်အဖြစ် ရပ်တည်သွားနိုင်မလားဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

အထူးသဖြင့်ဆောက်သမ်တန်ဟာ ဒီလိဂ်ဖလားပြိုင်ပွဲမှာခြေစွမ်းပြသလာတဲ့အသင်းဖြစ်ပါတယ်။ ဆောက်သမ်တန်ဟာ ဒီလိဂ်ဖလားပြိုင်ပွဲမှာ ပရီမီယာလိဂ်အသင်းတွေနဲ့သာ ရင်ဆိုင်ခဲ့ရတာဖြစ်ပေမယ့်လည်း ပဲလေ့စ်၊ ဆန်းဒါးလန်းတို့ကို အနိုင်ယူနိုင်ခဲ့တဲ့အပြင် အာဆင်နယ်၊ လီဗာပူးတို့လိုအသင်းကြီးတွေကို ပါကျော်ဖြတ်ပြီး ဒီအဆင့်ကိုရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း လက်ရှိအချိန်မှာတော့ ဆောက်သမ်တန်ရဲ့ခြေစွမ်းက တည်ငြိမ်မှုမရှိတော့သလို ခံစစ်ပိုင်းကလည်း အားနည်းမှုတွေရှိနေပါတယ်။ မန်ယူကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ မန်ယူမန်နေဂျာမော်ရင်ညိုကလည်း မန်ယူမန်နေဂျာဘဝပထမဆုံးရာသီမှာ ဆုဖလားလက်မဲ့မဖြစ်ဖို့ ဒီပြိုင်ပွဲကို အားစိုက်လာမှာ သေချာနေပါတယ်။

အထူးသဖြင့်မော်ရင်ညိုဟာ ချယ်လ်ဆီးကို နှစ်ကြိမ်တိုင်တိုင်ကိုင်တွယ်ခဲ့ရာမှာ နှစ်ကြိမ်စလုံး ပထမဆုံးရယူပေးနိုင်ခဲ့တဲ့ဆုဖလားကလည်း လိဂ်ဖလား ဖြစ်နေပါတယ်။ ပရီမီယာလိဂ်မှာ ဆုံခဲ့တုန်းကလည်း မန်ယူကသာနိုင်ပွဲရရှိခဲ့ပါတယ်။ ဆုဖလားတစ်လုံးဆွတ်ခူးထားနိုင်ဖို့အားစိုက်လာမယ့်အပြင် လက်ရှိအချိန်မှာမိုဇစ်၊ မာတာ၊ မီခီတာယန်၊ မာတီရယ်တို့အချိတ်အဆက်မိမှုကြောင့် တိုက်စစ်ပိုင်း ပိုမိုကောင်းမွန်နေတဲ့ မန်ယူသာနိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

## ၂၀၁၇ လိဂ်ဖလားဗိုလ်လုပွဲ

| | |
|---|---|
| နေ့စွဲ | ဖေဖော်ဝါရီ ၂၆ |
| ကွင်း | ဝင်ဘာလေ |
| ကွင်းလယ်ဒိုင် | အန်ဒရီမာရီနာ |
| ကစားမည့်အသင်းများ | မန်ယူ<br>ဆောက်သမ်တန် |

# လက်စတာရှုံးကြွေးပြန်ဆပ်နိုင်မှာလား

—— ဝေမိုးဆက် ——

ပရီမီယာလိဂ်ပွဲစဉ် (၂၆)ကိုလာမယ့် ဖေဖော်ဝါရီလ ၂၅ရက်၊ ၂၆ရက်၊ ၂၈ ရက်တွေမှာ ကျင်းပသွားဖို့ ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ မန်ယူနဲ့ဆောက်သမ်တန်တို့ဟာ လိဂ်ဖလားဗိုလ်လုပွဲကစားရမှာဖြစ်တာကြောင့် အဆိုပါအသင်းတွေရဲ့ပွဲတွေကို ရက်ရွှေ့ထားကာ ရှစ်ပွဲတည်းသာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း အဆိုပါရှစ်ပွဲတည်းမှာ လက်စတာက လီဗာပူးနဲ့ဆုံတွေ့နေရပါတယ်။ လက်စတာအနေနဲ့ ပထမအကျော့ကစားခဲ့တုန်းက လီဗာပူးကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါကြောင့်လည်း လက်စတာအနေနဲ့ အခုလိုတန်းမဆင်းရရေးအမှားမခံတဲ့အခြေအနေမှာ လီဗာပူးကို ရှုံးကြွေးပြန်ဆပ်ကာအသင်းအတွက် အဖိုးတန် အမှတ်ရယူသွားနိုင်မလားဆိုတာကို စောင့်ကြည့်ရဖို့ရှိနေကာ ချယ်လ်ဆီး၊ စပါးတို့လည်း နိုင်ပွဲပြန်ရမလား စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

### ချယ်လ်ဆီး VS ဆွမ်ဆီး

| | | | | |
|---|---|---|---|---|
| ပကျော့ | ဆွမ်ဆီး | ၂ | ၂ | ချယ်လ်ဆီး |

ဆွမ်ဆီးကတန်းမဆင်းရဖို့ အားစိုက်ကစားနေပါတယ်။ လက်ရှိအချိန်မှာလည်း ခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ် လေးပွဲမှာ သုံးပွဲအနိုင်ကစားနိုင်ခဲ့ပါတယ်။ တိုက်စစ်ကလည်း ဂိုးသွင်းခြေရရှိနေပါတယ်။ ဒါပေမယ့် ဆွမ်ဆီးခံစစ်ပိုင်းကတော့ တည်ငြိမ်မှုမရှိသေးပါဘူး။ ချယ်လ်ဆီးကလည်း ဘန်လေနဲ့သရေကျခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာ သေချာနေပါတယ်။ ချယ်လ်ဆီးအနေနဲ့ အိမ်ကွင်းလည်းဖြစ်တာကြောင့် အမှားခံမှာမဟုတ်တာသေချာနေပါတယ်။ ပထမအကျော့မှာသရေကျခဲ့ပေမယ့် ဒီပွဲမှာတော့ ချယ်လ်ဆီးပဲ အနိုင်ရမယ်။

### အဲဗာတန် VS ဆန်းဒါးလန်း

| | | | | |
|---|---|---|---|---|
| ပကျော့ | ဆန်းဒါးလန်း | ၀ | ၃ | အဲဗာတန် |

ဆန်းဒါးလန်းက တန်းမဆင်းရဖို့ အားစိုက်ကစားနေပေမယ့် ခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။ စပါးကိုသရေကစားနိုင်ခဲ့သလို ပဲလေ့စ်ကိုလည်း အနိုင်ရယူနိုင်ခဲ့ပေမယ့် ဆောက်သမ်တန်ကိုတော့ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါ့အပြင် ဆန်းဒါးလန်းဟာ အဝေးကွင်းပွဲတွေမှာ ကစားပုံကျဆင်းတတ်ပြီး ထိုးစစ်ပိုင်းမှာလည်း ဒီဖိုးကိုသာ အားပြုနေရပါတယ်။ အဲဗာတန်ကတော့ အခုနောက်ပိုင်းမှာ ကစားပုံကောင်းမွန်နေပါတယ်။ ဒါ့အပြင် အိမ်ကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းက ပိုမိုကောင်းမွန်တတ်တာကြောင့် ဒီပွဲစဉ်မှာလည်း အဲဗာတန်ကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

### ပဲလေ့စ် VS မစ်ဒယ်ဘရော့

| | | | | |
|---|---|---|---|---|
| ပကျော့ | မစ်ဒယ်ဘရော့ | ၁ | ၂ | ပဲလေ့စ် |

ပဲလေ့စ်ကတန်းမဆင်းရဖို့ အားစိုက်ကစားနေပေမယ့်လည်း ခြေစွမ်းပိုင်းက ကောင်းမွန်မှုမရှိတာကို တွေ့ရပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ် ငါးပွဲမှာ လေးပွဲတိတိ ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါပေမယ့်လည်း ပဲလေ့စ်ဟာတန်းမဆင်းရဖို့ အမှတ်လိုအပ်နေသလို နိုင်ပွဲတွေမရခဲ့တာကြောင့်လည်း အခုအိမ်ကွင်းပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ မစ်ဒယ်ဘရော့ကတော့ အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်သလို ခံစစ်ကစားပုံလည်း မဆိုးပေမယ့် တိုက်စစ်ပိုင်းနဲ့ အဝေးကွင်းခြေစွမ်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ပဲလေ့စ်တို့ အခွင့်အရေးရနိုင်ကာ သရေလောက်တော့ ကစားနိုင်မယ်။

### ဟားလ် VS ဘန်လေ

| | | | | |
|---|---|---|---|---|
| ပကျော့ | ဘန်လေ | ၁ | ၁ | ဟားလ် |

လက်ရှိအချိန်မှာ နှစ်သင်းစလုံးခြေစွမ်းက ကောင်းမွန်မှုရှိနေတယ်လို့ဆိုနိုင်ပါတယ်။ အထူးသဖြင့် တန်းမဆင်းရဖို့အားစိုက် ကစားနေတဲ့ ဟားလ်ဟာ အခုနောက်ပိုင်းအိမ်ကွင်းပွဲတွေမှာ ရှန်းအားပိုမိုကောင်းမွန်မှုရှိတတ်ပါတယ်။ ဘန်လေကတော့ လက်ရှိအချိန်မှာခြေစွမ်းပိုင်းအရ ကောင်းမွန်တယ်ဆိုပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဟားလ်သာတန်းမဆင်းရဖို့အတွက် အိမ်ကွင်းအားနဲ့ဖိအားပေးလာမယ်ဆိုရင် ဘန်လေကို ခြိမ်းခြောက်နိုင်မှာပါ။ ဟားလ်တိုက်စစ်ကလည်း အိမ်ကွင်းပွဲတွေမှာ ဂိုးသွင်းခြေပိုမိုရရှိတတ်တာကြောင့် ဒီပွဲစဉ်မှာ ဟားလ်ကသာ နိုင်ပွဲကပ်ရဖို့ရှိတယ်။

### ဝက်စ်ဘရွန်း VS ဘုန်းမောက်

| | | | | |
|---|---|---|---|---|
| ပကျော့ | ဘုန်းမောက် | ၁ | ၀ | ဝက်စ်ဘရွန်း |

ဘုန်းမောက်ခြေစွမ်းက အခုနောက်ပိုင်းမှာ ကျဆင်းနေပါတယ်။ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်တိုက်နိုင်ပွဲမရခဲ့ပါဘူး။ တိုက်စစ်ပိုင်းဂိုးသွင်းခြေမဆိုးပေမယ့် ခံစစ်ပိုင်းကတော့ အားနည်းမှုတွေများလွန်းနေပါတယ်။ ဘုန်းမောက်အနေနဲ့ လက်ရှိအချိန်မှာ တန်းဆင်းဇုန်နဲ့နီးကပ်နေလို့ အားစိုက်ကစားရမှာဖြစ်ပေမယ့်လည်း အိမ်ကွင်းခြေစွမ်းကောင်းတဲ့ ဝက်စ်ဘရွန်းကို ထိန်းနိုင်ဖို့ခက်မယ်။ ဝက်စ်ဘရွန်းပဲအနိုင်ရမယ်။

### စပါး VS စတုတ်

| | | | | |
|---|---|---|---|---|
| ပကျော့ | စတုတ် | ၀ | ၄ | စပါး |

စပါးက ယူရိုပါလိဂ်ပွဲကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့်လည်း စပါးဟာနောက်ဆုံးပွဲစဉ်မှာ လီဗာပူးကို ရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဒါ့အပြင် စပါးက အိမ်ကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်သလို ဂိုးသွင်းခြေလည်း တည်ငြိမ်မှုရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ စပါးအနေနဲ့ ခြေစွမ်းသာမန်သာရှိတဲ့ စတုတ်ကို အနိုင်ကစားနိုင်မှာပါ။

### ဝက်ဖို့ဒ် VS ဝက်စ်ဟမ်း

| | | | | |
|---|---|---|---|---|
| ပကျော့ | ဝက်စ်ဟမ်း | ၂ | ၄ | ဝက်ဖို့ဒ် |

ဝက်ဖို့ဒ်ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိနေတယ်လို့ ဆိုနိုင်တယ်။ ပရီမီယာလိဂ်နောက်ဆုံးပွဲမှာ မန်ယူကို ရှုံးနိမ့်ခဲ့ရပေမယ့်အဲဒီပွဲမတိုင်ခင် ကစားခဲ့တဲ့ လေးပွဲဆက်မရှုံးခဲ့ပါဘူး။ ဒါပေမယ့် လက်ရှိအချိန်မှာ ဝက်စ်ဟမ်းရဲ့ ခြေကလည်း မဆိုးတာကို တွေ့ရပါတယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေရရှိနေသလို အဝေးကွင်းပွဲတွေမှာ ရှန်းအားကောင်းမွန်တတ်တာကိုတွေ့ရပါတယ်။ ဒါကြောင့်လည်း ဝက်ဖို့ဒ်တို့အခက်တွေ့နိုင်ကာ ဝက်စ်ဟမ်းကပ်နိုင်ခြေရှိတယ်။

### လက်စတာ VS လီဗာပူး

| | | | | |
|---|---|---|---|---|
| ပကျော့ | လီဗာပူး | ၄ | ၁ | လက်စတာ |

စပါးကိုအကောင်းဆုံးခြေစွမ်းနဲ့ အနိုင်ရယူနိုင်ခဲ့တာကြောင့် စိတ်ဓာတ်ပိုင်းပြန်လည်ပြီး ကောင်းမွန်လာနိုင်ပါတယ်။ လီဗာပူးအနေနဲ့ အမှတ်ဆုံးရှုံးမှုတွေ များခဲ့တာကြောင့်လည်းနိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်လာမှာသေချာနေသလို ကြားပွဲလည်းကစားရဖို့မရှိတာကြောင့် ခြေကုန်ထုတ်လာနိုင်ပါတယ်။ လက်စတာအတွက်တော့ ပရီမီယာလိဂ်ကအမှားမခံတော့ပေမယ့် ချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာနိုင်ပါတယ်။ လီဗာပူးပဲအနိုင်ရမယ်။

## ပရီမီယာလိဂ်ပွဲစဉ်(၂၆)

**စနေနေ့ (၂၅-၂-၁၇)**

| | | | |
|---|---|---|---|
| ည ၉း၃၀ | ချယ်လ်ဆီး | - | ဆွမ်ဆီး |
| ည ၉း၃၀ | ပဲလေ့စ် | - | မစ်ဒယ်ဘရော့ |
| ည ၉း၃၀ | အဲဗာတန် | - | ဆန်းဒါးလန်း |
| ည ၉း၃၀ | ဟားလ် | - | ဘန်လေ |
| ည ၉း၃၀ | ဝက်စ်ဘရွန်း | - | ဘုန်းမောက် |
| နံနက် ၀၀း၀၀ | ဝက်ဖို့ဒ် | - | ဝက်စ်ဟမ်း |

**တနင်္ဂနွေနေ့ (၂၆-၂-၁၇)**

| | | | |
|---|---|---|---|
| ည ၈း၀၀ | စပါး | - | စတုတ် |

**တနင်္လာနေ့ (၂၇-၂-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၂း၃၀ | လက်စတာ | - | လီဗာပူး |



## လိဂ်ဖလားဗိုလ်လုပွဲ

**တနင်္ဂနွေနေ့ (၂၆-၂-၁၇)**

| | | | |
|---|---|---|---|
| ည ၁၁း၀၀ | မန်ယူ | - | ဆောက်သမ်တန် |

# ချန်ပီယံလိဂ်မှာသမိုင်းသစ်ရေးထိုးဖို့ရှိတဲ့ ရီးရဲမက်ဒရစ်



၁၉၅၅ ခုနှစ်နောက်ပိုင်း ချန်ပီယံလိဂ် ဆုဖလားရရှိတဲ့အသင်း ၂၂ သင်း ရှိခဲ့တယ်။ အဲ့ဒီအသင်းတွေထဲမှာ ရီးရဲ၊ ဘင်ဖီကာ၊ အင်တာမီလန်၊ အေဂျက်ဇ်၊ ဘိုင်ယန်မြူးနစ်၊ လီဗာပူးနဲ့ နော်တင်ဟမ် ဖောရက်စ်အသင်းတို့ ပါဝင်ခဲ့တယ်။ ဒါပေမယ့် နည်းစနစ်အသစ်တွေ စတင်အသုံးပြုခဲ့တဲ့ ၁၉၉၇ နောက်ပိုင်းမှာတော့ ဘယ်အသင်းမှ ချန်ပီယံဆုကို နှစ်နှစ်ဆက်တိုက်မရယူနိုင်ခဲ့တာကို တွေ့ရတယ်။ နှစ်စဉ်နှစ်တိုင်း ချန်ပီယံဖြစ်ခဲ့တဲ့အသင်းတွေဟာ ဆုဖလားကို အကောင်းဆုံး ကာကွယ်နိုင်မလားလို့ စောင့်ကြည့်နေခဲ့ကြတယ်။ ဒါပေမယ့်ယခုထက်တိုင် ဖြစ်မလာခဲ့ဘူး။ ဒါပေမယ့် ဒီနှစ်ရာသီတော့ အဲ့ဒီအစဉ်အလာကို ရီးရဲမက်ဒရစ်ချိုးဖြတ်ဖို့ အခြေအနေကောင်းတွေရှိနေတယ်။ ချိုးဖြတ်နိုင်လိမ့်မယ်လို့လည်း ယုံကြည်နေရတယ်။ အဲ့ဒီလိုယုံကြည့်ရတဲ့အချက်တွေကလည်း အခိုင်အမာရှိနေတယ်။

## အောင်မြင်မှုနဲ့ ယှဉ်ပါးခြင်း

အသင်းတိုင်းနီးပါးဟာ ရာသီတိုင်းမှာ ကစားသမားခေါ်ယူတယ်။ မလိုအပ်တဲ့ ကစားသမားတွေကို ရောင်းထုတ်တယ်။ ဒါပေမယ့် ရီးရဲမက်ဒရစ်ကတော့ ပြီးခဲ့တဲ့ နွေရာသီမှာ ကစားသမားတစ်ဦးပဲခေါ်ယူခဲ့တယ်။ အဲ့ဒါကလည်းအသင်းရဲ့ တိုက်စစ်ပိုင်းကို ကြိုကာတဲ့အနေနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး သူကတော့ မိုရာတာဖြစ်တယ်။ ဒါ့အပြင် ဇီဒန်းဟာ အသင်းရဲ့လူငယ်အကယ်ဒမီကစားသမားတွေအပေါ်မှာလည်း အပြည့်အဝယုံကြည်မှုရှိတာကြောင့် အသင်းကြီးမှာ ခေါ်ယူသုံးစွဲမှုလုပ်တယ်။

ဒါကြောင့် ရီးရဲမက်ဒရစ်အသင်းရဲ့ လက်ရှိအခြေအနေဟာ ပြီးခဲ့တဲ့ရာသီက အောင်မြင်မှုရရှိထားတဲ့အသင်းရဲ့ လူစာရင်းအတိုင်းရှိနေတယ်။ ဒါကြောင့်လည်း နည်းပြဇီဒန်းဟာ အသင်းကိုတောင့်တင်းအောင် ဆက်လက်ဖန်တီးထားနိုင်တယ်လို့ဆိုရမယ်။ အသင်းမှာကရော်နယ်ဒို၊ ဂါရတ်ဘေးလ်၊ ပီပီ၊ လုကာမိုဒရစ်၊ တိုနီခရူးစ်တို့လို ကစားသမားတွေကလည်း အတွေ့အကြုံပြည့်ဝပြီးသား။ အခုလိုအခြေအနေတွေကြောင့် ရီးရဲမက်ဒရစ်အနေနဲ့ ချန်ပီယံလိဂ်မှာထပ်မံဗိုလ်စွဲဖို့ ရေပန်းစားနေတာဖြစ်တယ်။

## ပြည်တွင်းမှာအားစိုက်ထုတ်ရမှုနည်းခြင်း

ပြည်တွင်းမှာအားစိုက်ထုတ်ရမှု နည်းတယ်ဆိုလို့ စပိန်လီဂါဟာ လွယ်ကူတဲ့လိဂ်လို့တော့ ဆိုလို့မရပါဘူး။ ဘာစီလိုနာ၊ အက်သလက်တီကို၊ ဆီဗီလာ၊ ဘီဘာအို၊ ဗီလာရီးရဲအပြင်အခြား ခြေစွမ်းကောင်းမွန်တဲ့အသင်းတွေကလည်း အများကြီးရှိတယ်။ ပြိုင်ပွဲတိုင်း ကလည်း ပြိုင်ဆိုင်မှုပြင်းထန်တယ်။ ပွဲတိုင်းလည်း အနိုင်ရဖို့ လိုအပ်တယ်။

ဒါပေမယ့်ပြောချင်တာက စပိန်ဘုရင့်ဖလား။ အဲ့ဒီပွဲကနေ ရီးရဲမက်ဒရစ် ထွက်ခဲ့ရပြီ။ ဒါကြောင့်သူ့အတွက် အဓိကယှဉ်ပြိုင်စရာဆိုလို့ စပိန်လီဂါနဲ့ ချန်ပီယံလိဂ်ပဲရှိတယ်။ ဒါ့အပြင် ချန်ပီယံလိဂ်ပထမအကျော့ပြိုင်ပွဲမှာလည်း ရီးရဲမက်ဒရစ်ဟာ နာပိုလီအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့တယ်။ နာပိုလီအသင်းကလည်း စီးရီးအေအပြင် ဂျူဗင်တပ်စ်အသင်းနဲ့ ကစားရမယ့် ကိုပါအီတလီယာပွဲက ရှိသေးတယ်။ ဒါတွေကြောင့် ချန်ပီယံလိဂ်မှာ ရီးရဲမက်ဒရစ်အားသာတယ်။ ရီးရဲမက်ဒရစ်အသင်းဟာ ပြည်တွင်းမှာအားစိုက်ထုတ်ရမှုနည်းခြင်းဟာ ချန်ပီယံလိဂ်ဆုဖလားကို ကာကွယ်နိုင်ဖို့တော့ အကောင်းဆုံးအခြေအနေလို့တော့ ပြောရမယ်။

ချန်ပီယံလိဂ်မှာကစားမယ့် ရီးရဲမက်ဒရစ်အသင်းရဲ့အစုအဖွဲ့ကိုကြည့်။ ကစားမယ့် ဘယ်နေရာမဆို ပါရမီရှင် ကစားသမားတွေနဲ့အပြည့်။ ဘယ်လိုအသင်းမျိုးကိုမဆို ယှဉ်နိုင်တဲ့အခြေအတွေကလည်း အသင့်ရှိနေတယ်။ နည်းပြဇီဒန်းအနေနဲ့ စိတ်ကြိုက် ၁၁ ယောက်ရွေးချယ်ပြီးရင်တောင် ကျန်ရှိနေတဲ့ကစားသမားတိုင်းကလည်း အရည်အချင်းအပြည့်ရှိတယ်။ ဒါကြောင့် အသင်းအနေနဲ့ ဘယ်လိုအခြေအနေမျိုးမှာမဆို နောက်လှည့်ကြည့်စရာမလိုအောင်စုဖွဲ့မှုကောင်းတယ်ဆိုတာကတော့ သံသယရှိစရာမလိုဘူး။ ဒါ့အပြင်အသင်းမှာ အရန်အဖြစ်ထားတဲ့ ကာဆီလာ၊ မိုရာတာ၊ ကွန်ထရာအိုနဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့ကတောင် အခြားအသင်းတွေကို အကောင်းကောင်းယှဉ်နိုင်တယ်။ ဒါတွေကြောင့် ရီးရဲမက်ဒရစ်ဟာ ဒဏ်ရာပြဿနာ၊ ပွဲပယ်ပြဿနာတွေကို ဂရုစိုက်စရာမလိုအောင်ရှိနေတဲ့အသင်းဖြစ်တယ်။

## ဇီဒန်းရဲ့အခန်းကဏ္ဍ

ရီးရဲမက်ဒရစ်အသင်းဟာ မန်နေဂျာအန်ဆယ်လော့တီနဲ့အတူ အောင်မြင်မှုတွေရခဲ့တယ်။ ၂၀၁၄မှာလည်း ချန်ပီယံလိဂ်ဆုဖလား ရရှိခဲ့တယ်။ ဒါ ပေမယ့် ၂၀၁၅ ခုနှစ်မှာတော့ ဖလားလက်မဲ့မှုနဲ့အတူ အန်ဆယ်လော့တီရဲ့ အခန်းကဏ္ဍတွေလည်းမှေးမှိန်လာခဲ့ပြီး ဘင်နီတက်ဇ်နဲ့ အစားထိုးခဲ့ရတယ်။ ဒါပေမယ့်အဲ့ဒီအစားထိုးမှုကလည်း ရီးရဲအတွက် အကောင်းဆုံးဖြစ်မလာခဲ့ဘဲ နောက်ဆုံးမှာတော့ ရီးရဲမက်ဒရစ်အသင်းဟာ ဇီဒန်းလက်ထဲကို ရောက်လာခဲ့ရတယ်။ ဇီဒန်းအနေနဲ့ အတွေ့အကြုံပိုင်းနုနယ်တာကြောင့် ဝေဖန်မှုတွေတော့ ကြုံခဲ့ရတယ်။ ဒါပေမယ့် ရီးရဲမက်ဒရစ်အသင်းဟာ နည်းပြဇီဒန်းရဲ့ လက်အောက်မှာ အကောင်းဆုံးပုံစံနဲ့ မြင်လာခဲ့ရတယ်။ အသင်းရဲ့စိတ်ဓာတ်ပိုင်းကလည်း အမြင့်ဆုံးဖြစ်ခဲ့တယ်။ အသင်းကလည်းသူ့ရဲ့နည်းဗျူဟာပိုင်းနဲ့ အံဝင်ခဲ့တယ်။ ဒါကြောင့်လည်း ၂၀၁၆ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ ဇီဒန်းတို့အသင်းအနိုင်ရခဲ့တာဖြစ်တယ်။ ဒီနှစ်ရာသီမှာဆိုရင်လည်း ရီးရဲမက်ဒရစ်အသင်းဟာ ရာသီအစောပိုင်းက ရှုံးပွဲမရှိနိုင်ပွဲတွေရခဲ့တယ်။ ဒါကြောင့် ဒီနှစ်ရာသီမှာလည်း ဇီဒန်းဟာ ရီးရဲမက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဆုဖလားကို ရရှိနိုင်ဖို့အခွင့်အလမ်းအလွန်များနေတယ်လို့ ဆိုရမယ်။

## သမိုင်းကြောင်းကောင်းမွန်မှု

ချန်ပီယံလိဂ်သမိုင်းကိုကြည့်မယ်ဆိုရင် ရီးရဲမက်ဒရစ်လောက် သမိုင်းကြောင်းကောင်းမွန်တဲ့အသင်းမရှိဘူး။ ချန်ပီယံလိဂ်မှာ အောင်မြင်မှုအရဆုံးကလည်း ရီးရဲမက်ဒရစ်အသင်းပဲဖြစ်တယ်။ ဆုဖလားက ၁၁ကြိမ်၊ သူ့ရဲ့နောက်မှာဆိုရင် ဘိုင်ယန်ကခုနစ်ကြိမ်၊ ဘာစီလိုနာနဲ့ လီဗာပူးကတော့ ငါးကြိမ်စီရထားတယ်။ ရီးရဲမက်ဒရစ်အနေနဲ့ ၁၉၅၆ ခုနှစ်ကနေစပြီး ချန်ပီယံလိဂ်ဆုဖလားကို ရရှိခဲ့တာဖြစ်တယ်။ အခြား ဆုဖလားတွေကို ကြည့်မယ်ဆိုရင်လည်း စပိန်ဘုရင်ဖလားဆိုရင် ၁၉ ကြိမ်၊ ဥရောပစူပါဖလား သုံးကြိမ်၊ ကမ္ဘာ့ကလပ်ချန်ပီယံများဖလား နှစ်ကြိမ်နဲ့ အခြားဆုဖလားတွေလည်း အများကြီးရထားတဲ့ အသင်းဖြစ်တယ်။ ဒါကြောင့်လည်း သမိုင်းကြောင်းကောင်းမွန်မှုနဲ့အတူ များပြားတဲ့ အောင်မြင်မှုအတွေ့အကြုံတွေ ရရှိထားတယ်။ အဲ့ဒီအတွေ့အကြုံတွေနဲ့ သမိုင်းကြောင်းကောင်းမွန်မှုတွေကပဲ ရီးရဲမက်ဒရစ်ကို ချန်ပီယံလိဂ်နောက် တစ်ကြိမ်ထပ်မံရယူဖို့ ရှိလာနိုင်ပြီး ချန်ပီယံလိဂ်မှာသမိုင်းသစ်ရေးထိုးမယ့် အသင်းအဖြစ် တွေ့မြင်ရနိုင်ပါတယ်။ ။

## နိုင်ငံရေးအမြင်ကြောင့် စပိန်အသင်းမှ နုတ်ထွက်သင့်ကြောင်း ပီကေး အား တိုက်စစ်မှူးဟောင်း အဖွန်ဆိုပီရက်ဇ် ပြောဆို



ဘာစီလိုနာအသင်း ဗဟိုခံစစ်မှူး ဂျရတ်ပီကေးအနေဖြင့် သူ၏ နိုင်ငံရေးအမြင်ကြောင့် နိုင်ငံတကာ ကစားသမားဘဝမှ အနားယူသင့်ကြောင်း စပိန်တိုက်စစ်မှူးဟောင်း အဖွန်ဆိုပီရက်ဇ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

ခံစစ်မှူး ပီကေးသည် စပိန်နိုင်ငံမှ ကာတာလိုနီးယားပြည်နယ် ခွဲထွက်ကာ လွတ်လပ်ရေးရရှိရေးနှင့် ကာတာလိုနီးယားပြည်နယ် လွတ်လပ်ရေးရရှိရန်အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကို ထောက်ခံသူတစ်ဦးဖြစ်သည်။ ၂၀၀၉ ခုနှစ်မှစ၍ စပိန်လက်ရွေးစင်အသင်းတွင် ပါဝင်ကစားခဲ့သူ ပီကေး(၃၀နှစ်)က ၂၀၁၈ ခုနှစ် ဖီဖာ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် နိုင်ငံတကာကစားသမားဘဝမှ အနားယူမည်ဟု အတည်ပြုပြောဆိုထားသည်။ ခံစစ်မှူး ပီကေးသည် သူ၏ဂျာစီလက်မှ စပိန်နိုင်ငံအလံကို ဖယ်ရှားခဲ့ခြင်းအတွက် ဝေဖန်မှုများနှင့် ကြုံတွေ့ခဲ့ရသူဖြစ်သည်။

"ကျွန်တော်က ကက်တလန်ကို ဆန့်ကျင်သူမဟုတ်ပါဘူး။ ကျွန်တော့် သားက ဘာစီလိုနာမှာ မွေးဖွားခဲ့သူပါ။ တကယ်လို့ ကျွန်တော်က ကက်တလန်ကို ဆန့်ကျင်သူဆိုရင် ကျွန်တော့်ရဲ့သားက မက်ဒရစ် ဒါမှမဟုတ် ဆီဗီလာမှာ မွေးဖွားသူ ဖြစ်လာမှာပါ။ ကက်တလန်ကို မဆန့်ကျင်ပေမယ့် ကက်တလန်ရဲ့လွတ်လပ်ရေး တောင်းဆိုမှုကိုတော့ ဆန့်ကျင်ပါတယ်။ ပီကေးကလည်း ဂွာဒီယိုလာလို အမြင်ရှိသူပါ။ ပီကေးဟာ ကာတာလိုနီးယား လွတ်လပ်ရေးကို ထောက်ခံသူမို့ သူ့အနေနဲ့ စပိန်လက်ရွေးစင်ကစားသမားဘဝကို စွန့်လွှတ်သင့်တယ်"ဟု တိုက်စစ်မှူးဟောင်း အဖွန်ဆိုပီရက်ဇ်က ပြောသွားသည်။

## လိဂ်ဖလား ဗိုလ်လုပွဲတွင် ဝိန်းရွန်နေး ပါဝင်နိုင်ရန် မသေချာ




မန်ယူအသင်းတိုက်စစ်မှူး ဝိန်းရွန်နေးသည် ဆောက်သမ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ၂၀၁၆-၁၇ ခုနှစ် လိဂ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပါဝင်နိုင်ရန် သေချာမှုမရှိကြောင်း မန်ယူအသင်း မန်နေဂျာ မော်ရင်ညိုက ထုတ်ဖော်ပြောဆိုလိုက်သည်။

အင်္ဂလန်တိုက်စစ်မှူး ရွန်နေးသည် ကြွက်သားဒဏ်ရာခံစားနေရပြီး မန်ယူအသင်း နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သော ငါးပွဲတွင် ပါဝင်နိုင်ခြင်းမရှိခဲ့ပေ။

လိဂ်ဖလား ဗိုလ်လုပွဲတွင် တိုက်စစ်မှူး ရွန်နေ ပါဝင်နိုင်မည်လားဟု မေးမြန်းမှုကို မန်နေဂျာ မော်ရင်ညိုက "ကျွန်တော် မသိသေးပါဘူး။ ရွန်နေးဟာ ဒဏ်ရာရရှိနေတယ်။ လက်ရှိအချိန်မှာ ရွန်နေးဟာ အသင်းနဲ့အတူ လေ့ကျင့်နိုင်ခြင်းမရှိသေးဘူး။ ရွန်နေးအနေနဲ့ လိဂ်ဖလားဗိုလ်လုပွဲမှာ ပါဝင်နိုင်ဖို့ အချိန်မီ သက်သာလာမယ်လို့ မထင် ဘူး"ဟု ဖြေဆိုသွားသည်။ မန်ယူအသင်းနှင့် ဆောက်သမ်တန်အသင်းတို့သည် လိဂ်ဖလား ဗိုလ်လုပွဲအဖြစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

မန်နေဂျာ မော်ရင်ညိုကမူ မန်ယူအသင်းခေါင်းဆောင်ဖြစ်သူ ရွန်နေးသည် မန်ယူအသင်းတွင် အနည်းဆုံး ယခုနှစ် ရာသီကုန်ချိန်အထိ ဆက်ရှိနေမည်ဟု ပြောဆိုထားသည်။ တိုက်စစ်မှူး ရွန်နေသည် မန်ယူနှင့် စာချုပ်သက်တမ်း ၁၈ လ ကျန်ရှိနေသူဖြစ်ပြီး မန်ယူတွင် တစ်ပတ်လုပ်ခငွေအဖြစ် ပေါင် ၃၀၀၀၀ ရရှိနေပြီး ပရီမီယာလိဂ်ကစားသမားများအနက် ဒုတိယမြောက် လုပ်ခငွေ အများဆုံးရရှိသည့် ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်သည်။

## နည်းပြ အန်နရီကေးအပေါ် ယုံကြည်မှု ကင်းမဲ့နေခြင်းမရှိဟု ဘာစီလိုနာကစားသမား အင်နီယေစတာ ပြောဆို



ဘာစီလိုနာအသင်း ခေါင်းဆောင် အင်နီယေစတာက မိမိ၏ ကစားဖော်များအနေဖြင့်ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည့် နည်းပြ အင်နီယေစတာ အပေါ် ယုံကြည်မှုပျောက်ဆုံးနေခြင်းမရှိကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ဘာစီလိုနာအသင်း အဓိက ကစားသမားအချို့သည် နည်းပြ အန်နရီကေးအပေါ် ယုံကြည်မှု ကင်းမဲ့နေသည်ဟု သတင်းများ ထွက်ပေါ်နေခြင်းကို စပိန်ကစားသမား အင်နီယေစတာက ငြင်းဆိုခဲ့ခြင်းဖြစ်သည်။ "ကျွန်တော်တို့အနေနဲ့ ကိုယ့်ကိုယ်ကိုအပေါ် ဒါမှမဟုတ် နည်းပြအပေါ် ယုံကြည်မှုဆုံးရှုံးနေတာမျိုးမရှိပါဘူး။ လာမယ့် စိန်ခေါ်မှုတွေအတွက် အနိုင် ရလိုမှု ပျောက်ဆုံးနေတယ်လို့ ယူဆမှုတွေကနေ ကျွန်တော်တို့ ပြန်လည်ရုန်းထွက်လာနိုင်မယ်လို့ ယုံကြည်ထားပါတယ်။ ကျွန်တော်တို့မှာ ဆုံးရှုံးနေတာ ဘာမှမရှိပါဘူး။ ကောင်းမွန်တဲ့အရာတွေ ပြန်လည်ရရှိလာလိမ့်မယ်လို့ ယုံကြည်ထားဖို့ လိုအပ်ပါတယ်။ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို နောက်လှည့်ကြည့်နေဖို့မလိုပါဘူး။ ရှေ့ကိုပဲ ကြည့်ပြီး အရာရာတိုင်းအတွက် တိုက်ခိုက်သွားမှာပါ။ ဘာစီလိုနာအသင်းနဲ့ပတ်သက်ပြီး ကျွန်တော် ဘာမှသံသယမရှိပါဘူး။ ချန်ပီယံလိဂ်ပွဲအပြီး ကစားရတဲ့ အမှတ်ပေးပွဲတွေဟာ ခက်ခဲတတ်တယ်ဆိုတာကို အတော်များများက သိရှိထားပါတယ်" ဟု အင်နီယေစတာက ပြောဆိုခဲ့သည်။

မတ်လ ၄ ရက်တွင် ပီအက်စ်ဂျီ အသင်းအား အိမ်ကွင်း၌ ပြန်လည် လက်ခံကစားရမည့် ဘာစီလိုနာအသင်းသည် စပိန်လီဂါပွဲစဉ် ၂၃ ကစားပြီးချိန် ၌ ရမှတ် ၅၁ မှတ်ဖြင့် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေသည့် အသင်းဖြစ်သည်။

ထက်အောင်

# နွေရာသီရေရှားပါးသောကျေးရွာများ၌ ရေပေးရေးလုပ်ငန်းများဆောင်ရွက်



**လောင်းလုံး ဖေဖော်ဝါရီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်အတွင်း နွေရာသီရေရှားပါးသော ကျေးရွာများ၌ရေပေးရေး လုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုမွမ်းမံရန်ပုံငွေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

နွေရာသီ၌ နှစ်စဉ်ရေရှားပါးသော ဝေဒီကျေးရွာ၊ ကဒက်ငယ်ဆိပ်ကျေးရွာ၊ ကုန်းဇရပ်ကျေးရွာနှင့် သကျက်တောကျေးရွာများတွင် ရေပေးရေးလုပ်ငန်းများဖြစ်သည့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း (၁၀၀× ၁၀၀× ၇) ပေအား ကျေးရွာတစ်ရွာလျှင် ရေကန်တစ်ကန်နှုန်းဖြင့် စုစုပေါင်းခွင့်ပြုငွေကျပ် ၃၂ ဒသမ ၀၀ သန်းဖြင့် တင်ဒါအောင်မြင်သည့် Nice NST ကုမ္ပဏီမှ တူးဖော်နေမှုအား ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းနိုင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရေပေးရေး ကော်မတီဝင်များ ကုမ္ပဏီ MD တို့က မြေသားရေကန် တူးဖော်ဆောင်ရွက်နေသည့် ဝေဒီကျေးရွာကို စစ်ဆေးကာစံချိန်စံညွှန်းပြည့်မီရေးမှာကြားသည်။

အဆိုပါ ကျေးရွာများသည် နွေရာသီတွင် ရေရှားပါးပြီး နှစ်စဉ်ရေလှူဒါန်းနေရသော ကျေးရွာများဖြစ်သည့်အပြင် မြေအောက် ရေအခက်အခဲရှိခြင်းနှင့် အခြားနည်းဖြင့် ရေအရင်းအမြစ်မရရှိနိုင်ခြင်းတို့ကြောင့် မိုးရေလှောင်ကန်နှင့် မြေသားကန်များ တူးဖော်ရခြင်းဖြစ်ပြီး ထိုမြေသားကန် လေးကန်တူးဖော်ပေးခြင်းဖြင့် ဒေသခံပြည်သူများ သန့်ရှင်းသော ကျေးလက်သောက်သုံးရေ ရရှိမည်ဖြစ်ပြီး မီးဘေးအန္တရာယ်ဖြစ်ပါက အထောက်အပံ့ကောင်းရနိုင်ကြောင်း သိရှိရသည်။

**စိုးထွန်း(ပြန်/ဆက်)**

## သုံးခွမြို့တွင် အခြေခံပညာစတုတ္ထတန်းနှင့် အဋ္ဌမတန်း စာမေးပွဲများဖြေဆို

**သုံးခွ ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံတစ်ဝန်းမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အခြေခံပညာစတုတ္ထတန်းနှင့်အဋ္ဌမတန်း စာမေးပွဲများကို တစ်ပြိုင်နက်တည်း ကျင်းပလျက်ရှိရာ ကျောင်းသား ကျောင်းသူများသည် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီမှစတင်၍ မြန်မာစာဘာသာရပ်ကို စတင်ဖြေဆိုကြောင်းသိရသည်။ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် စတုတ္ထတန်း စာစစ်ဌာန ၁၈ ခုတွင် ၂၈၅၄ ဦးဖြေဆိုလျက်ရှိပြီး အဋ္ဌမတန်းတွင် စာစစ်ဌာန ၁၅ ခု၊ ကျောင်းသား ကျောင်းသူ ၁၉၅၃ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

## ဆောင်းရာသီဘောလုံးပြိုင်ပွဲနှင့်အားကစားပြိုင်ပွဲဆုချီးမြှင့်

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၃**

သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ၂၀၁၆-၂၀၁၇ ခုနှစ် ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ဆောင်းရာသီဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က သမဝါယမ တက္ကသိုလ်(စစ်ကိုင်း) အားကစားကွင်း၌ ကျင်းပသည်။

ဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲတွင် စတုတ္ထနှစ် (A) အမျိုးသားအသင်းနှင့် ဝါဏိဇ္ဇအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စတုတ္ထနှစ် (A) အသင်းမှ သုံးဂိုးနှင့်ဝါဏိဇ္ဇအသင်းမှ တစ်ဂိုးဖြင့် စတုတ္ထနှစ် အသင်း(A) မှ အနိုင်ရရှိသွားသည်။

ဘောလုံးပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရရှိသွားသော စတုတ္ထနှစ် (A) အသင်းအားဆုတံဆိပ်နှင့်တံခွန်စိုက်ဖလားကို ပါမောက္ခချုပ်ဒေါက်တာဒေါ်ရီအေးမှ လည်းကောင်း၊ ဒုတိယဆုရရှိသွားသော ဝါဏိဇ္ဇအသင်းအား ဒုတိယပါမောက္ခချုပ်ဒေါက်တာ ဒေါ်မို့မို့ရီမှ လည်းကောင်း ဆုတံဆိပ်နှင့်ဆုဖလားပေးအပ်ကြကြောင်း သိရသည်။

ဆက်လက်၍ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ပြိုင်ပွဲများတွင် အနိုင်ရရှိသူများအား အားကစားပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌတွဲဖက်ပါမောက္ခ ဦးဇေယျာမင်းဆွေ၊ ပါမောက္ခဌာနမှူး ဒေါက်တာမောင်မောင်ခင်နှင့် ပါမောက္ခဌာနမှူးများ ပါမောက္ခများ တွဲဖက်ပါမောက္ခများမှ ဆုချီးမြှင့်ကြသည်။

သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ဆောင်းရာသီဘောလုံးပြိုင်ပွဲသို့ အမျိုးသားဘောလုံးအသင်းနှင့် အမျိုးသမီးဘောလုံးအသင်း(၁၁)သင်းပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# ငါးရှဉ့်ဈေးကွက် နေ့စဉ်ဈေးနှုန်းပြောင်းသော်လည်း ငါးဖမ်းရောင်းသူများ ဝင်ငွေကောင်းနေ

**ရေတာရှည် ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း၌ နွေစပါးစိုက်ပျိုးရန် ဆည်မြောင်းများမှ ရေများလွှတ်ပေးလျက်ရှိရာ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူများအနေဖြင့် ငါးရှဉ့်များပိုမိုဖမ်းဆီးရမိနေပြီး ဈေးကွက်အခြေအနေ မတည်ငြိမ်သော်လည်း ဝင်ငွေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ငါးရှဉ့်ဖမ်းကြသူများအနေဖြင့် အင်းအိုင်များတွင်သာမက လယ်ယာမြေ ကန်သင်းရိုးများတစ်လျှောက်တွင်လည်း လိုက်လံဖမ်းဆီးကြပြီး အချို့မှာ စွတ်ပုံးဖြင့်ထောင်ဖမ်းကြသော်လည်း တားမြစ်ထားသော ငါးဖမ်းနည်းဖြစ်သည့် ဘက်ထရီရှော့ခ်တိုက်ဖမ်းသည့်နည်းဖြင့် ဖမ်းဆီးသူက ပိုမိုများပြားသည်ကို တွေ့ရသည်။

ဈေးနှုန်းအနေဖြင့် လက်ရှိဈေးကွက်တွင် ငါးရှဉ့်တစ်ပိဿာလျှင် ကျပ်ရှစ်ထောင်ရှိကာ ယခင်ရက်ပိုင်းက ကျပ်တစ်သောင်းကျော် ဈေးရှိခဲ့ကြောင်း၊ ရက်ပိုင်းအတွင်း ဈေးကျသွားခဲ့ခြင်းဖြစ်သော်လည်း ညစဉ် တစ်ပိဿာနှင့်အထက် ရရှိပါက ကျပ်တစ်သောင်းဝန်းကျင်ခန့် ဝင်ငွေရရှိသဖြင့် ငါးရှဉ့်ရှာဖွေသူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။



"ဈေးက တစ်နေ့နဲ့တစ်နေ့ မတူဘူး။ ကျချင်လည်း ကျချင်၊ တက်ချင်လည်း မြန်တယ်။ မန္တလေးနဲ့ မူဆယ်ဈေးကွက်တွေရဲ့ ဝယ်လက်အပေါ် မူတည်ပါတယ်"ဟု သပြေတန်းကျေးရွာမှ ငါးရှဉ့်အဝယ်ဒိုင် လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် ရေတာရှည်မြို့နယ်အတွင်း ငါးရှဉ့်များကို ဖမ်းဆီးရမိမှု များပြားနေဆဲဖြစ်သော်လည်း ငါးရှဉ့်ကို စီးပွားဖြစ်ဖမ်းဆီးနေသူဦးရေမှာလည်း တစ်နေ့တစ်ခြား ပိုများလာသဖြင့် ငါးရှဉ့် အရွယ်ကြီးကြီးမားမား ဖမ်းဆီးရမိမှုမှာမူ နည်းပါးလာလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ဆေးရောင်ခြယ်၊ ပန်းချီပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**သဲကုန်း ဖေဖော်ဝါရီ ၂၃** သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော လူမှုအခြေပြုဗဟိုဌာန (Community Center) အဖြစ် ဆေးရောင်ခြယ်၊ ပန်းချီပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ညောင်တုန်း အ မ က မှ ကျောင်းသား၊ ကျောင်းသူလေးများ၏ ပါဝင်ယှဉ်ပြိုင်မှုကို တာဝန်ရှိသူများမှ ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ဆေးရောင်ခြယ်၊ ပန်းချီပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမနှင့် နှစ်သိမ့်ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြော

**ကန့်ဘလူ ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကြီးမှူး၍ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုလျော့ပါးအောင် ကြိုတင်ကာကွယ်ရေးဆိုင်ရာများ ဆွေးနွေးဟောပြောပွဲကို ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းရောထိုက်က အမှာစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိမိထွေးက သဘာဝဘေးအန္တရာယ်များဖြစ်သော မုန်တိုင်းဘေး၊ ရေဘေး၊ ငလျင်ဘေး၊ မီးဘေးများအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ဖြစ်ပွားချိန်နှင့် ဖြစ်ပွားပြီးပါက ဆောင်ရွက်ရန်အချက်များ၊ သဘာဝဘေးဒဏ် လျော့ပါးရေးအတွက် ရေရှည်အစီအမံများ ချမှတ်လုပ်ဆောင်သွားရန်၊ သဘာဝဘေးဒဏ်ကို ခံနိုင်စွမ်းရှိသော ရပ်ရွာအသိုက်အဝန်း ဖြစ်ပေါ်လာစေရေးအတွက် စီမံဆောင်ရွက်သွားကြရန်၊ သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများတွင် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေး စီမံဆောင်ရွက်သွားကြရန်၊ CCA နှင့် DRR လုပ်ငန်းများအကြောင်း၊ တာဝန်ရှိသူများအချင်းချင်းလည်း ပိုမိုချိတ်ဆက် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် ပြည်သူလူထုကိုယ်တိုင် ပါဝင်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်မှုများကို ကြိုတင်ပြုလုပ်ထားကြရန် စသည်တို့ကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို ဒေသခံပြည်သူများထံ ဖြန့်ဝေပေးခဲ့သည်။

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနအနေဖြင့် သဘာဝဘေးဒဏ်များကြောင့် အတိဒုက္ခကြုံတွေ့နေရသော ဒုက္ခသည်များအား လတ်တလော စားဝတ်နေရေး သက်သာချောင်ချိစေရန်အတွက် အထောက်အပံ့များပေးခြင်း၊ သဘာဝဘေးများကြောင့် လူ့အသက်၊ အိုးအိမ်၊ ပစ္စည်းများ ဆုံးရှုံးမှုလျော့နည်းအောင် ကြိုတင်စီမံခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မုံရွာတက္ကသိုလ် သမိုင်းဌာနတွင် ပြင်ပပညာရှင်များ၏ ဗဟုသုတဖြစ်ဖွယ်ဟောပြောမှု စတင်



**မုံရွာ ဖေဖော်ဝါရီ ၂၃**

မုံရွာတက္ကသိုလ် သမိုင်းဌာနမှ ကျောင်းသားကျောင်းသူများအနေဖြင့် သမိုင်းဘာသာရပ်ကို သင်ကြားရာတွင် ဘာသာရပ်အပေါ် ပိုမိုစိတ်ဝင်စားလာစေရန်နှင့် ပြင်ပ ဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ ယခုစာသင်နှစ်မှ စတင်ကာ မုံရွာတက္ကသိုလ် သမိုင်းဌာန၌ ဌာနတွင်းပညာရှင်များ၏ ဟောပြောမှုအပြင် ပြင်ပ ပညာရှင်များ၏ ဟောပြောပွဲများကိုပါ စတင်ပြုလုပ် ကျင်းပပေးလျက်ရှိကြောင်း မုံရွာတက္ကသိုလ် သမိုင်းဌာန ပါမောက္ခဌာနမှူး ဒေါက်တာကျော်ဆွေထံမှ သိရသည်။

"ဌာနတွင်း ပညာရှင်တွေအပြင် ပြင်ပက ပညာရှင်တွေရဲ့သမိုင်းဆိုင်ရာ ဟောပြောပွဲတွေကို အခုနှစ်မှာမှ စတင်ပြုလုပ်တာပါ။ အခုနှစ်မှာ ပြင်ပပညာရှင် နှစ်ဦးနဲ့ ဌာနတွင်းပညာရှင် နှစ်ဦးတို့ရဲ့ဟောပြောပွဲတွေကို ကျင်းပနေပါတယ်။ ဇွန်လမှာဖွင့်မယ့် ဒုတိယနှစ်ဝက် စာသင်နှစ်ကစပြီး အခုလို ဟောပြောပွဲတွေနဲ့အတူ ကျောင်းသားကျောင်းသူ ဆရာ ဆရာမတွေကို လှုတ်တော်လေ့လာရေးအစီအစဉ်နဲ့ သမိုင်းဝင် ပုဂံလေ့လာရေးခရီးစဉ်တွေ ထွက်ဖို့ စီစဉ်နေပါတယ်"ဟု ဒေါက်တာကျော်ဆွေက ပြောသည်။

ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက မုံရွာတက္ကသိုလ် သမိုင်းဌာနတွင် ဌာနတွင်းပညာရှင်များဖြစ်သော ဒေါက်တာကျော်ဆွေက ရွှေစည်းခုံဘုရားကျောက်စာ သမိုင်းအမြင်ကိုလည်းကောင်း၊ သမိုင်းပါမောက္ခ ဒေါက်တာမြမြရီက သမိုင်းနှင့်ဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ဟောပြောခဲ့ကြသည်။ ပြင်ပ ပညာရှင်များ၏ ပထမဆုံး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က စတင်ကျင်းပခဲ့ပြီး အငြိမ်းစား သမိုင်းပါမောက္ခ သမိုင်းအဖွဲ့ဝင် ဦးနီတွတ်က 'သမိုင်းဖြစ်ရပ်နှင့် သမိုင်းအတွေး' ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ရာ သမိုင်းဌာနမှ ကျောင်းသားကျောင်းသူ ၅၀၀ ကျော် စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြောင်း သိရသည်။

သမိုင်းဆရာကြီးဟောင်း ဦးဝင်းမောင်(သမိုင်းဝင်းမောင်)က "သမိုင်းဘာသာရပ်အပေါ် အရင်ခေတ်တွေက ကျောင်းသားကျောင်းသူတွေအနေနဲ့ စိတ်ပါဝင်စားမှုအင်မတန်နည်းခဲ့တာပါ။ သမိုင်းတက်တဲ့သူတွေဟာ လက်ချိုးရေလို့တောင် ရခဲ့တဲ့ အခြေအနေမှာ ရှိခဲ့ပါတယ်။ အခုအခါမှာတော့ သမိုင်းဘာသာရပ်အပေါ် စိတ်ဝင်စားလို့ ထင်ပါတယ်။ မုံရွာတက္ကသိုလ် သမိုင်းဌာနမှာတက်တဲ့ ကျောင်းသားကျောင်းသူ ၁၁၀၀ ကျော်ရှိတယ်ဆိုတာ သိရတော့ အားရစရာကောင်းလှပါတယ်"ဟု ပြောသည်။

မုံရွာတက္ကသိုလ် သမိုင်းဌာန၌ ပြင်ပ ပညာရှင်များ၏ ဒုတိယဟောပြောပွဲအဖြစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် မုံရွာမြို့နေ စာရေးဆရာ ကဗျာဆရာကြီး(ဦး)အံ့မောင်က 'မုံရွာထဲက သမိုင်းကုန်ကြမ်း' ခေါင်းစဉ်ဖြင့် ဟောပြောသွားမည်ဖြစ်ကြောင်းနှင့် ဟောပြောပွဲသို့ သမိုင်းဘာသာရပ် ကျောင်းသား ကျောင်းသူများသာမက အခြားဘာသာရပ်များမှ စိတ်ပါဝင်စားသော ကျောင်းသားကျောင်းသူများလည်း တက်ရောက်၍ ဗဟုသုတရယူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မိတ္ထီလာမြို့သမိုင်းဝင် နဂါးရုံမဟာဗောဓိစေတီတော် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်မည်



**မိတ္ထီလာ ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် မြန်မာသက္ကရာဇ် ၅၆၁ ခုနှစ်က နရပတိစည်သူမင်း တည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်းသမိုင်းဝင် နဂါးရုံမဟာဗောဓိစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ တင်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"သမိုင်းဝင် နဂါးရုံ မဟာဗောဓိစေတီတော်နဲ့ အရံစေတီတော်ငယ်များကို ဒုတိယအကြိမ် ရွှေသင်္ကန်း ကပ်လှူပူဇော်နိုင်ဖို့ ယာယီသိမ်းဆည်းထားတဲ့ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ အောင်လံတော်စတဲ့ ရွှေထီးတော် အခြံအရံပစ္စည်းတွေ ပြန်လည်တင်လှူပူဇော်မှာဖြစ်ပါတယ်။ နဂါးရုံ မဟာဗောဓိစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၆ နာရီအချိန်မှာ စတင်ကျင်းပမှာဖြစ်ပါတယ်"ဟု စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအောင်ရဲမြင့်က ပြောသည်။

မြန်မာသက္ကရာဇ် ၅၆၁ ခုနှစ်တွင် နရပတိစည်သူမင်းသည် မိတ္ထီလာကန်အားဆည်ဖို့ပြုပြင်ချိန်က ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များကို ဌာပနာ၍ အရှေ့အရပ်သို့ မျက်နှာမူလျက် တစ်ဝလိုဏ်ဂူတော်နှင့် နဂါးရုံ မဟာဗောဓိစေတီတော်ကို ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်ခဲ့သည်။ ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလတွင် နဂါးရုံစေတီတော်အား အရှေ့အာရှ ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဂျပန်ဘုန်းတော်ကြီး အိုးရက ကြီးမှူး၍ ဂျပန်နိုင်ငံသား အလှူရှင်များနှင့် မိတ္ထီလာဒေသခံများ စုပေါင်းကောင်းမှုဖြင့် ဆက်လက်ပြုပြင် တည်ထားခဲ့ကြောင်း ဘုရားသမိုင်းမှတ်တမ်းများအရ သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ရေရှားပါးသည့်ကျေးရွာတွင် စက်ရေတွင်း တူးဖော်ပေး

**ကနီ ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်းမှ ရေရှားပါးသည့် ကျေးရွာတစ်ရွာဖြစ်သော အင်တိုင်းတောရွာ၌ ဒေသခံပြည်သူများနှင့် ၎င်းတို့ မွေးမြူထားသော ကျွဲ၊ နွား တိရစ္ဆာန်များ လာမည့်နွေရာသီတွင် သောက်သုံးရေ အခက်အခဲမဖြစ်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ၁၅ ဒသမ ၁ သန်းဖြင့် လေးလက်မ စက်ရေတွင်းနက်တစ်တွင်းကို တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

စက်ရေတွင်းနက်ကို Tech United Power ကုမ္ပဏီက တာဝန်ယူတူးဖော်နေပြီး လုပ်ငန်းဆောင်ရွက်မှုများကို ကနီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဆိုင်နှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးကာ လိုအပ်ချက်များကို မှာကြားခဲ့သည်။ အင်တိုင်းတောရွာသည် မိုးနည်းပြီး ရေရှားပါးကာ နှစ်စဉ် နွေရာသီတွင် သောက်သုံးရေအခက်အခဲများ ကြုံတွေ့ရကြောင်း၊ ရေတွင်းများတူးဖော်ရာတွင်လည်း အနက် ပေ ၄၀၀ ကျော်၊ ၅၀၀ အထိ တူးရကြောင်း၊ ယခုရေတွင်းတူးဖော်မှုများ ပြီးစီးပါက ရေလုံလောက်စွာ ရရှိနိုင်မည်ဖြစ်၍ ဒေသခံများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**



**မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ရှိ မြို့နယ်စည်ပင်သာယာရေးဈေးအတွင်း အများပြည်သူ စားသုံးရန်မသင့်သည့် စားသောက်ကုန်များ ရောင်းချခြင်းမရှိစေရေးအတွက် မြို့နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၁ ရက်က လိုက်လံစစ်ဆေးစဉ်။** လှဝင်း(နတ်မောက်)

## ညောင်ဦးခရိုင်၌ မိုးသီးနှံစိုက်ပျိုးနိုင်မှု လျာထားဧကထက် လျော့ကျခဲ့

**ညောင်ဦး ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်တွင် ပြီးခဲ့သော မိုးရာသီက မိုးရွာသွန်းမှု နည်းပါးခဲ့ခြင်းကြောင့် ၂၀၁၆-၂၀၁၇ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီအတွင်း သီးနှံများကို လျာထားစိုက်ဧကထက် လျော့နည်း၍သာ စိုက်ပျိုးနိုင်ခဲ့ကြောင်း ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်မှာ အသားတင်စိုက်ပျိုးနိုင်တဲ့မြေ ၁၆၁၀၂၅ ဧကရှိပြီး လယ်မြေ ၂၅၆ ဧက၊ ယာမြေ ၁၅၃၅၂၃ ဧက၊ ကိုင်းကျွန်းမြေ ၇၀၄၁ ဧက၊ ဥယျာဉ်မြေ ၂၀၅ ဧက ရှိပါတယ်။ ညောင်ဦးမြို့နယ်ရှိ မြစ်ရေတင်လုပ်ငန်းအလိုက် ၂၀၁၆-၂၀၁၇ ခုနှစ်မှာ မိုးသီးနှံ ၆၆၇၀ ဧကကို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ညောင်ဦးခရိုင်အနေနဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ မိုးသီးနှံ ၆၁၄၄၃၂ ဧကကို လျာထားခဲ့သော်လည်း ၅၉၆၈၄၇ ဧကကိုသာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ဌာနနဲ့ မြစ်ရေတင်စီမံကိန်းမှ တာဝန်ရှိသူများပူးပေါင်းပြီး ရက်ခြားဆိုသလို ဒေသခံတောင်သူ ပညာပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဌေးနိုင်က ဆိုသည်။

ညောင်ဦးခရိုင်တွင် ဒေသခံတောင်သူအများစုသည် လယ်လုပ်သူနည်းပါးပြီး ယာလုပ်ကိုင်သူ များသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ခရိုင်အတွင်းရှိ ကျေးရွာများအတွက် မြစ်ရေတင်စီမံကိန်းလုပ်ငန်းနှင့် ရေတွင်း၊ ရေကန် တူးဖော်ခြင်းလုပ်ငန်းများကို ၁၉၉၅ ခုနှစ်ခန့်ကပင် စတင်ဆောင်ရွက်ခဲ့ကာ လက်ရှိအချိန်တွင် ငါ့သရောက်မြစ်ရေတင်၊ လက်ပန်ခြေပေါ်မြစ်ရေတင်၊ သူကောင်းတည်မြစ်ရေတင်၊ ကျောက်ကူးမြစ်ရေတင်နှင့် လောကနန္ဒာမြစ်ရေတင်တို့မှ စိုက်ပျိုးရေပေးဝေလျက်ရှိသည်။ ဒေသခံတောင်သူများမှာ မြစ်ရေတင်မှ ရေနှင့် မိုးရေကိုအားထား၍ မိုးစပါး၊ နှမ်းစပါးနှင့် အခြားသီးနှံများကို စိုက်ပျိုးကြရသည်။

"ညောင်ဦးမြို့နယ်မှာ မြစ်ရေတင်စနစ်ဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါး ၂၀၃၃ ဧက၊ အခြား မိုးသီးနှံ ၄၆၃၇ ဧကကို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒေသခံတောင်သူများအနေနဲ့မြစ်ရေတင်ဖြင့် စိုက်ပျိုးမယ်ဆိုရင် စပါးတစ်ဧက ၆၀၀၀ ကျပ်နဲ့ အခြားသီးနှံတစ်ဧက ၃၀၀၀ ကျပ်ကို ကျွန်တော်တို့ဌာနကိုပေးဆောင်ကြရမှာပါ"ဟု ညောင်ဦးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှူး (မြစ်ရေတင်) ဦးဝင်းခိုင်က ရှင်းပြသည်။

ဒေသခံတောင်သူတစ်ဦးက "ဒီဒေသက တောင်သူအများစုဟာ သောက်သုံးရေနဲ့ စိုက်ပျိုးရေအတွက်ပဲ စိတ်ပူနေရတာပါ။ သက်ဆိုင်ရာ ဌာနတွေကလည်း ရေအတွက် လုပ်ပေးတယ်ဆိုပေမယ့် ထင်သလောက်မဟုတ်ပါဘူး။ ဒီဒေသက တောင်သူများဟာ မြစ်ရေတင် ရှိနေတာကြောင့် စိုက်ပျိုးဖို့နဲ့ သောက်သုံးဖို့ အဆင်ပြေနေတာပါ။ တကယ်တမ်း သောက်သုံးဖို့ရေအတွက်ကို လုပ်ကိုင်ပေးရမှာဆိုရင် ကျေးလက်ရေပေးဝေရေး စသည့်ဌာနတွေက လုပ်ကိုင်ပေးရမှာ။ ဒါပေမယ့် လုပ်ကိုင်ပေးထားတာ နည်းပါးပါတယ်"ဟု ပြောသည်။

ညောင်ဦးဒေသသည် မိုးနည်းရပ်ဝန်းဒေသ ဖြစ်သောကြောင့် တောင်သူများအနေဖြင့် သီးနှံများ စိုက်ပျိုးသလောက် မဖြစ်ထွန်း၍ တစ်ပိုင်တစ်နိုင် မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ကြရကြောင်း၊ ပြီးခဲ့သည့် မိုးရာသီတွင် ညောင်ဦးခရိုင်အတွင်း မိုးနည်းခဲ့သောကြောင့် ဒေသခံ တောင်သူများအနေဖြင့် သီးနှံများ ဆုံးရှုံးပျက်စီးခဲ့ရသည်များလည်းရှိကြောင်း ၊ ရေလိုအပ်ချက်အတွက်လည်း မြစ်ရေတင်မှရေကို စိုက်ပျိုးရန်အတွက်သာမက သောက်သုံးရေအတွက်ပါ အားထား၍ အသုံးပြုနေရကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## တရားဝင်ဖွင့်ထားသော ဆိုင်ကြီးများ၌သာ မြေသြဇာများကို ဝယ်ယူအသုံးပြုသင့်

**ရေတာရှည် ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းမှ နွေစပါး စိုက်ပျိုးထားကြသည့် တောင်သူများအနေဖြင့် စိုက်ခင်းများသို့ မြေသြဇာများ ထည့်သွင်းချိန်ရောက်ပြီဖြစ်ရာ မြေသြဇာဝယ်ယူရာတွင် တရားဝင်ဖွင့်ထားသော ဆိုင်ကြီးများ၌သာ ဝယ်ယူသင့်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးက အကြံပြုပြောကြားသည်။

ရေတာရှည်မြို့နယ်တွင် ဆွာချောင်းဆည်ရေသောက် လယ်ယာမြေ ဧက ၂၆၀၀၀ ကျော်ရှိပြီး လက်ရှိအချိန်တွင် ဒေသအတော်များများ၌ နွေစပါးများ စိုက်ပျိုးပြီးဖြစ်၍ သွင်းအားစုဖြစ်သော မြေသြဇာများ စတင်ကြဲပက်ကြပြီဖြစ်ရာ တောင်သူများအနေဖြင့် ဓာတုဆေးဝါးနှင့် မြေဆီသြဇာဆိုင်ရာ သင်တန်းများသို့ တက်ရောက်ကာ ဓာတ်မြေသြဇာကိုလည်း အာမခံချက်ရှိသည့် ဆိုင်ကြီးများမှ ဝယ်ယူကြရန် လိုအပ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းမြင့်က ပြောကြားသည်။



"တောင်သူတွေ ဓာတုဆေးဝါးတွေနဲ့ ဓာတ်မြေသြဇာတွေဝယ်ရင် ဆိုင်ကြီးတွေမှာ ဝယ်ယူတာက အမှားအယွင်းနည်းတယ်။ အာမခံချက်လည်း ရှိတာပေါ့။ အချို့က ရွာခံ လက်ခွဲဆိုင်တွေကို တစ်ဆင့်ပြန်ရောင်းခိုင်းတဲ့အခါမှာ လိုအပ်ချက်နဲ့ ရရှိသွားတာ လွဲချော်မှုတွေ ရှိနိုင်တယ်"ဟု ဦးစီးမှူးက ဆက်ပြောသည်။

တောင်သူများအနေဖြင့်လည်း လက်ရှိအချိန်တွင် စပါးဈေး အရနည်းနေသည့်အတွက် ခိုင်မာသောဈေးကွက် ရရှိနိုင်ရန် မျှော်လင့်လျက်ရှိသလို သွင်းအားစုများဖြစ်သော ဓာတုဆေးဝါးမျိုးစုံနှင့် ဓာတ်မြေသြဇာဈေးနှုန်းများကိုလည်း ကျဆင်းစေလိုသော ဆန္ဒများရှိနေကြောင်း တောင်သူအများစုက ဆိုသည်။

"စပါးဈေးကောင်းမှ တောင်သူတွေ အသက်ရှူချောင်ကြမှာ။ အခုပဲ လယ်တွေကို မြေသြဇာတွေ ဝယ်ကျွေးရတာ ဘယ်တောင်သူမှာမှ လက်ထဲမှာ ငွေရှိကြတာ မဟုတ်ဘူး။ မြေသြဇာဖိုးကို နွေစပါးပေါ်ပေး၊ အတိုးတွေနဲ့ ဝယ်ကြရတာ။ ဒါကြောင့်လည်း တောင်သူတွေအားလုံး စပါးဈေးကောင်းပါစေလို့ပဲ ဆုတောင်းနေရတယ်"ဟု ဆွာမင်းလမ်းကွင်းအတွင်း နွေစပါးစိုက်ပျိုးထားသည့် တောင်သူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

## တန်ပိုယာဉ်များကြောင့် မန္တလေး-ဗန်းမော် လမ်းမကြီးပေါ်ရှိတံတားများ ပိုမိုပျက်စီးလာ

**ဗန်းမော် ဖေဖော်ဝါရီ ၂၃**

မန္တလေး-ဗန်းမော် လမ်းမကြီးပေါ်တွင် တန်ပိုတင်ဆောင်ပြီး မောင်းနှင်နေသော ယာဉ်များ ရှိနေသဖြင့် လမ်းမကြီးပေါ်ရှိ တံတားများမှာ ပျက်စီးယိုယွင်းမှုများ ပိုမိုဖြစ်ပွားလာလျက်ရှိကြောင်း ဒေသခံပြည်သူအချို့၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ လမ်းမကြီးပေါ်ရှိ တံတားအချို့တွင် ကွင်းလမ်း၊ ရှောင်လမ်းများကို တိုးချဲ့ဆောင်ရွက်ထားပြီး ဖြစ်သော်လည်း တန်ပိုတင်ဆောင်ပြီး မောင်းနှင်နေကြသည့်ကားများတွင် ကွင်းလမ်း၊ ရှောင်လမ်းများမှ မောင်းနှင်သွားလာသည့်ကားနည်းပါးကာ အများစုမှာ တံတားများပေါ်မှပင် မောင်းကြကြောင်း သိရသည်။

"ကျွန်တော်တို့က ဒီ မန္တလေး-ဗန်းမော် လမ်းကိုပဲ အဓိကထားပြီး သွားလာနေရတာဆိုတော့ တစ်ခါတစ်ရံ တံတားကျိုးတာနဲ့ကြုံရင် လမ်းခရီးမှာ ညအိပ်ရပ်နားပြီး စောင့်ခဲ့ရဖူးတယ်။ တချို့တံတားတွေက တံတားတည်ဆောက်ပြီး သုံး၊ လေး နှစ်လောက်သာ ကောင်းကောင်းမွန်မွန်နဲ့ သွားလာလို့ရတာ။ တံတားတွေက သစ်သားတံတားတွေဆိုတော့ နှစ်တွေကြာလာတာနဲ့အမျှ တဖြည်းဖြည်းနဲ့ ဆွေးပြီး ကျိုးပဲ့လာတာတွေ ရှိတယ်။ အထူးသဖြင့် ကွင်းလမ်းရှောင်လမ်း ရှိတဲ့နေရာမှာ အဲဒီကွင်းလမ်းရှောင်လမ်းက မောင်းတဲ့ ကားသမားတွေရှိသလို စည်းကမ်းနားမလည်တဲ့ကားသမားတွေလည်း ရှိတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

မန္တလေး-ဗန်းမော် လမ်းမကြီးသည် အထက်မြန်မာနိုင်ငံ၏ အဓိက အချက်အချာကျသော လမ်းဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများကြား ကူးလူးဆက်သွယ်ပေးထားသော လမ်းတစ်လမ်းလည်းဖြစ်ကာ ပြည်သူများ သွားလာရေးအတွက်လည်းကောင်း၊ ကုန်စည် သယ်ယူပို့ဆောင်ရေး အတွက်လည်းကောင်း အကျိုးပြုနေသော လမ်းမကြီးဖြစ်ကြောင်း သိရသည်။

**မောင်ငြိမ်းဝင့်**









Tea Art




# Tea Art Co.,Ltd ဆိုင်ဖွင့်ပွဲ အထိမ်းအမှတ် ကျေးဇူးတင်လွှာ

၁၈ ဖေဖော်ဝါရီ ၂၀၁၇ ရက်နေ့ Myanmar Plaza ပထမထပ်တွင် ကျင်းပပြုလုပ်ခဲ့သော Tea Art Co.,Ltd ၏ ဆိုင်ဖွင့်ပွဲ အထိမ်းအမှတ် အခမ်းအနား သို့ ကြွရောက် ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ မိတ်ဆွေသင်္ဂဟများ၊ တာမိုးညဲချမ်းသာ ကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဦးမြင့်လွင် နှင့် ဇနီး ဒေါ်ခင်နှင်းလွင် ၊ လေးစားအပ်ပါသော လူကြီးမင်း ဦးလှမောင်နှင့် ဇနီး ဒေါ်ကျောင်ချုံရှူ၊ စာရေးဆရာကြီး ဆရာဦးချစ်စံဝင်း နှင့် ဇနီး ဆရာမဒေါ်လမင်းအိမ်၊ ထပ်ဆင့်အကယ်ဒမီဒါရိုက်တာ ဦးစင်ရော်မောင်မောင်၊ ထပ်ဆင့် အကယ်ဒမီဒေါ်မေသန်းနု၊အခမ်းအနားဖြစ်မြောက်ရေးအတွက် စီစဉ်ပေးပါသော Golden Media Advertising မှ MD ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများ အားလုံး၊ ကြွရောက်သတင်း ယူပေးကြပါသော စာနယ်ဇင်း မီဒီယာများ ဖြစ်ကြသော Popular Journal၊ Eleven Media ၊ World Journal Chinese Newspaper ၊ မြန်မာ တာမိုးညဲ (ပူးလုံ) လက်ဖက်ခြောက်အားဝယ်ယူအားပေးခဲ့ကြသော Customer များနှင့်တကွ ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါသည်။

လက်ဖက်ခြောက်ကောင်းကြိုက်သူများအနေ ဖြင့်တရုတ်ပြည်ဖြစ် လက်ဖက်ခြောက်၊ နိုင်ငံခြားဖြစ်လက်ဖက်ခြောက်များအား တကူးတက မှာယူစရာမလိုဘဲနိုင်ငံတကာအဆင့်မှီ ထိုင်ဝမ်နည်းပညာဖြင့်မြန်မာပြည်တွင် ထုတ်လုပ်ထားသော (မြန်မာပြည်၏ FDA သာမက ဂျာမနီနိုင်ငံ၏ TUV ၊ ထိုင်ဝမ်၏ TTB အတည်ပြုချက် လက်မှတ်များ ရရှိထားပြီးဖြစ်သော) မြန်မာ တာမိုးညဲ( ပူးလုံ )လက်ဖက်ခြောက် နှင့် တခြားသောလက်ဖက်ခြောက် နှင့် ဆက်စပ်သော အသုံးအဆောင်ပစ္စည်းများအား Myanmar Plaza ပထမထပ် Tea Art Co.,Ltd ၏ အရောင်းပြ ခန်းတွင် ဝယ်ယူရရှိနိုင်ပြီ ဖြစ်ပါသည်။

အထူးကျေးဇူးတင်ရှိလျက်
အုပ်ချုပ်မှုဒါရိုက်တာနှင့် အဖွဲ့
Tea Art Co.,Ltd



FDAထောက်ခံချက်လက်မှတ်



ဂျာမနီနိုင်ငံ၏ TUV
အတည်ပြုချက်လက်မှတ်



ထိုင်ဝမ်နိုင်ငံ၏ TTB
အတည်ပြုချက်လက်မှတ်




ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွတ်ခိုင်မြို့နယ်၊
တာမိုးညဲဒေသရှိ ပူးလုံလက်ဖက်စိုက်ခင်းပုံ။



The Brand New SUZUKI
Ciaz
The Icon of Glory
Please come, touch & feel Ciaz
Sales Start at all 17 Suzuki Dealers nationwide, from Feb. 11th 2017
Retail Price
245 lakh including commercial tax
* Price excludes registration fee and income tax
17.8 km/L Fuel Saving
* The above fuel efficiency is based on "QCVN 86: 2015/BGTVT"
** The result will be changed based on customer usage.
Halogen Projector
High quality headlamps for clearer vision
Roomy Cabin Space
Elegant and comfortable
Rearview Mirror with Monitor & Rearview Camera
More visibility when parking
Rear Vents
Exclusive vents for rear seat
Dealership Network
Yangon
(1) L&S 01-393070
(2) Aung 01-655813
(3) Myo 01-400399
(4) Yenadi 01-201619
(5) CACT 09-454247772
(6) MC Ayeyar 01-578262
(7) Garmanit Zaya 09-799996699
(8) Yangon Suzuki 09-777735353
(9) MMC 09-444785775
Mandalay
(10) United Eleven 09-257199911
(11) AIG-MADP 09-73040366
(12) Century Auto 09-777777085
Nay Pyi Taw
(13) Ayeyar Hinthar 09-787148795
(14) Farmer Auto 09-5601364
Pathein
(15) CGDC 09-771212985
Sagaing
(16) CKA 09-975551944
Magway
(17) Farmer Auto 09-421035998
Always Close to Your Way of Life! SUZUKI MYANMAR MOTOR CALL CENTER 01-2399-777 MON - SAT 09:00-17:00
Suzuki (Myanmar) Motor Co.,Ltd.
Tel: (951) 591 304, 591 305, 591 351, 591 352, 590 529 Fax: (951) 591 302
www.facebook.com/Suzuki-Myanmar-Motor-Co-Ltd
SUZUKI
Way of Life!




LG Life's Good
TMW Enterprise Limited
LG Loves Myanmar Promotion
11TH - 28TH FEBRUARY | 2017
Like Us On
LG loves Myanmar
LED TV
32" LED TV 32LH500D
LG Umbrella
32"/43" Mosquito Away LED TV 32LH520D | 43LH520T
LG Big Umbrella
49" Full HD Smart LED TV (YouTube) 49LH570T
DP-132H (DVD Player)
49" Full HD Smart LED TV 49LH590T
BP-250 (Blu-ray Player)
55" Ultra HD Smart 3D LED TV 55UH850T
SPECIAL DISCOUNT
65" Ultra HD Smart 3D LED TV 65UH850T
BP-450 (Blu-ray Player)
WASHING MACHINE
Top Load/Semi (8kg) T2108NSPM7 WP-900R
Towel
Front Load Inverter (9kg) F1409NPRL
MS 2042 (Microwave Oven)
2 Doors (Door in Door) (425L) GC D 512 HLAL
15% DISCOUNT
2 Doors (507L) GN B 602 HLPL
10% DISCOUNT
1 Door (163L)/ 2 Doors (205L) GNY 201 SL GNB 202 SLCG
Safe Guard
REFRIGERATOR
LG Brand Shop
(Sule) : 01-379955, 379954 | (Kabaraye) : 01-545963, 556997 | (Pansodan) : 01-254561, 254559 | (Myanmar Plaza) : 09-974005044
(North Dagon) : 01-584242 | (Thingangyun) : 01-8550231 | (Hmaw Bi) : 09-450005155 , 09-254181855
(Mandalay) : 02-64029, 39547 | (Nay Pyi Taw) : 067-420791, 420966 | (Pathein) : 042-25739 | (Mawlamyine) : 057-25484, 24959
(Pyinmana) : 067-21489 | (Lashio) : 09-252337833 , 09-970448279 | (Nyaun Lay Pin) : 09-49451666, 09-260602960
LG BRAND SHOP များ၊ Wai Yan Electronics များတွင် ဝယ်ယူရရှိနိုင်ပါသည်။
" LG Loves Myanmar Theme Song သီချင်းဆိုပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့အတွက် LG Loves Myanmar ရဲ့ Facebook Page ကို Like & Follow လုပ်ထားဖို့တော့ လိုမယ်နော်"

Special Promotion
21.1.2017 နေ့မှ 12.4.2017 နေ့ထိ
"တရုတ်နှစ်သစ်ကူးနှင့် မြန်မာနှစ်သစ်ကူးသင်္ကြန်" ကို
ကြိုဆိုရင်း ဗလာ(လုံး၀) မပါတဲ့ကံစမ်းမဲအစီအစဉ်မှ
ဖိနပ်လက်ဆွဲ(၁၀) ကွင်း၊ ပလက်တီနမ်လက်ဝတ်ရတနာများ၊
GSM Hand Set နှင့်အခြားဆုမဲပေါင်းများစွာကသင့်ကို စောင့်ကြိုနေပါတယ်

# ဝါဝါဝင်း

စိန်ရွှေရတနာဆိုင်

ဈေးနှုန်းမှန်ကန်ပြီး၊ တကယ်လှပတဲ့၊ တကယ်လန်းတဲ့ လက်ရာတွေနဲ့
စိန်ထည်၊ ရွှေထည်၊ ပလက်တီနမ်မျိုးစုံကို လိုချင်ရင်လာခဲ့ဖို့ဖိတ်ခေါ်ပါတယ်။

လက်ကားဝယ်လိုသူတွေအတွက်လည်းအလျှော့တွက်၊ အရည်အသွေးလုံးဝစိတ်တိုင်းကျစေမယ့်

အမှတ်-၇၂၇၊ မဟာဗန္ဓုလလမ်း၊ (၁၇ လမ်းထောင့်)၊ သံဈေးရှေ့ လသာမြို့နယ်။ ဖုန်း - ၀၁-၂၂၆၅၈၄၊ ၀၁-၃၈၇၅၄၄၊ ၀၁-၃၈၆၄၁၃

## ကြီးမားသောအကျိုးအမြတ်ရရှိစေဖို့ . . . ရင်းနှီးမြှုပ်နှံလိုသူများအတွက် . . .

နေပြည်တော် (ပျဉ်းမနား-တောင်ညိုကားလမ်းမကြီးဘေး) မင်းကုန်းအုတ်စက်ရုံအနီး၊ (KLO) စက်သုံးဆီအရောင်းဆိုင်ရှေ့တွင် တည်ရှိသော နေရာအလွန်ကောင်း၊ နှစ်(၉၀) ဂရန်ကြီးကျပြီး၊ မြေဧရိယာအကျယ် (၅)ဧကခန့်အပြင် တစ်ဆက်တည်း ပါဝင်သည့် ကျွန်မြေ(၄)ဧကခန့်အပါအဝင် စုစုပေါင်း မြေဧရိယာ(၉)ဧကခန့်ရှိသည့် ခြံကွက်ကြီးအား ပိုင်ရှင်ကိုယ်တိုင် ထိုက်တန်သူအား ထိုက်တန်သည့်ဈေးနှုန်းဖြင့် ရောင်းမည်။ အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပြီး အကျိုးဆောင်ခ(၂)ရာခိုင်နှုန်းပေးမည်။ ဆက်သွယ်ရန်။ ။ 09-8300442, 09-961280390, 09-263046951, 09- 448548778, 09-458023610

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်နေလင်းအောင်၏ C.D.C-53744 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၂၇၉၆၄

**ဖခင်အမည်မှန်**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ အထက(ခွဲ)၊ ဂူတာကျောင်း နဝမတန်းမှ မတင်မိုးသန်း၊ ပထမတန်းမှ မောင်ဇွဲဝေယံလင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇေယျာ ဖြစ်ပါကြောင်း။
ဦးကျော်ဇေယျာ ၁၂/မရက(နိုင်)၁၁၇၆၂၈

**ဖခင်အမည်မှန်**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ အထက(ခွဲ)၊ ဂူတာကျောင်း သတ္တမတန်းမှ မောင်မျိုးမင်းပိုင်၏ ဖခင်အမည်မှန်မှာ ဦးမြတ်ဦး ဖြစ်ပါကြောင်း။
ဦးမြတ်ဦး ၁၁/တကန(နိုင်)၀၀၂၅၀၄

**ပျောက်ဆုံးကြောင်း**

စစ်တွေမြို့၊ မကျည်းမြိုင်ရပ်ကွက်၊ လေဆိပ်လမ်းဆုံရှိ နန္ဒာရာမကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တနန္ဒသိရီ (နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)၊ သာသနာစိစစ်ရေးကတ်အမှတ် ၁၁/စတန(သ)၀၀၀၁၄၂ ကိုင်ဆောင်သည့် သံဃာတော်၏ မြန်မာနိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။ ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၂၅၀၁၂၄၆၆၂

အလုပ်အကိုင် အခွင့်အရေးကောင်းပြီး ဩစတြေးလျမှ ပေးအပ်တဲ့

"IT, Business, Tourism ဘွဲ့တွေ ရယူလိုပါသလား"

CROWN EDUCATION
Award Winning Company

YANGON
Date : 2 Mar 2016
Time : 2:00 pm - 4:00 pm
Venue : NOVOTEL HOTEL (Eureka Room)

MANDALAY
Date : 4 Mar 2016
Time : 10:00 am - 12:00 noon
Venue : HOTEL MANDALAY, Zabai Phyu Room

- ကျောင်းသားတွေအနေနဲ့ ကိုယ့်ဝါသနာကိုယ် မသိရှိသေးဘဲ မေဂျာရွေးဖို့ ခက်ခဲနေသူတွေအတွက် သိရှိထားသင့်တဲ့ ပညာရေးလမ်းကြောင်းတွေ
- ပွင့်လင်းတိုးတက်လာတဲ့ ပြည်တွင်းစီးပွားရေး အပြောင်းအလဲနဲ့ ခေတ်စားလာမယ့် Business / IT မေဂျာတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းပိုင်း စီမံခန့်ခွဲမှု ဘာသာရပ်တွေကို လုပ်ငန်းခွင်မှာ ဘယ်လိုအသုံးချမလဲ
- မြန်မာနိုင်ငံမှာ အရင်ဆုံး ပြင်ဆင်ပြီး စင်ကာပူ ဒါမှမဟုတ် ဩစတြေးလျ (၂) နိုင်ငံမှာ တက်ရောက်လိုပါသလား
- မြန်မာနိုင်ငံမှာ (၁)နှစ် + စင်ကာပူမှာ (၁)နှစ် + ဩစတြေးလျမှာ (၁)နှစ်ခွဲနဲ့ သင်ယူနိုင်မယ့် ပညာရေး လမ်းကြောင်းတွေ စတဲ့ အကြောင်းအရာတွေကို ဆွေးနွေးပေးသွားမှာ ဖြစ်ပါတယ် ----------

သင်ယူနိုင်မည့်ဘာသာရပ်များ

.Business Management
.MIT
.Tourism & Hospitality
.Information Technology
.Accounting
.Business Intelligence & Information System
.Business & Environemntal Science
.MBA
.Psychology

JAMES COOK UNIVERSITY SINGAPORE




Register Now : 01 527 838, 09 450 200 040, 09 450 200 080, 09 732 732 77

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

စစ်တွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇A^(၁)၊ မြေကွက်အမှတ် ၁၇/ခ၊ မြေကွက်တည်နေရာအမှတ် ခရိုင်တာပုလဲ။ ပန်းလှိုင်ရပ်ကွက်၊ စစ်အေးချမ်းမြို့နယ်ပေါ်တွင် အရည်အသွေး နှစ်(၉၀) မြေငှားဂရန်မြေအား ဦးအောင်ဝင်း(၁၂/အလန(နိုင်)၀၄၂၂၀၁)မှ အပိုင်ပေးစာချုပ်အမှတ် ၅၉၁/ ၆၁ နှင့် ၁၀၆၄/၉၉ တို့ဖြင့် ပြောင်းလဲဝင်သည့် ... [illegible] ... ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

EDGE®
# ပညာရေးလမ်းညွှန်
EDUCATION DIRECTORY & GUIDE for EVERYONE




၂၀၁၇ အတွက်... ကြော်ငြာများထည့်သွင်းလိုပါက

www.edge.com.mm

YGN
Hot Line : 09 44800 1662
Email: ydg.adv@mmrdpub.com

MDY
Hot Line : 02 4000611
Email: mdg.adv@mmrdpub.com

MMRD

## လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့၊ မင်းသီရိ(၂)ရပ်ကွက်၊ ဘိုးရာဇာလမ်းနေ
ဦးနိုင်ဦး(သစ်တောဦးစီးဌာန၊ ကြံခင်း)-ဒေါ်ခင်မာကြည်တို့၏သားကြီး
မောင်ဟိန်းမင်းလတ်၏အစ်ကို

**မောင်သက်ကိုကိုဦး** M.A(International Relations)
လက်ထောက်ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)

နှင့်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၂)ရပ်ကွက်၊ သီတာအလယ်လမ်းနေ
ဦးမောင်စိုး(ခ)ဦးလှော်-ဒေါ်ဆန်းမြင့်"ဆုပန်ဦး ပင်လယ်စာဖြန့်ချိရေး"တို့၏သမီး

**မမူယာစိုး** (ဆုဝန် Mobile)
B.Sc(Industrial Chemistry)

တို့သည် ၇-၂-၂၀၁၇ရက် (အင်္ဂါနေ့)တွင် နှစ်ဖက်သောလူကြီးမိဘ ဆွေမျိုးများရှေ့မှောက်၌ လက်ထပ်ထိမ်းမြားပြီးစီးပြီး ဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သက်ကိုကိုဦး-မမူယာစိုး

---


**CaféPOS**® စားသောက်ဆိုင်သုံးကွန်ပျူတာစနစ်

Dine In | Reservation | Bill | Tax | Discount | Table | Ordering | Print | Reports | Fast Food

Galaxy Software
www.galaxy.com.mm
Website

▲ (6)months Free Service
▲ Over (100) Employees
▲ (5) Branch Offices
Services

Galaxy Software Co., Ltd.
Yangon • 09-420909100, 09-43029798
Mandalay • 09-440067577, 09-978030881
Naypyitaw • 09-257333214, 09-974432762
Pathein • 09-455042499, 09-455042500
Taunggyi • 09-444200771, 09-444200772


---


**ပုဂ္ဂလိကကျွန်းစိုက်ခင်း ရောင်းရန်ရှိသည်။**

၁။ သက်တမ်း – (၁၂) နှစ်သား၊
၂။ ဧက – ဧက (၆၀၀) ကျော်
၃။ နေရာ – မင်းလှမြို့အနီး၊
၄။ ဈေးနှုန်း – ညှိနှိုင်း၊
မှတ်ချက် – ကျွန်းစိုက်ခင်းမှ ထွက်ရှိသော ကျွန်းအားလုံးအား နိုင်ငံခြားသို့ "တရားဝင်" တင်ပို့ရောင်းချ ခွင့်ရှိပါသည်။ (ဖုန်း – ၀၉ ၃၂၀၉၈၈၈၈)


---


ဘဏ်၊ ဟိုတယ်၊ စတိုးဆိုင်နေရာ
**ရောင်း/ငှားမည်**
၁။ ၅၅'×၇၀'(မ/ဥ)(ဆေး-၂)အနီး
၂။ လိုင်စင်ရဟိုတယ်(ပုဂံ/ညောင်ဦး)
၃။ ၁၀'ဖြိုဟ်တုစလောင်း+စက်
စုံစမ်းရန် ဖုန်း-09 5010196


---


# YAW MIN GYI APARTMENT

No.62, Yaw Min Gyi Road, Dagon Township, Yangon



တစ်ပေပတ်လည် ၂၂၀,၀၀၀ နှုန်း

- ရန်ကုန်မြို့၏အချက်အခြာ အကျဆုံး Downtown ဧရိယာဖြစ်သည့် ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်းပေါ်တွင် တည်ရှိပါသည်။
- RC Structure, Post Tensioned slab, Shear Wall များဖြင့် ငလျင်ဒဏ်ခံနိုင်စေရန် တည်ဆောက်ထားပါသည်။
- Laminate Floor, Plaster board ceiling, Lighting Fixtures, Air-conditioning ၊ ရေပူရေအေးစက်များ ပြည့်စုံစွာ ပါဝင်၍ Security access control & CCTV system၊ Schindler ဓာတ်လှေကား (၂)စင်း၊ ကိုယ်ပိုင် Transformer နှင့် Generator ပါရှိပါသည်။
- (၁၇၅၀) စတုရန်းပေ မှ (၁၈၀၀) စတုရန်းပေအထိ ကျယ်ဝန်းသည့် အခန်းများဖြစ်ပြီး တစ်ခန်းလျှင် Car parking (၁) စီးစာ ပါရှိပါသည်။
- ကာလပေါက်ဈေးထက် သက်သာသောနှုန်းထားဖြစ်ပြီး ငွေအကျေချေပြီး ချက်ချင်း အသင့်တက်ရောက် နေထိုင်နိုင်ပါသည်။








DEVELOPER- GRAND STYLE CO.,LTD. အမှတ်(၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့်မြေနီကုန်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
TEL: 01-524963, 01-526928, 01-516533~6


---


# အခမဲ့ Facebook, Viber, BeeTalk နှင့် ဖုန်းခေါ်ဆိုခြင်း

ooredoo

*5050# ကို ခေါ်ဆိုပြီး ငွေဖြည့်ပါ။

| ငွေဖြည့်သွင်းမှု | နေ့စဉ် အခမဲ့ | သက်တမ်း |
|---|---|---|
| ၁,၀၀၀ ကျပ် – ၂,၉၉၉ ကျပ် | 500 MB Facebook<br>100 MB Viber / BeeTalk<br>အူရီဒူး အချင်းချင်း မိနစ် ၅၀ ဖုန်းခေါ်ဆိုမှု | ၃ ရက် |
| ၃,၀၀၀ ကျပ် – ၉,၉၉၉ ကျပ် | | ၅ ရက် |
| ၁၀,၀၀၀ ကျပ်နှင့် အထက် | | ၁၅ ရက် |



အခုပဲ *666# ကိုခေါ်ဆိုပြီး ဆင်းကတ်မှတ်ပုံတင်ကြပါစို့


LaVilla
NGWE SAUNG
WEEKEND HOME @ငွေဆောင်
SEA VIEW VILLA တန်ဖိုး 50%
450 သိန်း ခန့်ပေးပြီး
APRIL-2018
တွင်အပန်းဖြေနိုင်ပြီ
ဂရမ်အမည်ပေါက်ရမည်ဖြစ်ပြီး စရန်ငွေ 9 သိန်းယူလာပြီး စောစောလာမှ Plot ရဖို့သေချာမယ်နော်
25,26-FEB-2017 ဦးဝိစာရလမ်း၊ ရွှေတိဂုံစေတီ၊အနောက်မုဒ်ရှေ့ Myanmar Culture တွင်ရောင်းမည်။
ဦးဆုံး (30)ကို လက်ဆောင် မီးစက် & AIR-CON
iGREEN

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ရဟန်းဒါယိကာမကြီး**
## ဒေါ်အင်ကြည်
**(ဆန်းသစ်မုန့်တိုက်-ထားဝယ်မြို့)**
**အသက်(၉၄)နှစ်**

ထားဝယ်မြို့၊ လောကမာရဇိန်ဘုရားကြီး ဂေါပကအဖွဲ့ဝင် ဦးဇော်လင်း၏မိခင် ဒေါ်အင်ကြည် အသက်(၉၄)နှစ်သည် ၂၁-၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၉း၀၃နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘုရားကြီးဂေါပကအဖွဲ့**
**ထားဝယ်မြို့**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ရဟန်းဒါယိကာမကြီး**
## ဒေါ်အင်ကြည်
**(ဆန်းသစ်မုန့်တိုက်-ထားဝယ်မြို့)**
**အသက်(၉၄)နှစ်**

ထားဝယ်မြို့၊ မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်အဖွဲ့ခွဲ အမှတ်(၁၅)မှ ဒုတိယဥက္ကဋ္ဌ ဦးဇော်လင်း၏မိခင် ဒေါ်အင်ကြည် အသက်(၉၄)နှစ်သည် ၂၁-၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၉း၀၃ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်အဖွဲ့ခွဲ**
**အမှတ်(၁၅) ထားဝယ်မြို့**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်အေးဆိုင်
**အသက်(၈၃)နှစ်**

ဦးထွန်းအောင်ကျော် (ညွှန်ကြားရေးမှူး၊ မြို့ပြ/အိမ်ရာ၊ ရှမ်းပြည်နယ်)-ဒေါ်ငြိမ်းငြိမ်းမိုး(လက်ထောက်ညွှန်ကြားရေးမှူး၊ ECC)တို့၏ မွေးသမိခင် ကျေးဇူးရှင် ဒေါ်အေးဆိုင်သည် ၂၀-၂-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါကြောင်း ကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်၊ မြို့ပြ/အိမ်ရာ၊ဝန်ထမ်းများ**
**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသရုံးများဝန်ထမ်းများ**
**ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးများဝန်ထမ်းများ**
**မြို့နယ်ဦးစီးမှူးရုံးများဝန်ထမ်းများ**

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်အေးဆိုင်
**အသက်(၈၃)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြ/အိမ်ရာ ရှမ်းပြည်နယ်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်-ဒေါ်ငြိမ်းငြိမ်းမိုး(E.C.C)တို့၏ မိခင် ဒေါ်အေးဆိုင်သည် ၂၀-၂-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လမ်းဦးစီးဌာန**
**ရှမ်းပြည်နယ်(တောင်ပိုင်း)**
**ဝန်ထမ်းမိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်အေးဆိုင်
**အသက်(၈၃)နှစ်**

ဦးထွန်းအောင်ကျော်(ညွှန်ကြားရေးမှူး၊ မြို့ပြ/အိမ်ရာ၊ရှမ်းပြည်နယ်)-ဒေါ်ငြိမ်းငြိမ်းမိုး(လက်ထောက်ညွှန်ကြားရေးမှူး၊ ECC)တို့၏ မွေးသမိခင် ကျေးဇူးရှင် ဒေါ်အေးဆိုင်သည် ၂၀-၂-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါကြောင်း ကြားသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမင်းဦး-ဒေါ်လွင်လွင်မာနှင့် ဦးသိန်းစိုးမြင့်-ဒေါ်ဆွေဆွေ**
**မိသားစု**

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်မြရီ(စမ်းရတနာရွှေဆိုင်) ထားဝယ်မြို့**
**အသက်(၇၆)နှစ်**

(ဦးဝင်းနိုင်)-သီဟသုမ္မသီဂီ ဒေါ်စန်းစန်းနွဲ့(Win & San Diamond and Fine Jewellery)၊ ဦးဝင်းထွဋ်သန်း(သိုက်စိန်ရတနာဆိုင်)၊ ဦးကျော်မင်းမင်းလတ်(ခ)ကိုစု (အဓိပတိသိုက် ကုမ္ပဏီလီမိတက်၊ ထားဝယ်) တို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်မြရီ အသက်(၇၆)နှစ်သည် ၂၁-၂-၂၀၁၇ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဦးသန့်ဇော်(တရားလွှတ်တော်ရှေ့နေ)နှင့်တပည့်များ၊ ရန်ကုန်မြို့**

**ဝမ်းနည်းကြေကွဲခြင်း**

သူငယ်ချင်း ဒေါ်မြကြေးဥ(မြို့နယ်ဥပဒေအရာရှိ၊ ဘိုကလေးမြို့နယ် ဥပဒေရုံး)၏ ချစ်လှစွာသောခင်ပွန်း ဦးထွန်းဇော် အသက်(၃၃)နှစ်သည် ၁၉-၂-၂၀၁၇ရက်တွင် ရုတ်တရက် ကွယ်လွန်သွားသည့်အတွက် သူငယ်ချင်းနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ (၁/၂၀၀၅)

**အပတ်စဉ်ဥပဒေအရာရှိများ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးဝင်းမောင်
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**
**ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ စိတ္တသုခလမ်း၊ အမှတ် ၁၈နေ ဒေါ်နွဲ့နွဲ့သန်း(လက်ထောက်ညွှန်မှူး၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းမောင်သည် ၂၂-၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး(IT)၊ အငြိမ်းစားဝန်ထမ်းများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်အေးဆိုင်
**အသက်(၈၃)နှစ်**

ဦးထွန်းအောင်ကျော် (ညွှန်ကြားရေးမှူး၊ မြို့ပြ/အိမ်ရာ၊ ရှမ်းပြည်နယ်)-ဒေါ်ငြိမ်းငြိမ်းမိုး (လက်ထောက်ညွှန်ကြားရေးမှူး၊ ECC)တို့၏ မွေးသမိခင် ကျေးဇူးရှင် ဒေါ်အေးဆိုင်သည် ၂၀-၂-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါကြောင်း ကြားသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဝန်ထမ်းများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်အေးဆိုင်
**အသက်(၈၃)နှစ်**

ဦးထွန်းအောင်ကျော်(ညွှန်ကြားရေးမှူး၊ မြို့ပြ/အိမ်ရာ၊ ရှမ်းပြည်နယ်)-ဒေါ်ငြိမ်းငြိမ်းမိုး (လက်ထောက်ညွှန်ကြားရေးမှူး၊ ECC)တို့၏မွေးသမိခင် ကျေးဇူးရှင် ဒေါ်အေးဆိုင်သည် ၂၀-၂-၂၀၁၇ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ခင်သီရိဇော် (MD)**
**ခေတ်ကမ္ဘာကုမ္ပဏီ**

**ဗိုလ်ကြီးမြင့်ဆန်း(ငြိမ်း) OTS (85)**
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**အကောက်ခွန်ဦးစီးဌာန**
**အသက်(၅၅)နှစ်**

ဘားအံမြို့နေ(ဦးမောင်သန့်-ဒေါ်ရွှေ)တို့၏သား၊ (ဦးခွန်ကျော်စိန်)-ဒေါ်စောရှင်တို့၏သားသမက်၊ (ဦးစံတင်)-ဒေါ်စောလှ၊ (ဦးအောင်မြင့်)-ဒေါ်ဝင်းဟန်၊ (ဦးဘစန်း)-ဒေါ်ခင်ဖုန်း၊ (ဦးအောင်စန်း)၊ ဦးမြင့်အောင်-ဒေါ်ခင်အုန်းမြင့်၊ ဦးအောင်ဝင်း-ဒေါ်ခင်ခင်ထွေး၊ ဦးအေးစန်း-ဒေါ်ကြည်ကြည်လေးတို့၏မောင်/ညီ၊ ဦးကြည်စန်း-ဒေါ်ဖြူဖြူစိုးတို့၏အစ်ကို၊ ဒေါ်နန်းခင်အေးချို၏ချစ်လှစွာသောခင်ပွန်းသည် ၂၂-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်၍ ညနေ ၃နာရီတွင် မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၇၊ မြသစ္စာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်ကြီးမြင့်ဆန်း(ငြိမ်း) O.T.S (85)**
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)အကောက်ခွန်ဦးစီးဌာန**
**အသက်(၅၅)နှစ်**

ဒေါ်နန်းခင်အေးချို၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးမြင့်ဆန်း(ငြိမ်း) လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာနသည် ၂၂-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါ သည်။

**ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၈၅)မှ**
**သူငယ်ချင်းနှင့်မိသားစုများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါက်တာမင်းသိမ်း
**အသက်(၇၂)နှစ်**

အဏ္ဏဝါဌာန ဖွဲ့စည်းရေးအတွက် အားကျိုးမာန်တက်ဆောင်ရွက်ခဲ့သော နာယကအဖွဲ့ဝင် ဆရာကြီး ဒေါက်တာမင်းသိမ်းသည် ၂၂-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

အဏ္ဏဝါသိပ္ပံဘာသာရပ်အတွက် တန်ဖိုးကြီးမားသော ဆုံးရှုံးမှုတစ်ရပ်ဖြစ်ပါသည်။

**လှိုင်းပြာအဏ္ဏဝါဘွဲ့ရလူငယ်**
**ရေတွင်စိုက်ပျိုးမွေးမြူရေးအဆင့်မြင့်ကုန်ထုတ်သမဝါယမအသင်းသားများ**

**(၁၀)နှစ်ပြည့်အလွမ်း**
## မောင်ဖွဲ့ဦးမောင်
**အထက(၄)ပြည်မြို့**

သားကြီးမိသားစုကို ရုတ်တရက်ခွဲခွာသွားတာ ၂၄-၂-၂၀၁၇ရက်မှာ (၁၀)နှစ်ပြည့်ပြန်ပြီ။ သားကြီးအတွက် နေ့စဉ်ကောင်းမှု ကုသိုလ်တွေ လုပ်နေဆဲပါ။ ရောက်ရာဘုံဘဝက သာဓုခေါ်ဆိုနိုင်ပါစေ။

**ဖေဖေ ဦးစိန်မြ - မေမေ ဒေါ်ချယ်ရီရွှေ**
**ညီလေး ကောင်းဇေရဲရင့်**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးမြင့်ကြည်
**(B.Agr.Sc) ၁၉၉၄ အကြိုးတန်း**
**ခြံဦးစီးမှူး၊ သီပေါခြံ**
**အသက်(၄၈)နှစ်**

သူငယ်ချင်း ကိုမြင့်ကြည်သည် ၂၂-၂-၂၀၁၇ရက် ညနေတွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**(B.Agr.Sc) ၁၉၉၄ အကြိုးတန်း သူငယ်ချင်းများ**

**ရဟန်းဒါယိကာမကြီး**
## ဒေါ်စန်းရီ
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကွမ်းရွဲတန်းလမ်း၊ အမှတ် ၈၀ (လေးလွှာ-ဘီ)နေ (ဦးအောင်စီ-ဒေါ်သန်းခင်)တို့၏သမီး၊ (ဦးကျော် - ဒေါ်ဖွားစိန်)တို့၏ချွေးမ၊ ဦးတင်ရီ(အငြိမ်းစား၊ ရုံးအုပ်၊ လဝက၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်၊ ဒိုင်လူကြီး၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ မစီစီသင်း၊ မဝါဝါသင်း (AGM General Paints & Chemicals Industries Co.,Ltd.)တို့၏ ချစ်လှစွာသောမိခင်သည် ၂၂-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၇ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်နန်းတင်နု (နမ့်ခမ်း)
**အသက်(၇၄)နှစ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ခမ်းမြို့နေ (ဦးခွန်ညီ-ဒေါ်မို)တို့၏ သမီး၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၂၊ အခန်း ၄နေ ဦးအေးဖေ၏ဇနီး၊ ဦးနိုင်စိုးမြင့်-ဒေါ်နန်းခင်မမ၊ ဦးစိုင်းမင်းရဲနေထွဋ်ကျော်ခေါင် - ဒေါ်နန်းယမင်းရွှေ၊ ဦးမျိုးမင်းထွန်း-ဒေါ်နန်းဥမ္မာဦး၊ဦးဟိန်းလင်းထက်-ဒေါ်ချောစု၊ ဒေါ်နန်းအေးအေးမြင့်၊ ဒေါ်နန်းဇူလိုင်နှင်းမိုးတို့၏မိခင်သည် ၂၃-၂-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၇ရက် (စနေနေ့)မွန်းတည့် ၁၂နာရီတွင် နေအိမ်နှင့် အထွေထွေရောဂါအထူးကု ဆေးရုံသစ်ကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဒေါက်တာ မိုက်ကယ် LV ရော်ထန်း
**အသက်(၅၈)နှစ်**

ချင်းပြည်နယ်၊ ရေဇွာမြို့နယ်၊ လန်လီရွာနေ (ဦးဇွေလင်း)-(ဒေါ်ခါယဉ်)တို့၏ သားကြီး၊ (ဦးဇဖဲ)၊ (ဒေါ်မေဘီ)၊ ဒေါ်ကြည်ကြည်ဝင်း၊ဒေါ်ယဉ်မယ်၊ဦးအောင်နီ(USA)တို့၏အစ်ကို၊ ရီတာငွန်ပေါစိန် (M.Sc, Hons)၊ ဂရေဂေါ်နီရောင်နီဦး၊ ကိုလီဗာယဉ်ဇေ(B.Sc)၊ မောရစ်စံတင်ဦး၊လီလာရီနိုင်မင်းငွေးကျော်တို့၏ဖခင်၊ အပိုလိုနီယာကေငွန်ဘု (လယ်အုပ်)၏ ခင်ပွန်းသည် ၂၂-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးရင်(မ်)ရှာဟီး(ခ) ဦးရန်နိုင်
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ စုပေါင်းအိမ်ရာ၊ ၁-ထူပါရုံရပ်ကွက်၊ နှင်းဆီလမ်း၊ ပထမထပ်၊ တိုက် ၁၅နေ ဦးဘီရှာဟီး - ဒေါ်ဘီရှန(ခ)ဒေါ်ခင်ရွှေတို့၏ချစ်လှစွာသောသား၊ (ဦးကေဘီရှာဟီး)-ဒေါ်အေးအေးမူ၊ ဦးမောင်မောင်ဝင်း-ဒေါ်ရီနာရှာဟီး၊ ဦးတင်(မ်)ရှာဟီး(ခ)ဦးမောင်မောင်တင် - ဒေါ်ချိုချိုဝင်း၊ ဦးထွန်းထွန်းဝင်း - ဒေါ်ဘီနာရှာဟီး၊ ဦးဝင်းရှာဟီး(ခ)ကိုနိုင်-ဒေါ်ခင်ဇာလင်းတို့၏အစ်ကို/မောင်၊ တူ၊ တူမ ကိုးယောက်တို့၏ဘကြီးသည်၂၃-၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၂-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ကျိစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင်မှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ကျောင်း ဒါယကာကြီး**
## ဦးမောင်သာညွန့်
**ကမ်းထောင့်ကြီး/ပေါက်တူးတောင်**
**အသက်(၉၃)နှစ်**

ရခိုင်ပြည်နယ်၊ မြေပုံမြို့၊ ကမ်းထောင့်ကြီးတိုက်နယ်၊ အိုးတန်းရပ်ကွက်နေ (ဦးအောင်ဇေယျ-ဒေါ်ဖလောင်းမ)တို့၏သား၊ (ဒေါ်ဖြူယိုင်စိန်)၏ခင်ပွန်း၊ (ဦးမောင်စောလှ)-ဒေါ်မခင်နု၊ ဦးဝေသောင်း-ဒေါ်ညွန့်ခင်နု၊ ဒေါ်ခင်လှရီ၊ (ဒေါ်ခင်မြကြည်)၊ မောင်သိန်းရွှေ-ဒေါ်ခင်ပုရီ၊ ဦးမောင်မောင်ခင်-ဒေါ်မသန်းရင်တို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ် ၁၈ယောက်တို့၏ အဘိုးရှင်/အဖီးရှင်သည် ၂၃-၂-၂၀၁၇ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**မန္တလေးအသင်း(ရန်ကုန်)**
**နာယက**
## ဦးဝင်းမောင် (မန္တလေးအသင်း)
**လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)**
**(စား/ထွေ ကော်ပိုရေးရှင်း၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဌာန၊ စီးပွား/ကူးသန်းဝန်ကြီးဌာန)၊ 24/7 အားကစားဂျာနယ်**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ စိတ္တသုခလမ်း၊ အမှတ် ၁၈(ပထမထပ်)နေ မန္တလေးအသင်း(ရန်ကုန်) နာယက ဦးဝင်းမောင်သည် ၂၂-၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အမှုဆောင်များ၊ အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်ခင်အေးသက်
**(ဌာနခွဲမှူး၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)**
**အသက်(၈၀)**

ဆရာကြီးဦးဉာဏ်သင်း(ဒုတိယပါမောက္ခချုပ်၊ ငြိမ်း၊ ရန်ကုန်တက္ကသိုလ်)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်အေးသက်သည် ၁၈-၂-၂၀၁၇ရက်(စနေနေ့)နံနက် ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၈ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊**
**ဘူမိဗေဒကျောင်းသားဟောင်းများ**

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်မြရီ (ထားဝယ်)
**အသက်(၇၆)နှစ်**

ထားဝယ်ဖွံ့ဖြိုးတိုးတက်မှု အများပိုင်ကုမ္ပဏီလီမိတက် (DDPC) ဒါရိုက်တာအဖွဲ့ဝင် ဦးကျော်မင်းမင်းလတ်၏မိခင် ဒေါ်မြရီ အသက်(၇၆)နှစ်သည် ၂၁-၂-၂၀၁၇ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒါရိုက်တာအဖွဲ့**
**ထားဝယ်ဖွံ့ဖြိုးတိုးတက်မှုအများပိုင်ကုမ္ပဏီလီမိတက်(DDPC)**

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါက်တာတင်အောင်အေး
**မျက်စိအထူးကုဆရာဝန်ကြီး(ငြိမ်း)**
**အသက်(၇၅)နှစ်**

မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာတင်အောင်အေး (ငြိမ်း)သည် ၂၀-၂-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မျက်စိပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## ဦးအောင်ဆန်းမြင့် (မော်ဝန်းမောင်ယဉ်မွေး)
**ကျောက်တန်း**
**မြို့နယ်သဘင်အစည်းအရုံးဥက္ကဋ္ဌ**
**မြို့နယ်သတင်းစာဆရာအသင်း၊ စည်းရုံးရေးမှူး**
**မြို့နယ်စာရေးဆရာအသင်းအဖွဲ့ဝင်**
**ကျောက်တန်းမြို့နယ်အသင်းအမှုဆောင်**
**အသက်(၇၀)**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ပါဒကြီးစံပြကျေးရွာ၊ ဆေးဘို့ဝရပ်ကွက်၊ တံတားဖြူအနီး၊ ခြံအမှတ် ၅၀၈နေ(ဦးထွန်းကြိုင်-ဒေါ်သန်းကြည်)တို့၏သား၊ (ဦးပိန်-ဒေါ်တင်လှ)တို့၏သားသမက်၊ ကိုဟန်ဝင်းအောင်-မဝတ်ရည်တို့၏ဖခင်၊ မောင်ပြည့်စုံအောင်၏အဘိုးသည် ၂၂-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၁၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၇ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောက်တန်းနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်စု(ပုသိမ်) အသက်(၆၄)နှစ်
**အထက်တန်းပြဆရာမ(ငြိမ်း)၊ အထက(၄)မ/ဒဂုံ**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ (ဦးတင်အုန်း-ဒေါ်ခင်မေ)တို့၏ သမီး၊ (ဦးမောင်မောင်သင်း)-ဒေါ်ခင်စိမ်း၊ ဦးကျော်မိုး-(ဒေါ်ရီရီသန်း)၊ (ဦးတင်ငြိမ်းမောင်)-ဒေါ်နုနုဝင်းတို့၏ညီမ၊ ကိုအောင်မျိုးဦး၏အစ်မ၊ ဦးဘိုအေး(ဘစရ၊ ငြိမ်း၊သတ္တုတွင်းဝန်ကြီးဌာန)၏ချစ်လှစွာသောဇနီး၊ ဦးမျိုးဇော်သောင်း(NAING Group Construction Co., Ltd.)-ဒေါ်ယမင်းဖြူအိ(NAING Group Construction Co.,Ltd.)၊ မသန့်နှင်းဆွေ(KBZ Bank)တို့၏မိခင်သည် ၂၃-၂-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၈း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၅-၂-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# လေပြင်းဘေးကြိုတင် ပြင်ဆင်ရေးပန်ကြားချက်

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ်မတ်လ၊ ဧပြီလနှင့် မေလများ၌ မိုးတိမ်တောင်များဖြစ်ပေါ်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်တတ်ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်း၊ ပြိုကျပျက်စီးခြင်း၊ အမိုးလန်ခြင်းများကြောင့် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၅၉ မြို့နယ်မှ လူဦးရေ တစ်သိန်းခွဲခန့်ဘေးဒုက္ခကြုံတွေ့ခဲ့ကာ ၄၄ ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုမှတ်တမ်းများအရတွေ့ရှိရပါသည်။

၂။ ၂၀၁၇ ခုနှစ် မတ်လ၊ ဧပြီလနှင့် မေလများတွင် ဖြစ်ပွားနိုင်သည့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းသက်သာစေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရန် အကြံပြုတိုက်တွန်းအပ်ပါသည်။

၃။ ပြည်သူများအနေဖြင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်လာပါက အောက်ပါအချက်များကို အထူးသတိပြုလိုက်နာနေထိုင်ကြရန် အကြံပြုအပ်ပါသည်-
(က) လယ်ကွင်း၊ ကွင်းပြင်ထဲနေထိုင်ခြင်းမှအတတ်နိုင်ဆုံးရှောင်ရှားပါ။ တတ်နိုင်သမျှအိမ်ထဲတွင် နေထိုင်ပါ။ (ခ) မဖြစ်မနေအိမ်ပြင်သို့ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများဆောင်းပါ။ အဝတ်ထူများဝတ်ဆင်သွားပါ။ မိမိကိုယ်ကို အကာအကွယ်များပြုလုပ်သွားပါ။ (ဂ) မိုးရွာသွန်းနေစဉ်၊ မိုးခြိမ်းနေစဉ်၊ လျှပ်စီးလက်နေချိန်များတွင် တယ်လီဖုန်းများအသုံးပြုခြင်း ရှောင်ကြဉ်ပါ။ (ဃ) တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူနှင့် ကွန်ပျူတာစသည့်လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။ (င) သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။ (စ) ရုတ်တရက်တိမ်မည်းလာခြင်း၊ လေပြင်းလာခြင်း၊ မိုးသည်းထန်လာခြင်း၊ မိုးခြိမ်းပြီးအတော်ကြာမှလျှပ်ပြက်ခြင်း၊ အပူထုထဲတွင် လေအေးများကိုခံစားရခြင်း စသည့် မိုးသီးမုန်တိုင်း၏လက္ခဏာများအား ဂရုပြုပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**



တို့ရန်ကုန် တို့အိမ်ရာ "My Yangon My Home" Yangon Art and Heritage Festival 2017 ပွဲတော်ကို ဖေဖော်ဝါရီ ၂၅ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ ဆူးလေဘုရားလမ်း ခုံးကျော်တံတားပေါ်၌ ပုသိမ်ထီးများဖြင့် အလှဆင်ထားသည်ကိုတွေ့ရစဉ် ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း

# ကမ္ဘာတွင်ရှားပါးလာသော ဒီရေတောပင် တစ်မျိုးဖြစ်သည့် မြိုင်ကြီးပင်များ ဂွမြို့နယ်၌ အပင် ၂၀၀၀ ကျော် ကျန်ရှိနေ

**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)**

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ကမ္ဘာပေါ်တွင် ရှားပါးပြီဟုယူဆရသော မြိုင်ကြီးပင်အမည်ရှိ မျိုးသုဉ်းလုနီးပါး ဒီရေတောပင်တစ်မျိုးမှာ ရခိုင်ပြည်နယ် ဂွမြို့နယ်၌ အပင် ၂၀၀၀ ကျော် ကျန်ရှိနေသေးကြောင်း သိရသည်။

**ရှားပါးလာပြီဖြစ်**

"မြိုင်ကြီးပင်ဆိုတဲ့ ဒီရေတောပင်တစ်မျိုးကို ထူးထူးခြားခြား ဂွမြို့နယ်မှာ အခုအချိန်ထိ အများအပြားတွေ့ရှိရသေးတယ်။ မြိုင်ကြီးပင်က ကမ္ဘာမှာတောင် ရှားပါးလာပြီလို့ ယူဆရတယ်။ စင်ကာပူနိုင်ငံမှာတောင် ခုနစ်ပင်ပဲ ရှိတော့တယ်လို့ ကြားသိရပါတယ်။ မြိုင်ကြီးဒီရေတောပင်က ရှားပါးလာပြီဖြစ်လို့ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဒီရေတောပင်လို့ ပြောလို့ရပါတယ်။ ဒါပေမယ့် ဂွမြို့နယ်အတွင်းမှာတော့ အပင် ၂၀၀၀ ကျော် ကျန်ရှိနေပါသေးတယ်" ဟု ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးညွန့်ဝေက ပြောသည်။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ဂွမြို့နယ်၌ အဆိုပါဒီရေတောပင် ထိန်းသိမ်းမှု ဧက ၁၂၀၀၀ ခန့်ရှိရာ ၈၀၀၀ ခန့်မှာ ထိန်းသိမ်းထားပြီးဖြစ်ကြောင်း၊ ယင်းဒီရေတောပင်များကို ဒေသခံများအနေဖြင့် ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း၊ မြိုင်ကြီးပင်မှာ လတ်တလော စစ်တွေတွင် ခုနစ်ပင်ခန့် စိုက်ထားကြောင်း၊ ယင်းအပင်များ၏သဘောသဘာဝသည် ကာဗွန်စုပ်ယူမှု အားကောင်းသည့်အတွက် လေထုသန့်စင်သည့်နေရာတွင် ကောင်းမွန်သော အပင်ဖြစ်သည့်အပြင် ကာဗွန်စုမှုများသည့်အတွက်ကြောင့် တခြားအပင်များထက်လောင်ကျွမ်းမှု ပိုကောင်းကာ ထင်း၊ မီးသွေးစသည်တို့သုံးလျှင် ကောင်းကြောင်း၊ ထို့ကြောင့် မြိုင်ကြီးပင်ကို ထိန်းသိမ်းကာကွယ်ရန် ဒေသခံအစုအဖွဲ့များနှင့် အာဆီယံအစုအဖွဲ့များပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဦးညွန့်ဝေက ဆက်လက်ပြောသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ◆

## နိုင်ငံခြားသားများပါဝင်သော မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းအား ငွေကျပ်သန်းပေါင်း လေးသောင်းကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

စာမျက်နှာ-၉

## ရဲတပ်ဖွဲ့နှင့် ပြည်သူပူးပေါင်းဆောင်ရွက်မှုဖြင့် တရားခံပြေး နဂါးလေးကို ဖမ်းမိ

စာမျက်နှာ-၁၁

